# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၁၀ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၄၈)

## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏အားသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်ပြီး ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိ

နေပြည်တော် ဇွန် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ


*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ယနေ့ ဖတ်စရာ


ပျူသုတေသန တွေ့ရှိချက်များနှင့် ပါမောက္ခ ဂျဲနစ်စတားဂါတ် ဆောင်းပါး စာ - ၈



ထင်းရှူးမြို့တော်အဖြစ် ရေရှည်တည်တံ့ဖို့ ထင်းရှူးတောများ ထိန်းသိမ်းစို့ ဆောင်းပါး စာ - ၁၀



ပြင်သစ်နိုင်ငံ ပါရီမြို့၌ လုပ်ခလစာတိုးမြှင့်ရေး သပိတ်မှောက်မှုကြောင့် လေကြောင်းခရီးစဉ် လေးပုံတစ်ပုံခန့် ရပ်ဆိုင်း နိုင်ငံတကာသတင်း စာ - ၁၄

မြန်မာ့အလင်း

## ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများဖြင့် နိုင်ငံငြိမ်းချမ်းရေးရအောင် ဆက်လက်ကြိုးပမ်း

ပဋိပက္ခများအားလုံးမှာ သဘောထားကွဲလွဲမှုများမှ စတင်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သဘောထားကွဲလွဲမှုများကို စေ့စပ်ညှိနှိုင်းမှု မပြုလုပ်နိုင်သည့်အခြေအနေသို့ ရောက်ရှိသွားချိန်တွင် ပဋိပက္ခများ စတင်ဖြစ်ပေါ်လာပြီး အချိန်ကာလကြာမြင့်လာသည့်တိုင် ရလဒ်မထွက်၊ အဖြေမပေါ်သည့်အခါ စေ့စပ်ညှိနှိုင်းသည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခြင်းဖြစ်ရာ ဉာဏ်အမြော်အမြင်နှင့် နှလုံးရည်ပြည့်ဝမှုတို့ လိုအပ်သည်။

နိုင်ငံရေးကို အခြားနည်းဖြင့် ဖြေရှင်းနိုင်ရန်အတွက် လက်နက်စွဲကိုင်ကြသည့်အခါ ပဋိပက္ခနယ်မြေများ ဖြစ်ပေါ်လာပြီး နယ်ခံလူထုအပေါ် ပဋိပက္ခ၏ ဝန်ထုပ်ဝန်ပိုးများ ကျရောက်လာသည်။ နယ်မြေ၏ တည်ငြိမ်အေးချမ်းမှု ပျောက်ကွယ်သွားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြုလုပ်၍ မရတော့သည့်အပြင် ရှိပြီးအရာများပါ ပျက်စီးဆုံးရှုံးကြရသည်။ နယ်ခံလူထုအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့ အဘက်ဘက်မှ ထိခိုက်ဆုံးရှုံးရသည့်အပြင် ပဋိပက္ခများအကြား အသက်အန္တရာယ်အတွက် စိုးရိမ်ထိတ်လန့်ကြရသည်။ အိုးအိမ်စည်းစိမ်ဥစ္စာများအတွက်လည်း ပူပန်ကြောင့်ကြ ကြရသည်။ လက်နက်ကိုင်ပဋိပက္ခအတွက် ငွေကြေး၊ ပစ္စည်းဥစ္စာ၊ ကာယလုပ်အား၊ လူအင်အား စသည်ဖြင့် တောင်းခံလာပါကလည်း နယ်ခံလူထုမှာ စောဒကတက်နိုင်ခြင်းမရှိဘဲ ပေးနိုင်ရန်သာ ကြိုးပမ်းကြရသည်။ နယ်မြေဒေသတစ်ခုတွင် ငြိမ်းချမ်းရေး ပျောက်ကွယ်နေရသည့် အချိန်ကာလသည် ဆယ်စုနှစ်များနှင့်ယှဉ်၍ ကြာမြင့်လာသည်နှင့်အမျှ ယင်းနယ်မြေနှင့် နယ်ခံလူထုတို့မှာ အဘက်ဘက်မှ ဆုတ်ယုတ်ကျဆင်းသွားပြီး ပုံမှန်နယ်မြေဒေသများနှင့် နှိုင်းယှဉ်ပါက အဆင့်နိမ့်ကျနေသည့် အခြေအနေသို့ ရောက်ရှိသွားရသည်။

မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီး မရှေးမနှောင်းမှာပင် စတင်ပေါ်ပေါက်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများတွင် အယူဝါဒရေးအရ၊ လူမျိုးရေးရာအရ၊ ဘာသာရေးအရ စသည်ဖြင့် အကြောင်းအရာအမျိုးမျိုးကို အခြေခံပြီး လက်နက်ကိုင်အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သည်။ နှစ်ပေါင်း ၇၀ ကျော် ကာလအတွင်း အစိုးရအဆက်ဆက်တို့၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများမှာ အချည်းနှီးမဖြစ်ခဲ့သော်လည်း လက်နက်ကိုင်ပဋိပက္ခများလုံးဝပျောက်ကွယ်သွားသည့် အခြေအနေဆီသို့မရောက်ခဲ့။ ထိုခေတ်ကာလအခြေအနေအရပ်ရပ်တို့ကလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက လိုလားကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို လက်ခံလိုက်လျောခွင့်ပြုပေးနိုင်ခြင်း မရှိခဲ့။

ပစ္စုပ္ပန်ကာလတွင်မူ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ရာ တိုင်းရင်းသားလူမျိုးစုတို့၏ အကျိုး၊ နယ်မြေဒေသ၏အကျိုးနှင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတို့၏ အကျိုးအတွက် စေ့စပ်ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်နေပြီဖြစ်သည်။ "ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့ရာ ငြိမ်းချမ်းရေးအတွက် သန္နိဋ္ဌာန်ကို ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။

စစ်ပွဲတို့၏ အနိဋ္ဌာရုံများ ချုပ်ငြိမ်းပျောက်ကွယ်ပြီး အေးချမ်းသာယာခြင်းနှင့် ငြိမ်းချမ်းခြင်းတို့ကို ပြည်သူလူထုအားလုံး ခံစားရရှိကာ ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ကြဉ်းနိုင်ရေးအတွက် သက်ဆိုင်သူအားလုံးက တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

## ပဲခူးမြို့ ဟင်္သာကုန်းစေတီတော်မြတ်ကြီး ဓာတ်လှေကား တည်ဆောက်တပ်ဆင်မှု ပြီးစီး

**ပဲခူး ဇွန် ၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ အများပြည်သူစေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ပဲခူးမြို့ သမိုင်းဝင်ဆုတောင်းပြည့် ဟင်္သာကုန်းစေတီတော်မြတ်ကြီးတွင် ဓာတ်လှေကား တည်ဆောက်တပ်ဆင်မှုမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါဓာတ်လှေကား တည်ဆောက်တပ်ဆင်ရန်အတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်က ဩဝါဒါစရိယ ဆရာတော်များ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပန္နက်တင်ခဲ့ပြီး ယင်းနေ့မှစတင်၍ ဓာတ်လှေကားတပ်ဆင်တည်ဆောက်မည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၃) မှ တာဝန်ရှိသူများက အသေးစိတ်တိုင်းတာတွက်ချက်မှုများပြုလုပ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဟင်္သာကုန်းစေတီတော်မြတ်ကြီးတွင် တပ်ဆင်ထားသည့် ဓာတ်လှေကားမှာ စေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်စောင်းတန်းအောက်ခြေအနီးမှ စေတီတော်ရင်ပြင်အထိ အလျား ၇၇ ပေ၊ အမြင့် ၇၃ ပေခွဲ၊ လျှောက်လမ်းအကျယ် ၈ ဒသမ ၅ ပေရှိ လူ ၁၂ ယောက် အတက်/အဆင်း စီးနိုင်သော ဓာတ်လှေကားဖြစ်သည်။ ဓာတ်လှေကားတွင် ကျန်းမာရေးချို့တဲ့သူများအတွက် ဘီးတပ်ကုလားထိုင်ဖြင့် သယ်ဆောင်ပေးနိုင်ပြီး အရေးပေါ်ထွက်ပေါက်တံခါးလည်း ပါဝင်သည်။

ယခုအခါ ဓာတ်လှေကားတပ်ဆင်မှု ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ဖွင့်လှစ်ပြီးပါက ဟင်္သာကုန်း စေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသော ပြည်သူအများအနေဖြင့် စောင်းတန်းလှေကားမှ အတက်/အဆင်း ပြုလုပ်နိုင်သည့်အပြင် ဓာတ်လှေကားဖြင့်လည်း သက်သောင့်သက်သာ အတက်/အဆင်းပြုလုပ် ဖူးမြော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁၁-၆-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄) အမှတ် (၂၄) ၌** မိမိအတွက်သာကြည့်ပြီး ကြက်တူးရွေးလေးရွှေခဲအတွက် မစဉ်းစားပေးခဲ့မိသော ပိစိအကြောင်း ရေးဖွဲ့ထားသည့် "ပိစိပါဝင်သော ပျံသာပျံပါ ထက်အာကာ" မျက်နှာဖုံး ကာတွန်း၊ သချ်ာပညာရပ်အကြောင်းနှင့် ၎င်း၏ အရေးပါအရာရောက်ပုံအကြောင်း တင်ဆက်ထားသည့် "စိတ်ဝင်စားစရာ သချ်ာပညာရပ်ဆိုတာ" သုတဆောင်းပါး၊ သူငယ်ချင်းများအပေါ် အထင်သေးစိတ်ဖြစ်ပေါ်မိသော ပေါလေးအကြောင်း တင်ဆက်ထားသည့် "ပေါလေးပါဝင်တဲ့ တကယ်တုံးတာက" နှစ်မျက်နှာကာတွန်း၊ မိမိ၏အမျိုးအနွယ်ကို ဘေးရန်က ကာကွယ်ပေးနိုင်ခဲ့သည့် ရဲရင့်သော ကျီးအကြောင်း ရေးဖွဲ့ထားသည့် "အမျိုးကိုချစ်ပါ" ပုံပြင်ကဏ္ဍ၊ ရဲရင့်ဖြိုး၏ လိမ္မာပါးနပ်ပုံအကြောင်း ရေးဖွဲ့ထားသည့် "အမွှေလေးရဲရင့်ဖြိုး" တစ်မျက်နှာကာတွန်း၊ စာပေဗိမာန် စိန်ရတုအထိမ်းအမှတ်အဖြစ် ပြုလုပ်သော ရွှေသွေးတို့လက်ရာ စာစီစာကုံးပြိုင်ပွဲတွင် ဆန်ခါတင်အဆင့် ရွေးချယ်ခံရသည့် "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်" စာစီစာကုံးကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးစီမံကိန်း၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

*✻ ရှေ့ဖုံးမှ*

တက်ရောက်ကြသည်။

**ဒေသဆိုင်ရာ အချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများတင်ပြ**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့် အခြေအနေနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေ၊ ပန်းခင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ၊ တိုင်းဒေသကြီး သာယာလှပရေး စီမံဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းယန္တရားများအားလုံး အမြဲမပြတ်လည်ပတ်နေရမည်ဖြစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ဖြစ်ပေါ်လာသောအခြေအနေများအရ နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထမ်းဆောင်ခဲ့ရပြီး ထိုသို့တာဝန်ယူဆောင်ရွက်နေစဉ်အတွင်း နိုင်ငံရေးအရ ဖြေရှင်း၍ ရသည်များကိုလည်း ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် ဆောင်ရွက်နေကြသည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း ရပ်တန့်နေ၍မရကြောင်း၊ ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်များအားလုံးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ပညာသင်ကြားရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများနှင့် အခြားလိုအပ်ချက်ရှိသည့် ကဏ္ဍပေါင်းစုံတို့ကို အမြဲမပြတ် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများကြွယ်ဝသည့် မျိုးဆက်သစ်ပညာတတ်လူသားအရင်းအမြစ်များ များစွာမွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာကို တတ်မြောက်အောင် သင်ကြားနိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ထုတ်ပြန်သည့် လူဦးရေသန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် ပညာရေးနှင့် ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခင်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့သဖြင့် ပညာသင်ကြားမှုများ ခေတ္တရပ်တန့်ခဲ့ရကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရမှ ကျောင်းများပြန်လည်ဖွင့်လှစ်ပေးပြီး ပညာသင်ကြားနိုင်ရေး စီမံဆောင်ရွက် ပေးထားသည့်အခါတွင်လည်း အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ အစိုးရမှ ထောက်ပံ့ပေးသည့် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများနှင့် ပညာရေး အဆောက်အဦများကို ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို စိတ်မကောင်းဖြစ်ဖွယ်ကြားသိနေရကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ထိုသို့ ဆောင်ရွက်နေခြင်းမှာ နိုင်ငံကိုဖျက်ဆီးနေခြင်းပင်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် နိုင်ငံတော်အတွက် များစွာနစ်နာမှုများ ဖြစ်ပေါ်စေကြောင်း၊ ရန်ကုန်မြို့တွင် ပညာသင်ကြားရေးနှင့် ပတ်သက်၍ အဓိကကျသည့် တက္ကသိုလ်ကြီးများရှိသည့်အပြင် အဘက်ဘက်မှ အားသာချက်များရှိကြောင်း၊ ယခင်က အစိုးရရုံးစိုက်ရာ မြို့တော်တစ်ခုဖြစ်ခဲ့ပြီး အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် အသုံးချဆောင်ရွက်ကြရန်လိုကြောင်း။

**အဓိက မောင်းနှင်အားဖြစ်သည့် စီးပွားရေး မောင်းနှင်အားကို ဖွံ့ဖြိုးတိုးတက်အောင် မဖြစ်မနေဆောင်ရွက်ရမည်**

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားဟူ၍ မောင်းနှင်အား သုံးမျိုးရှိကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု၊ စည်းလုံးမှုရှိပါက နိုင်ငံရေးအားကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အား ကောင်းမွန်ပါက ကာကွယ်ရေးအင်အား ကောင်းမွန်မည်ဖြစ်ကြောင်း၊ ယင်းအင်အားနှစ်ခု ကောင်းမွန်ရန်အတွက် အခြေခံမှာစီးပွားရေးအင်အားဖြစ်၍ စီးပွားရေးမောင်းနှင်အားသည် တိုင်းပြည်အတွက် အဓိကကျကြောင်း၊ ထို့ကြောင့် မြို့နယ်စီးပွားရေးမှ ခရိုင်စီးပွားရေး၊ ယင်းမှ ဒေသအဆင့်၊ ယင်းမှ နိုင်ငံတော်အဆင့်အထိ စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ ယခင် အစိုးရအဆက်ဆက်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေရိက္ခာပေါများရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် ရေခံ၊ မြေခံကောင်းများရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ သို့သော် စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်းများ နည်းနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ တစ်ဧကအထွက်နှုန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံအတွင်းစားရေရိက္ခာပေါများလာပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားများ ထုတ်ယူနိုင်သည့် မြစ်ချောင်းများ များစွာရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ မရှိသေးကြောင်း၊ ထို့ကြောင့် မြန်ဆန်စွာပြီးမြောက်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးလုံလောက်စွာရရှိရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရန် လိုသကဲ့သို့ လျှပ်စစ်ဓာတ်အားများကိုလည်း ချွေတာသုံးစွဲကြရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုများကိုလည်း ခြိုးခြံချွေတာကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ လျှပ်စစ်ဓာတ်အား သုံးစွဲမှုများကိုလည်း စည်းကမ်းစနစ်တကျဖြင့် သုံးစွဲရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အား ချွေတာနိုင်သည့် လျှပ်စစ်မီးများကို ပြောင်းလဲအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စားသုံးဆီနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ သို့သော် ဆီထုတ်လုပ်ရာတွင် အထွက်နှုန်းများ နည်းပါးသဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာရရှိရန်၊ နည်းစနစ်မှန်ကန်ရန် စသည့်အချက်များနှင့် ပြည့်စုံပါက တစ်ဧကအထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်ရန်လိုကြောင်း။

ရန်ကုန်မြို့နေပြည်သူများ စားရေးအဆင်ပြေမှုရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ရောင်းချပေးလျက်ရှိကြောင်း၊ ဒေသတွင်း စားရေးဖူလုံအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းရောင်းဝယ်မှုများ ကောင်းမွန်လာပြီး စီးပွားရေးကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုအနေဖြင့်လည်း ပြင်ပမှ

*စာမျက်နှာ ၄ သို့*

**■ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာတွင် နိုင်ငံရေး မောင်းနှင်အား၊ စီးပွားရေး မောင်းနှင်အားနှင့် ကာကွယ်ရေး မောင်းနှင်အားဟူ၍ မောင်းနှင်အား သုံးမျိုးရှိ၊ နိုင်ငံရေးတည်ငြိမ်မှု၊ စည်းလုံးမှုရှိပါက နိုင်ငံရေးအားကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အားကောင်းမွန်ပါက ကာကွယ်ရေးအင်အား ကောင်းမွန်မည်**

*စာမျက်နှာ ၃ မှ*

ဝယ်ယူသုံးစွဲခြင်းထက် နိုင်ငံအတွင်း ကုန်ထုတ်လုပ်မှုများဆောင်ရွက်၍ ဖြည့်ဆည်းဆောင်ရွက်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်ပြီး ကုန်သွယ်မှုလိုငွေပြမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခင်အစိုးရနှစ်ခု လက်ထက်က ကုန်သွယ်မှုလိုငွေများစွာရှိခဲ့ကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအပါအဝင် အကြောင်းအမျိုးမျိုးဖြင့် ပြည်ပငွေကြေးသုံးစွဲမှုများရှိကြောင်း။

## ● ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်

### ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်နှင့် ငြိမ်းချမ်းရေး

နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့၍ စီးပွားရေးလုပ်ငန်းများတွင် ထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစ၍ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် လျှောက်လှမ်းခဲ့ပြီး ယခုအခါ ပြည်သူများ လိုလားသည့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ဖော်ဆောင်ရမည်ဖြစ်ပြီး တစ်ဆက်တည်းတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားသည့် တိုင်းနှင့်ပြည်နယ်များ၊ လူမျိုးစုများ စုစည်းလုပ်ကိုင်ခွင့်များကို ပေါင်းစည်းနေထိုင်သည့် အယူအဆ၊ မျှဝေခံစားသည့် အယူအဆဟု မှတ်သားဖူးကြောင်း၊ ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေသည့် နိုင်ငံများသည်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အုပ်ချုပ်မှုပုံစံများ မတူညီကြဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် အုပ်ချုပ်ရေးစနစ်ကိုသာ ကျင့်သုံးနေကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း သဘောထားကွဲပြားမှုကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့် အခွင့်အရေးများ ပေးရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံ ငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုကို အကြောင်းပြု၍ အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်နေသူများကို ဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေးဌ ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သတ်ဖြတ်မှုများကို နိုင်ငံတကာတွင်လည်း လက်မခံကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် မတည်ငြိမ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းများအရ ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြကြောင်း၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်ကြောင်း။

### နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် မိမိတာဝန်ယူရသည့် လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရမည်

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး ပြည်သူများ၏ ယုံကြည်မှုရှိစေရေး နေထိုင်ပြမှုဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းတာဝန်ကို ထမ်းဆောင်သည်ဖြစ်စေ အလေးထားဆောင်ရွက်ရန်နှင့် မိမိ၏လုပ်ငန်းတာဝန်ကို လေးစားစွာ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတာဝန်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းများကို အလေးထားဆောင်ရွက်မည်ဆိုပါက လုပ်ငန်းအောင်မြင်မှုများ ရရှိလာမည်ဖြစ်ပြီး ပညာရပ်ပိုင်းဆိုင်ရာများကိုလည်း အလေးထားသင်ယူလေ့လာ၍ ပညာရပ်ပိုင်းနှင့် လုပ်ငန်းပိုင်းတို့တွင် အောင်မြင်မှုများရရှိအောင်၊ မိမိတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းဆောင်ရွက်ရာ၌ တစ်ဦးနှင့်တစ်ဦး လေးစားစွာဖြင့် ဆောင်ရွက်ကြရန်လိုပြီး ထိုသို့ ဆောင်ရွက်မှသာလျှင် လုပ်ငန်းများအားလုံးကို အောင်မြင်စွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းအစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက တံတားတည်ဆောက်ရေးစီမံကိန်း၏ သမိုင်းကြောင်းနှင့် စီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်မှုအားတို့ကိုပါ ထည့်သွင်းစဉ်းစားတွက်ချက်ဆောင်ရွက်ကြစေလိုကြောင်း၊ တံတားချဉ်းကပ်လမ်းပိုင်းနေရာများသည် လူနေတိုက်များနှင့် နီးကပ်မှုရှိနေသဖြင့် သဘာဝဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို အလေးထားစဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ရေယာဉ်များလွတ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက်လည်း ရေလမ်းကင်းလွတ်အမြင့်ကို တွက်ချက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ဦးစားပေးအလိုက် ဆောင်ရွက်သင့်သည်များ ပြီးစီးရေး ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးစီမံကိန်းရှိ ရန်ကုန်ဘက်ခြမ်း Main Bridge Pylon 2 နေရာတွင် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ - ကိုရီးယား ချစ်ကြည်ရေးတံတားစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable – Stayed Bridge) အမျိုးအစားဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇွန် ၉**

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရုံးအမှတ်(၄၅)အနီး၌ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးကြသည်။(ဓာတ်ပုံ) ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၏ ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် တစ်ရှူးငှက်ပျောစိုက်ခင်းကို လှည့်လည်ကြည့်ရှုသည်။ ယနေ့ပြုလုပ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်၊ မဟော်ဂနီပင်၊ ပိတောက်ပင်၊ သင်းဝင်ပင်၊ ခရေပင်၊ အရိပ်ရလေကာ မန်ကျည်းပင်ရှားပင် စုစုပေါင်း အပင် ၁၁၂၀ စိုက်ပျိုးခဲ့ကြသည်။ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့်ဒေသအနှံ့ ရုံးဌာနအားလုံးတွင် ယနေ့အထိ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များ စုစုပေါင်း ၄၂၀၉၉ ပင်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၉

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



ယင်းတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် H.E. Dr. KUNG Phoak က မြန်မာနိုင်ငံအရေးကိစ္စနှင့် ပတ်သက်၍ အပြုသဘောဆောင် ဆွေးနွေးညှိနှိုင်းသင့်ပြီး ဖယ်ကြဉ်ထားခြင်းကို မပြုလုပ်သင့်ဟု ကမ္ဘောဒီးယားနိုင်ငံမှ ယူဆပါကြောင်း၊ အာဆီယံ၏ တူညီဆန္ဒ(၅)ချက်၏ စတုတ္ထအချက်အား အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်ချက်ဆန်းစစ်ခြင်း လုပ်ငန်းများအပါအဝင် ဖြစ်ပေါ်တိုးတက်မှုများကို ကျေနပ်အားရပါကြောင်း၊ ကျန်ရှိသည့်အချက်များနှင့်ပတ်သက်၍ အပြန်အလှန်သဘောတူညီပြီး အဆင်ပြေမည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်သွားရန် ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည့်ဝသောဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးသည် အခြေခံအုတ်မြစ်များဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ မြန်မာပြည်သူများ၏အကျိုးကို ရည်မျှော်၍ အာဆီယံ၏ တူညီဆန္ဒ(၅) ချက် အကောင်အထည်ဖော်ဆောင်ရေး၌ သိသာထင်ရှားသော ဖြစ်ပေါ်တိုးတက်မှုများရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်သည့် ကိစ္စရပ်များသည် နိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်အဖြစ် ပုံဖော်မှုမပြုသင့်ပါကြောင်း၊ အာဆီယံ၏ တူညီဆန္ဒ (၅) ချက်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**



# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးမှ အောင်ပွဲရအားကစားသမားများနှင့် နည်းပြများကိုဂုဏ်ပြု

**နေပြည်တော် ဇွန် ၉**

၂၀၂၂ ခုနှစ်၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ အောင်ပွဲရအားကစားသမားများနှင့် နည်းပြများအားကြိုဆိုဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ အောင်ပွဲရအားကစားသမားများနှင့် နည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးမြို့ ဗထူးအားကစားကွင်းမှ မြို့တော်ခန်းမသို့ ချီတက်လာသည့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများကို ဂုဏ်ပြုပန်းကုံးများဖြင့် ကြိုဆိုကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြရာ အားကစားသမားများ ကိုယ်စား ရွှေတံဆိပ်ဆုရှင်အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အောင်ပွဲရ အားကစားသမားများ၊ နည်းပြများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ အောင်ပွဲရ အားကစားသမား ၃၃ဦး၊ နည်းပြခြောက်ဦး စုစုပေါင်း ၃၉ ဦးသည် အားကစားနည်း ၁၇ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အားကစားနည်းအလိုက် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်း ၁၁ ခုရရှိခဲ့ကြောင်းနှင့် အောင်ပွဲရအားကစားသမားများနှင့် နည်းပြများအား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၈၉ သိန်း ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ဘိုကလေးမြို့ ကဒုံကနီကြိုးဝိုင်း၌ ပြုလုပ်

**နေပြည်တော် ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ဒီရေတော သစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့ ကဒုံကနီကြိုးဝိုင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဖြူးရွှေဝါပင်များ၊ ပင်လယ်အုန်းပင်များကို ဒေသခံပြည်သူများအား ပေးအပ်သည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ ဖြူးရွှေဝါပင်၊ သမဲ့ပင်၊ ကျနပင်၊ လမုပင် စုစုပေါင်းစိုက်ပျိုးပင် ၆၀၅၀ တို့ကို စုပေါင်းစိုက်ပျိုးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သစ်ပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဖြိုးမွေးကျွန်းပျိုးဥယျာဉ်ရှိ ပျိုးပင်များပျိုးထောင်ထားရှိမှုများကို လည်းကောင်း၊ ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာအုပ်စု ငါးပုတ်သင်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# မူဆယ်နယ်စပ် နန်းတော်ဂိတ်၌ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်

**မူဆယ် ဇွန် ၉**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်နယ်စပ် နန်းတော်ဂိတ်၌ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံရွှေ့ပြောင်းအလုပ်သမားများအား ယနေ့နံနက် ၈ နာရီက ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်ရာတွင် တရုတ်နိုင်ငံ၌ တရားမဝင် ဝင်ရောက်သူများအား ထိန်းသိမ်းထားခဲ့ရာမှ မြန်မာနိုင်ငံသား အမျိုးသား ၁၉၁ ဦးနှင့် အမျိုးသမီး ၁၀၉ ဦး စုစုပေါင်း ၃၀၀ တို့ကို တရုတ်-မြန်မာနယ်စပ် နန်းတော်ဂိတ်တွင် လွှဲပြောင်းပေးအပ်ခဲ့ရာ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် မူဆယ်ခရိုင် လဝကဦးစီးမှူး ဦးရဲရင့်ထွန်းနှင့် အဖွဲ့များက လဝကနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများအား စစ်ဆေးခြင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာအသီးသီးက နေရပ်ပြန်လာသူများအား စနစ်တကျလက်ခံပြီး နေရပ်ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ အဆင်ပြေအေးချမ်းစွာပြန်နိုင်ရေးအတွက် မော်တော်ယာဉ်များနှင့် လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၉**

AHA Centre မှတစ်ဆင့်ပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်သည် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံး အဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် H.E. Dr. KUNG Phoak က မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်သည့် လုပ်ငန်းစဉ်တစ်လျှောက်၌ လိုအပ်ချက်ဆန်းစစ်ခြင်းအပါအဝင် လုပ်ငန်းများအဆင်ပြေချောမွေ့စေရေး မြန်မာနိုင်ငံဘက်မှ ကူညီဆောင်ရွက်ပေးခဲ့မှုများအတွက် အသိအမှတ်ပြုပါကြောင်း ပြောကြားပြီး အာဆီယံ၏ တူညီဆန္ဒ ၅ ချက်အနက် စတုတ္ထအချက် အကောင်အထည်ဖော်ရန် ရှေ့ဆက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရာ၌ လက်တွေ့ကျ၍ အမှန်တကယ်လုပ်ဆောင်နိုင်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရေး မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကူအညီများအား ခွဲခြားမှုမရှိဘဲ အမှန်တကယ် လိုအပ်နေသည့် ပြည်သူများထံသို့ ရောက်ရှိရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။



**သတင်းစဉ်**

---

# AHA Centre မှတစ်ဆင့်လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုအကူအညီ စီမံခန့်ခွဲရေးဆိုင်ရာ မြန်မာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၉**

"AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးဆိုင်ရာ မြန်မာလုပ်ငန်းအဖွဲ့ (Task Force)" အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင် တို့သည် ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကမ္ဘောဒီးယား ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။



အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်ဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းနှင့် လုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ၂၀၂၂ ခုနှစ် ဇွန်လပထမအပတ်တွင် AHA Centre နှင့် ASEAN-ERAT အဖွဲ့ဝင်များက ဆောင်ရွက်ခဲ့သည့် လိုအပ်ချက် ပူးတွဲလေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်အပေါ် ပြန်လည်သုံးသပ်ခဲ့ကြပြီး ယင်းလုပ်ငန်းစဉ် ထိထိရောက်ရောက် အောင်မြင်စေရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအပေါ် ဆွေးနွေးကြသည်။ ထို့ပြင် ၂၀၂၂ ခုနှစ် မေ ၆ ရက်၌ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံသို့ အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ရလဒ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများအပေါ် ရှင်းလင်းပြောကြားပြီး ညှိနှိုင်းအစည်းအဝေး ရလဒ်တစ်ခုဖြစ်သည့် ပူးတွဲကာကွယ်ဆေးထိုးနှံရေးမူဘောင်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဖြန့်ဝေရေးဆိုင်ရာမူဝါဒများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များကလည်း လိုအပ်ချက် ပူးတွဲလေ့လာ ဆန်းစစ်ခြင်း လုပ်ငန်းစဉ် လုံခြုံစွာနှင့် အောင်မြင်မှုရှိစွာ ပြီးမြောက်စေရေးအပါအဝင် အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး လုပ်ငန်းများတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံး AHA Centre တို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

**သတင်းစဉ်**

---

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ် ကျေးရွာများရှိ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆွေးနွေး

**လယ်ဝေး ဇွန် ၉**

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးသည် ဒက္ခိဏခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် အေလာကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ (KC) ခန်းမ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆွေးနွေးသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးစား လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသာမက တစ်နိုင်တစ်ပိုင် မွေးမြူရေးမှ အစပြု၍ တိုးတက်မွေးမြူနိုင်ရေး စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က ဓာတ်မြေဩဇာများ ဝယ်ယူနိုင်ရေးအတွက် လည်းကောင်း၊ ကျေးလက်ဦးစီးမှူး ဦးကျော်သူရက ကျေးလက်ဦးစီးဌာနတွင် ဝယ်ယူနိုင်သည့် ဓာတ်မြေဩဇာများ ဖြန့်ချိရောင်းချမည့် လုပ်ငန်းများကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းက သီးနှံများအထွက်နှုန်းကောင်းမွန်စေရေးအတွက် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးအတွက် လည်းကောင်း၊ မွေး/ကုဦးစီးမှူး ဒေါက်တာလှမျိုးသန့်က ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများနှင့် ကျွဲ၊ နွား ခွာနာလျှာနာရောဂါအကြောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းအောင်က ဓာတ်မြေဩဇာများကို စနစ်တကျ သုံးစွဲနိုင်ရေးအတွက် နည်းလမ်းများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် အေလာဒေသအတွင်းရှိ ကျေးရွာငါးရွာမှ ဒေသခံတောင်သူများက ဆည်ရေရရှိရေး၊ ဓာတ်မြေဩဇာ ဝယ်ယူရရှိရေး၊ အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေး၊ စိုက်ပျိုးစရိတ်များ ထုတ်ချေးရာတွင် လိုအပ်သည့် အချက်များစသည်တို့ကို တင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်သက်ဆိုင်ရာဌာနများမှ ပြန်လည်ရှင်းလင်းဆွေးနွေးကာ နေပြည်တော်ကောင်စီအဖွဲ့ဝင်မှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တောင်သူများ ချည်မျှင်ရှည်ဝါ စိုက်ပျိုးရာတွင် စီးပွားဖြစ်တွက်ခြေကိုက်ပြီး အရည်အသွေးနှင့်အထွက်နှုန်းရရှိအောင် ဆောင်ရွက်

**နေပြည်တော် ဇွန် ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ဇွန် ၈ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်၏ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဖွံ့ဖြိုးရေးဌာန (VFDC)သို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးက တောင်သူများ ဝင်ငွေအကျိုးအမြတ်ပိုမိုရရှိစေမည့် တန်ဖိုးမြင့်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံမျိုးများ နည်းပညာဖြန့်ဖြူးပေးနိုင်ရေး၊ ပညာရှင်ဝန်ထမ်းများအနေဖြင့် မိမိတို့၏ သုတေသနပြုတွေ့ရှိချက်များကို စာတမ်းနှင့် မှတ်တမ်းများစနစ်တကျပြုစုသည့် အလေ့အကျင့်ကောင်း ဆောင်ရွက်ရေး၊ အများပြည်သူအတွက် နည်းပညာရပ်ဆိုင်ရာ စာအုပ်စာစောင် ထုတ်နိုင်ရေး ကြိုးပမ်းရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်သာကျေးရွာအုပ်စု မိုးကြိုချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၂၅၀ စံပြကွက်တွင် မျိုးစေ့ထုတ် အကျိုးဆောင် တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးပွား စိုက်ပျိုးထုတ်လုပ်မှု အတွေ့အကြုံများ၊ ဌာနက ထုတ်လုပ်ပေးလိုက်သည့် ဆင့်ပွားမိဘမျိုးစေ့မှ အဆင့်ဆင့်မျိုးပွားထုတ်လုပ်သည့် မျိုးစေ့စီးဆင်းမှု မှန်ကန်ရေး၊ ထိရောက်သော မျိုးသန့်မျိုးပွား မျိုးဖြန့်မှုလုပ်ငန်း ပီပြင်စွာအကောင်အထည်ဖော်နိုင်ရေး၊ မျိုးစေ့ထုတ်တောင်သူများ အကျိုးအမြတ် သေချာစေရေးနှင့် စီးပွားဖြစ်စိုက်ပျိုးရန် ထုတ်လုပ်လိုက်သည့်မျိုးစေ့ကို အသုံးပြု၍ ချည်မျှင်ရှည်ဝါ စိုက်ပျိုးရာတွင်လည်း တွက်ခြေကိုက်သည့် အရည်အသွေးနှင့် အထွက်နှုန်းရရှိမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးပြီး တောင်သူများ၏ လိုအပ်ချက်၊ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်ရှိ မွေးမြူရေး အသုံးချသုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ(သဖန်းခြံ)သို့ ရောက်ရှိကြပြီး မျိုးထိန်းခြင်း၊ ဆိတ်နှင့် သိုးမျိုးရင်းထိန်း မျိုးပွားခြင်း၊ မျိုးကောင်းမျိုးသန့်ထုတ်ခြင်းနှင့် အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသနှင့်ကိုက်ညီသည့် တိရစ္ဆာန်အစာပင်များဆိုင်ရာ သုတေသနဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဘောစကိုင်းနှင့်အလားတူ စိုက်ပျိုးရလွယ်ကူသည့် တိရစ္ဆာန်ဖြည့်စွက်အစာပင်များ စိုက်ပျိုးသုံးစွဲမှုဆိုင်ရာများ၊ တိရစ္ဆာန် အစာပင် စိုက်ပျိုးကျွေးမွေးမှု ကျယ်ပြန့်လာရေးအတွက် တောင်သူကိုယ်တိုင် မျိုးချန်မျိုးပွား စိုက်ပျိုးနိုင်သည့် သီးနှံမျိုးများကို မျိုးပွားဖြန့်ဖြူးပေးရန် လိုအပ်ချက်များအား တာဝန်ရှိသူများကို ဆွေးနွေးမှာကြားကာ မွေးမြူရေးအသုံးချသုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ (သဖန်းခြံ) ၏ မွေးမြူရေးလုပ်ငန်းနှင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏အထူးကိုယ်စားလှယ်ရုံး အဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံး အဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌအနေဖြင့် အာဆီယံ၏တူညီဆန္ဒ ၅ ချက် အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံကို အစဉ်တစိုက် အကူအညီ ပေးနေမှုများအပေါ် အသိအမှတ်ပြုပါကြောင်း၊ မမျှော်မှန်းနိုင်သည့် အခက်အခဲများကြောင့် အာဆီယံ၏တူညီဆန္ဒ ၅ ချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်အတွက် လုံလောက်သည့် အချိန်လိုအပ်ပါကြောင်းနှင့် ထိရောက်သော တိုးတက်မှုများ ပေါ်ထွက်လာစေရန် လုပ်ငန်းစဉ်အားလုံးသည် လက်တွေ့ကျရန် လိုအပ်ပါကြောင်း ပြောကြားသည်။ H.E. Dr. KUNG Phoak က ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာအစိုးရနှင့် ပူးပေါင်း၍ အာဆီယံ၏ တူညီဆန္ဒ ၅ ချက် အကောင်အထည်ဖော်ရာတွင် ဆက်လက်ကူညီပံ့ပိုးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**



# တပ်ကုန်းမြို့၌ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**တပ်ကုန်း ဇွန် ၉**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို မေ ၁၆ ရက်က တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲတွင် ထုတ်ချေးပေးလျက်ရှိသည်။

ထိုစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများလက်ဝယ်အရောက် စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံ ချည်မျှင်ရှည်ဝါ၊ ပဲတီစိမ်း တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ တောင်သူတစ်ဦးလျှင် စိုက်ပျိုးမြေ ဧက ၁၀ ဧကအထိ ထုတ်ချေးနိုင်ကြောင်း၊ အတိုးနှုန်းအနေဖြင့် ငွေကျပ် ၁၀၀ လျှင် တစ်နှစ်အတွက် ၅ ရာခိုင်နှုန်းပေးသွင်းရမည်ဖြစ်ပြီး သီးနှံပေါ်ချိန် သတ်မှတ်ကာလတွင် ပြန်ဆပ်သည့်အခါ အတိုးအရင်းပေါင်း၍ ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။



တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲတွင် မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးငွေများကို မေ ၁၆ ရက်မှ ဇွန် ၇ရက်အထိ ကျေးရွာအုပ်စု ၉ အုပ်စု၊ တောင်သူပေါင်း ၈၉၈ ဦး၊ စပါး ၂၁၀၂ ဧက၊ ချည်မျှင်ရှည်ဝါ ၁၉၁၂ ဧက၊ ပဲတီစိမ်း ဧက ၂၀၀ စုစုပေါင်း ၄၂၁၄ ဧကအတွက် ချေးငွေကျပ်သန်းပေါင်း ၅၂၆ ဒသမ ၅၀ ကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး၊ လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြသ

**သန်လျင် ဇွန် ၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်တွင် သန်လျင်မြို့ရှိ ယင်းတက္ကသိုလ် သီရိတာ (၁) ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးအေးပိုက အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်မျိုးထွန်းက မီးဘေးကြိုတင်ကာကွယ်ရေး သတိပြုလိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မီးချိတ်၊ မီးကပ်၊ ရေ၊ သဲ ထားရှိရေး၊ လျှပ်စစ်ဝိုင်ယာကြိုးများ ပေါက်ပြဲမှုမရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိ ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးသည်။



ထို့နောက် လက်တွေ့မီးငြိမ်းသတ်ပုံကို မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြကြသည်။ အဆိုပါအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ပျူသုတေသနတွေ့ရှိချက်များနှင့် ပါမောက္ခ ဂျဲနစ်စတားဂါတ်

ဒေါက်တာနန္ဒာမွန်း (အမြဲတမ်းအတွင်းဝန်/သမိုင်းသုတေသန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း))

မြန်မာနိုင်ငံ၏ ရှေးဟောင်းသမိုင်းမတင်မီခေတ်၊ သမိုင်းတင်ခေတ်အသီးသီးနှင့်ပတ်သက်၍ သုတေသီများစွာ၊ သမိုင်းပညာရှင်များစွာ၊ ရှေးဟောင်းသုတေသန ပညာရှင်များစွာ ပြည်တွင်း ပြည်ပတွင်ရှိကြသည့်အထဲမှ အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်၊ ဆစ်ဒနီ ဆပ်ဆက်ကောလိပ်၊ ပထဝီဌာနမှ Professor Janice Mary Stargardt (1936 –2020) ၏ ပျူခေတ်သုတေသန ဖော်ထုတ် တွေ့ရှိချက်များကိုမူ အထူးတလည် ဂုဏ်ပြုဖော်ပြလိုပါသည်။



ပါမောက္ခ ဂျဲနစ် စတားဂါတ်

❖ **သူသည် ဂြိုဟ်တုပုံရိပ် (satellite imagery)၊ ကောင်းကင်ဓာတ်ပုံ (aerial photography) နှင့် အဝေးပုံရိပ်ထောက်လှမ်းမှု(remote sensing) တို့ကို သုံးစွဲကာ အရှေ့တောင်အာရှ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်ရှာဖွေမှုများကို လုပ်ဆောင်ခဲ့သည့် ပထမဦးဆုံးသော သိပ္ပံပညာရှင်တစ်ဦးလည်းဖြစ်**

❖ **သူ၏ သုတေသနပြု ရှာဖွေတွေ့ရှိမှုများကြောင့် အရှေ့တောင်အာရှဒေသတွင် အစောဆုံးသော မြို့ပြအဖွဲ့အစည်းပုံစံသည် မြန်မာနိုင်ငံရှိ ပျူမြို့ဖြစ်သော သရေခေတ္တရာဖြစ်ကြောင်း၊ အန်ကောဝပ်မတိုင်မီ အကြီးဆုံးသော မြို့ပြမှာ သရေခေတ္တရာဖြစ်ကြောင်း သုတေသနပြု ဖော်ထုတ်ခဲ့**

Professor Janice Stargartd မကွယ်လွန်မီ နောက်ဆုံးအချိန်အထိ ပျူခေတ်ကို မြတ်နိုးစွာ သုတေသနပြုနေသော သုတေသီပညာရှင်တစ်ဦးဟု ဆိုပါကလည်း မမှားပါ။ သူ၏ ကိန်းဘရစ်တက္ကသိုလ် ရုံးခန်းတွင် ပျူနှင့်သက်ဆိုင်သော စာပေအထောက်အထားများ၊ ကွင်းဆင်းတွေ့ရှိချက်များ၊ သူ မြန်မာနိုင်ငံလာရောက်စဉ် ရိုက်ကူးထားသော မှတ်တမ်းဓာတ်ပုံများ၊ ပျူနှင့် သက်ဆိုင်သော စာတမ်းများ သိမ်းဆည်းထားသောဖိုင်များ၊ ဓာတ်ပုံများ ထည့်ထားသော ကွန်ပျူတာများ၊ မြန်မာနိုင်ငံမှ အမှတ်တရပစ္စည်းများဖြင့် ခြေချစရာမရှိအောင်ပင် ပြည့်နှက်နေပါသည်။ ရုံးခန်းသည်လည်း အိမ်၊ အိမ်သည်လည်း ရုံးခန်းအဖြစ် တောက်လျှောက် နေ့ညမနား သုတေသနလုပ်နေသော လေးစားဖွယ်ကောင်းသည့် ပျူသုတေသီပါပေ။ သူ၏ နောက်ဆုံးအချိန်သည်ပင်လျှင် သူအလွန်မြတ်နိုးသော ပျူသုတေသနလုပ်နေသည့် သူ၏ ရုံးခန်းအတွင်းမှာပင် ဖြစ်ခဲ့ပါသည်။

သူသည် Cambridge Heritage Research Centre တွင် ဦးဆောင်သူအဖြစ် တက်ကြွစွာ ဆောင်ရွက်နေရုံမက သူ၏ နှစ် ၅၀ ကျော် ပညာရပ်ဆိုင်ရာ အလုပ်လုပ်ကိုင်မှု သက်တမ်းအတွင်းတွင် ထူးခြားစွာ ရာထူး သုံးနေရာ၌ တာဝန်ယူခဲ့သူဖြစ်ပါသည်– Professional Research Fellow of the Department of Geography၊ Senior Fellow of the McDonald Institute of Archaeological, Department of Archaeology နှင့် Fellow in Archaeology at Sydney Sussex College တို့ဖြစ်ပါသည်။ သူသည် ကွင်းဆင်းလေ့လာမှုများမှ အရင်ဦးဆုံးတွေ့ရှိချက်များ ဖော်ထုတ်နိုင်ခဲ့ရုံမက စာအုပ် ရှစ်အုပ်ခန့် ရေးသားထုတ်ဝေခဲ့ပါသည်။ ထို့အပြင် သုတေသန စာတမ်းများ၊ ပညာရပ်ဆိုင်ရာ ဆောင်းပါးများစွာ ထုတ်ဝေရေးသားခဲ့ရုံမက ၂၀၁၄ မြန်မာနိုင်ငံက ယူနက်စကို အစည်းအဝေး သွားရောက်သည့် မြန်မာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့နှင့်အတူ လိုက်ပါကာ မြန်မာနိုင်ငံမှ တင်သွင်းသည့် ပျူရှေးဟောင်းမြို့ သုံးမြို့ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်း အသိအမှတ်ပြုရေး အတွက် တက်ကြွစွာ ဦးဆောင်ဆွေးနွေးချေပ ပြောဆိုပေးခဲ့သူအဖြစ် အသိအမှတ်ပြုခံရသူ ပညာရှင်တစ်ဦးလည်း ဖြစ်ပါသည်။ သူ၏ နှစ်ပေါင်းလေးဆယ်ကျော် ပျူနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာ လေ့လာတွေ့ရှိချက်များ၊ ပျူယဉ်ကျေးမှု၊ ပျူမြို့ပြစနစ်၊ ပျူခေတ် ရေပေးဝေစနစ်၊ ဘာသာရေးနှင့် လူနေမှုစနစ် စသဖြင့် ပျူနှင့်ပတ်သက်၍ သူ့ကို ယှဉ်ပြိုင်ပြောဆိုနိုင်သည့် ပညာရှင်မတွေ့ခဲ့ရပေ။

### အစဦးအရှေ့တောင်အာရှဆိုင်ရာ သုတေသနနှင့် တွေ့ရှိချက်များ

Professor Janice Stargartd ၏ အရှေ့တောင်အာရှဆိုင်ရာ အဦးဆုံးသော သုတေသနကို သံခေတ်ရွာများမှ မြို့ပြလူနေအုပ်စုသို့ ပြောင်းလဲလာပုံကို သမိုင်းဆိုင်ရာ ပထဝီနှင့် လူနေမှုအဖွဲ့အစည်းတို့၏ ရှေးဟောင်းဆိုင်ရာ သုတေသနတို့ဖြင့် လေ့လာသုတေသနပြုရန် အဓိကထားခဲ့ပြီး ရှေးဟောင်းသုတေသနဆိုင်ရာနေရာ ၁၀ နေရာကို ဖော်ထုတ်နိုင်ရန်တို့ ပါဝင်ပါသည်။ သူသည် ၁၉၇၀ ပြည့်နှစ်များနှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း မြန်မာနိုင်ငံသို့ လာရောက်ရန် အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုများစွာ ရှိနေသည့်ကြားကပင် ကြိုးစားဆောင်ရွက်နိုင်ခဲ့ပေသည်။

သူသည် ဂြိုဟ်တုပုံရိပ် (satellite imagery)၊ ကောင်းကင်ဓာတ်ပုံ (aerial photography) နှင့် အဝေးပုံရိပ်ထောက်လှမ်းမှု(remote sensing)တို့ကို သုံးစွဲကာအရှေ့တောင်အာရှရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်ရှာဖွေမှုများကို လုပ်ဆောင်ခဲ့သည့် ပထမဦးဆုံးသော သိပ္ပံပညာရှင်တစ်ဦးလည်း ဖြစ်ပါသည်။ သူ၏ သုတေသနပြုရှာဖွေတွေ့ရှိမှုများကြောင့် အရှေ့တောင်အာရှဒေသတွင် အစောဆုံးသော မြို့ပြအဖွဲ့အစည်းပုံစံသည် မြန်မာနိုင်ငံရှိ ပျူမြို့ဖြစ်သော သရေခေတ္တရာဖြစ်ကြောင်း၊ အန်ကောဝပ်မတိုင်မီ အကြီးဆုံးသော မြို့ပြမှာ သရေခေတ္တရာဖြစ်ကြောင်း သုတေသနပြု ဖော်ထုတ်ခဲ့ပေသည်။

သူ၏ သုတေသနပြုချက်များအရ မှတ်တမ်းတင်ခဲ့သည်မှာ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အကြား အိန္ဒိယအရှေ့တောင်ဘက်နှင့်မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရာမှ ဗုဒ္ဓဘာသာပျံ့နှံ့လာခဲ့မှု အချိန်များ မတိုင်မီကာလကပင် နှစ်နိုင်ငံအကြား ပေါ်ပေါက်ခဲ့သည့် အပြန်အလှန် ဖလှယ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ သုတေသနပြုခဲ့ပါသည်။ အဆိုပါဒေသများတွင် ယခင်က လွှမ်းမိုးနေသော ဒေသယုံကြည်ကိုးကွယ်မှုများ၊ အိန္ဒိယပုံစံလူနေမှုစနစ်များနှင့် ဗုဒ္ဓဘာသာဆိုင်ရာ အဝန်းအဝိုင်းနေရာတို့အကြား ထိတွေ့ခဲ့ကြရမှုများကို ဖော်ထုတ်ခဲ့သည်။

### သရေခေတ္တရာ– အရှေ့တောင်အာရှ ကုန်းမြေပိုင်း၏ အစောဆုံးသောမြို့ပြယဉ်ကျေးမှု

ထူးခြားသော ပျူမြို့ဟောင်းတစ်မြို့ဖြစ်သည့် သရေခေတ္တရာသည် ရှေးဟောင်းအမွေအနှစ်များကြောင့် မြန်မာနိုင်ငံ၏ သမိုင်းမှတ်တမ်းဓလေ့ထုံးစံအရ ထူးခြားစွာ အရေးပါသောမြို့အဖြစ် ပထမထောင်စုနှစ်တွင် ပါဝင်သည်ဟု ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်ပြည်တို့၏ မှတ်တမ်းများတွင် ထည့်သွင်းထားပေသည်။ ယခင်က ရှေးဟောင်းသုတေသန ကွင်းဆင်းလေ့လာမှုများ၊ ကန့်သတ်ထားသော တူးဖော်တွေ့ရှိ ဆောင်ရွက်မှုများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးများကို ၂၀ ရာစု ဦးပိုင်းခန့်အထိ ဆောင်ရွက်ခဲ့ကြရာတွင် ကျောက်၊ သတ္တု၊ စဥ့်တို့အပေါ် ရေးသားထားသည့် စာများနှင့် မြေအောက်ထဲ ရောက်ရှိနေသော သရေခေတ္တရာ ဗုဒ္ဓသာသနာ့အဆောက်အဦများနှင့် မီးဖုတ်ထားသော အုတ်များ သုံးထားသော ခံတပ်များကိုသာ မူလအခြေခံအဖြစ် စူးစိုက်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိနိုင်ပါသည်။

ပျူခေတ် တူးဖော်ရေးစီမံကိန်းသည် သံခေတ်အစပိုင်းကရွာများ၏ နေရာအနည်းငယ်ကို ပထမထောင်စုနှစ် နောက်ပိုင်းတွင် အရှေ့တောင်အာရှ၏ ပိုမိုရှုပ်ထွေးသော လူ့အဖွဲ့အစည်းအဖြစ်သို့ တွန်းပို့ခဲ့သော အကြောင်းအရာတို့နှင့် ဆက်စပ်သော စီမံကိန်းတစ်ခုလည်း ဖြစ်ပါသည်။ ဤအချက်သည် မြန်မာနိုင်ငံတွင် မဖော်ပြကြသော်လည်း အရှေ့တောင်အာရှတွင် အစောဆုံးပေါ်ထွန်းခဲ့သော မြို့ပြဗဟိုအချက်အချာများသည် ပျူမြို့များဖြစ်ပြီး အရှေ့တောင်အာရှ၏ကြီးမားသော မြေပြန့်များတွင် ဖြစ်ပါသည်။ ပျူဒေသများထဲတွင် အကြီးမားဆုံးနှင့် ခံနိုင်ရည်အရှိဆုံးအဖြစ် ရပ်တည်နေခဲ့သော သရေခေတ္တရာသည် သုတေသနကွင်းဆင်းမှု၏ အဓိကဦးတည်ချက် ဖြစ်ပါသည်။ သရေခေတ္တရာတွင် လူများကိုယ်တိုင်ပြုလုပ်သော ယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများ ပေါကြွယ်ဝစွာ အများဆုံးစုဝေးပြီး ခံတပ်များ၊ အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အနုပညာလက်ရာများနှင့် ရေးထိုးထားချက်များစွာတို့ကို ပျူတို့၏ယဉ်ကျေးမှုအဖြစ် တွေ့ရပေသည်။ သမိုင်းမတင်မီခေတ်က ကျန်ရှိသည်များကို တူးဖော်လေ့လာခြင်းဖြင့် ပျူခေတ်ယဉ်ကျေးမှုခေတ်ဦးပိုင်းကို စူးစမ်းလေ့လာရေး ပြုလုပ်ရန်လည်း ရည်ရွယ်ပါသည်။

၂၀ ရာစု အစောပိုင်းကပြုလုပ်ခဲ့သော ပျူနှင့်ပတ်သက်သော သုတေသနပုံစံများကို ပါမောက္ခ ဂျဲနစ်ကစတင်ပြီး ဂြိုဟ်တုပုံရိပ် (satellite imagery)၊ ကောင်းကင်ဓာတ်ပုံ (aerial photography) တို့ကို သုံးစွဲပြီး သရေခေတ္တရာ၊ ဟန်လင်းနှင့် ဗိဿနိုးစသည့် ပျူမြို့ဟောင်းများ၏ မြို့ပြအသွင်အပြင်များကို လှုပ်ရှားပြောင်းလဲနေသော အတည်ပြုရမည့် ဝတ္ထုများအဖြစ် လည်းကောင်း၊ ပြောင်းလဲမှုဖြစ်လာသော အသွင်ပုံသဏ္ဍာန်များ၊ တိုးတက်ပြောင်းလဲလာသော ရေပေးဝေမှုစနစ်များကိုလည်းကောင်း ရှာဖွေလေ့လာခဲ့ပါသည်။ သူဦးဆောင်ရှာဖွေဖော်ထုတ်လေ့လာမှုများမှ တွေ့ရှိချက်များကို မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဦးစီးဌာနမှ သုတေသနအရာရှိများကပါ လိုက်ပါဆောင်ရွက်ပေးနိုင်ခဲ့၍ နှစ်ပေါင်း လေးဆယ်ကျော်ခန့် သုတေသနပြုချက်မှ ပျူရှေးမြို့ဟောင်းများထဲတွင် အကြီးဆုံးသော မြို့များဖြစ်သည့် သရေခေတ္တရာ၊ ဟန်လင်းနှင့် ဗိဿနိုးတို့ကို ပထမထောင်စုနှစ် အရှေ့တောင်အာရှဒေသ၏ အစောဆုံးသော မြို့ပြများအဖြစ် ဖော်ထုတ်နိုင်ခဲ့ရုံမက ၂၀၁၄ ခုနှစ်တွင် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းသတ်မှတ်ခြင်းခံခဲ့ရပါသည်။

ပျူသုတေသနများကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်လာနိုင်ခြင်း၊ ရှာဖွေတူးဖော်ကာ စနစ်တကျ သုတေသနလုပ်ငန်းများ ဆောင်ရွက်လာနိုင်ခြင်း၊ နိုင်ငံတကာပညာရှင်များ လာရောက်လေ့လာဆွေးနွေးခြင်း၊ ကွင်းဆင်းလေ့လာနိုင်ခြင်းတို့မှာ ၂၀၀၇ ခုနှစ်က ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းကို ပြည်မြို့အနီး ဖွင့်လှစ်နိုင်ခဲ့ခြင်းက များစွာ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် (၂၀၀၀–၂၀၀၆) တာဝန်ယူစဉ်ကာလတွင် ပျူရှေးဟောင်းဒေသ တူးဖော်လေ့လာရေးများကို စာတွေ့လက်တွေ့ သင်ကြားပေးနိုင်ရန်၊ ဘွဲ့လွန်သင်တန်းကျောင်းအဖြစ် ရည်ရွယ်ကာ ဆောက်လုပ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ပျူခေတ်ရှေးဟောင်းလက်ရာများဖြစ်သော အထိမ်းအမှတ်ဆိုင်ရာ အဆောက်အဦများနှင့် ခံတပ်များကဲ့သို့ အုတ်အဆောက်အဦများကို ဦးစားပေးတူးဖော်ရာမှ အုတ်နှင့် မြေသားဖြင့် ပြုလုပ်ထားသော အရိုးအိုးများ မြေမြှုပ်ထားရာ လှေကားထစ်အဆင့်များကိုပါ သရေခေတ္တရာ မြို့ဟောင်း တောင်ဘက်ရှိ အုတ်ရိုးအပြင်ဘက်တွင် တွေ့ရှိတူးဖော်နိုင်ခဲ့ပါသည်။ ထို့အပြင် ပါမောက္ခကြီး၏ ဖိတ်ကြားချက်အရ ပြည်မြို့ ရှေးဟောင်းသုတေသနနည်းပညာ သင်တန်းကျောင်းက ကျောင်းအုပ်များ အဆက်ဆက်ကို အင်္ဂလန်နိုင်ငံ ကိန်းဘရစ် တက္ကသိုလ်တွင် ဧည့်သုတေသီများအဖြစ် သွားရောက်ဆောင်ရွက်ကာ ပျူနှင့်ပတ်သက်သော တူးဖော်ချက်၊ တွေ့ရှိချက်များနှင့် ပတ်သက်၍ သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းများ ကျင်းပနိုင်ခဲ့ပါသည်။

### အစောဆုံးသောမြို့ပြဟု သတ်မှတ်နိုင်သည့် အချက်များ

Professor Janice Stargartd သည် Dr Gabriel S. Amableနှင့်အတူ သရေခေတ္တရာမြို့တွင် ပေါ်ထွန်းသည့် မြို့ပြဧရိယာများ၌ ပတ်ဝန်းကျင်ပြောင်းလဲမှုများ မြေပုံဖော်ထုတ်ရေးကို အဝေးပုံရိပ်ထောက်လှမ်းမှု (remote sensing) နှင့် မြေပြင်တွေ့ရှိချက်များ ပူးပေါင်း၍ ဆက်လက်လေ့လာပြီး သက်သေပြရန်ကြိုးစားမှုမှာ သရေခေတ္တရာ၏ အဓိက ဖွံ့ဖြိုးတိုးတက်မှုဖြစ်ရာအပိုင်းများနှင့် ရေသွင်းသည့်စနစ် ပိုမိုအားကောင်းစွာ ဆောင်ရွက်လာမှုများ ဖြစ်ပါသည်။

သရေခေတ္တရာကို မြို့ပြဖြစ်ထွန်းမှု ဖြစ်ပေါ်ရာဒေသအဖြစ် ၁ ရာစုက စတင်ခဲ့ကြောင်း တွေ့ရှိရပေသည်။ ဟန်လင်းနှင့် ဗိဿနိုးတို့နှင့် တစ်ပြိုင်တည်း ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သောဇုန်၏ တောင်ဘက် အစွန်တွင် တည်ရှိပြီး တစ်နှစ်ပတ်လုံးရရှိသော မိုးရေချိန်မှာ (၁၂၀၀ မီလီမီတာ) ခန့်ဖြစ်ကာ ဆန်စပါးစိုက်ပျိုးရေးအတွက် လုံလောက်မှုမရှိပါ။ မြို့ပြတိုးတက်ဖွံ့ဖြိုးရေးအတွက်မူ ရေသွင်းစနစ်နှင့် ရေမြောင်းများက မရှိမဖြစ် အထူးလိုအပ်သောအရာများ ဖြစ်ပေသည်။

*စာမျက်နှာ ၉ သို့*

# တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးလက်ဝှေ့အဖွဲ့အား ဂုဏ်ပြု



**ထားဝယ် ဇွန် ၉**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲတွင် ပထမဆုဖလား ဆွတ်ခူးရရှိသော တနင်္သာရီ တိုင်းဒေသကြီး အမျိုးသမီးလက်ဝှေ့ အဖွဲ့အား ဂုဏ်ပြုပွဲကို ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၈ ရက်က ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အားကစား ပြိုင်ပွဲများတွင် အောင်မြင်မှု ဆုတံဆိပ်များကို ဆွတ်ခူးနိုင်ခြင်းသည် မိမိတိုင်း၊ မိမိဒေသ၏ဂုဏ်အဆင့်အတန်းကို မြင့်မားတိုးတက်စေသောကြောင့် ယခုလို ထိုက်ထိုက်တန်တန် ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ ယခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ ပြိုင်ပွဲများတွင် အမျိုးသမီး အသင်းအနေဖြင့် ရွှေတံဆိပ်သုံးခုရရှိပြီး ပထမဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ တိုင်းဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် လိုအပ်ကြောင်း ပြောကြားပြီးနောက် တာဝန်ရှိသူများက တံခွန်စိုက် ဆုဖလားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ အပ်နှံသည်။ (ယာပုံ)

ထို့နောက် အမျိုးသမီး လက်ဝှေ့အဖွဲ့အား တိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုဆု ငွေကျပ် ၂၅ သိန်း၊ တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးဦးယဉ်ထွေးက ဂုဏ်ပြုဆု ငွေကျပ် သုံးသိန်း၊ တိုင်းဒေသကြီး လက်ဝှေ့ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်က ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းတို့ကို ဂုဏ်ပြုပေးအပ်သည်။ တနင်္သာရီ တိုင်းဒေသကြီး အမျိုးသမီး လက်ဝှေ့အဖွဲ့အနေဖြင့် တံခွန်စိုက် ဒိုင်းဆုကြီးကို ငါးနှစ် ဆက်တိုက် ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လာအိုနိုင်ငံမှ နေရပ်ပြန်မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၉၉ ဦးအား နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်

**တာချီလိတ် ဇွန် ၉**

လာအိုနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ဟောင်လိတ်ရပ်ကွက်ရှိ စံလင်းဖြိုး ကွာရန်တင်းစင်တာတွင် ထားရှိခဲ့ပြီးနောက် ဇွန် ၈ ရက်တွင် ၎င်းတို့၏ နေရပ်အသီးသီးသို့ မော်တော်ယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်ရွှေ့ပြောင်းမြန်မာ အလုပ်သမား အမျိုးသား အမျိုးသမီး စုစုပေါင်း ၁၉၉ ဦးတို့မှာ မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်ပုံဆိပ်ကမ်းမှ ပြန်လည်ဝင်ရောက်လာကြသူများဖြစ်ပြီး ကွာရန်တင်းစင်တာ၌ ခုနစ်ရက်ခန့်ထားရှိကာ နှာခေါင်းနှင့် အာခေါင်တို့ဖတ် သုံးကြိမ်ရယူ၍ RDT ဖြင့် စစ်ဆေးခဲ့ရာ ရောဂါပိုးကင်းစင်သဖြင့် ၎င်းတို့၏ တိုင်းဒေသကြီး/ ပြည်နယ်များသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခြင်းဖြစ်သည်။

အဆိုပါ နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်နှင့် တာဝန်ရှိသူများ၏ စီစဉ်မှုဖြင့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ပြီး လိုအပ်သည်များကိုလည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ယော် (တာချီလိတ်)**


*စာမျက်နှာ ၈ မှ*

သရေခေတ္တရာ၏ ထူးခြားချက်မှာ ရှည်လျားသော ပူအိုက်ခြောက်သွေ့သော ရာသီနှင့် ကြားကာလများတွင် ရေသွင်းစနစ်နှင့် တူးမြောင်းများက လိုအပ်သည့် ရေပိုရေလျှံရရှိရန် ပေးနိုင်ကြပြီး မိုးသည်းထန်စွာရွာသည့် ကာလများတွင်မူ ဆက်သွယ်ထားသော သဘာဝတူးမြောင်းများထဲသို့ ရေများစီးဝင်စေရန် အသုံးဝင်လှပါသည်။ ထိုသို့ ဆောင်ရွက်ထားရှိ၍ သရေခေတ္တရာကို တောင်ကြောအတိုင်း အရှိန်နှင့် အနောက်သို့ စီးဆင်းလာသော ရေများတိုက်စားခြင်း သဘာဝဒဏ်မှ ကာကွယ်ပေးနိုင်ခဲ့ပါသည်။

သရေခေတ္တရာမြို့ကွက် အခင်းအကျင်းပုံမှာ အနီးအနားရှိ မင်းဘာဟုတောင်တန်း၏ လွှမ်းမိုးခြင်းများစွာ ရှိနေခြင်းမှာ တောင်စောင်းများမှ စီးဆင်းကျလာသော ရေအရှိန်ကြောင့် ရာသီအလိုက် ပြောင်းလဲမှုများ၏ သက်ရောက်မှုကြောင့်ဖြစ်သည်။ မြောင်းလက်တက်များ၊ ကျုံးများ၊ ရေပို့ပေးသော တူးမြောင်းများ၊ အုတ်ရိုးများနှင့် ရေသိုလှောင်ရန်ကန်များကို ဆောက်လုပ်ကြပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လုပ်ကိုင်ခြင်းကို ရာစုနှစ်များစွာ လုပ်ကိုင်ခဲ့သည်ကို တွေ့ရှိရသည်။ ထိုသို့ မိုးရာသီတွင် ရေထိန်းချုပ်နိုင်မှုကို ပိုမိုချဲ့ထွင် လုပ်ကိုင်ခြင်း၊ ကြီးမားသော တိုက်စားမှုကြောင့် မြေပြိုခြင်း၊ ရေနုတ်တူးမြောင်းများ၊ ကျုံးများဖြင့် ရေကို စိတ်ချစွာ သိုလှောင်ထားနိုင်သည့် နေရာများတွင် ရောက်ရှိ သိုလှောင်ထားနိုင်စေရန် စီစဉ်ခြင်းဖြင့် ခြောက်သွေ့သောရာသီတွင် ရေပေးဝေနိုင်ရေးအတွက် ဖြစ်စေပါသည်။ အဆိုပါ ရာသီအလိုက် ရေကြောင်း ပြောင်းလဲစီးဆင်းမှုကို သရေခေတ္တရာ၏ မြို့ပြအဝန်းအဝိုင်းတွင် ဇွန်လမှ နိုဝင်ဘာလအထိနှင့် နိုဝင်ဘာ/ ဒီဇင်ဘာ မှ မေ/ဇွန်လ အထိ တောက်လျှောက်တွေ့ရှိရသည်။ အဆိုပါရာသီအလိုက် ရေပြောင်းလဲမှုဖြစ်စဉ်ကြောင့် သရေခေတ္တရာမြို့သည် ထူးခြားစွာ ရဟန္တာကုန်းအုတ်ရိုးများနှင့် ကျုံးများ နေရာသတ်မှတ်ထားရှိရေးအတွက်ပါ အထောက်အပံ့ကောင်းများ ဖြစ်စေခဲ့ပါသည်။ မြို့ပြ ပထဝီဆိုင်ရာ ဖွဲ့စည်းဆောက်တည်မှုသည် သက္ကရာဇ် ၄ ရာစုမှ ၈ ရာစုအတွင်းတွင် ရှုပ်ထွေးမှုများ ပိုမိုများပြားလာရာ စကြဝဠာဗေဒဆိုင်ရာ သင်္ကေတနှင့် ပတ်သက်သော တချို့ညှိနှိုင်းချက်များပါ ပါဝင်လာသည်။

### အရေးပါသော တူးဖော်တွေ့ရှိချက်များ - ရဟန္တာကုန်း တူးဖော်ရေး

သရေခေတ္တရာ ပျူမြို့ဟောင်းရှိ ရဟန္တာကုန်း တူးဖော်မှုကို ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ Professor Janice Stargartd သည် Dr Gabriel S. Amable နှင့်အတူ ဆောင်ရွက်ခဲ့ရာ ရှည်လျားစွာ ကွင်းဆက်ရှိသော လူများနေထိုင်ခဲ့ရာ အထောက်အထား အကြွင်းအကျန်များ တွေ့ရှိတူးဖော်ရရှိပါသည်။ ထိုအထဲတွင် အိုးကွဲစများ အများအပြားစုဝေးတွေ့ရှိမှု၊ အစာကြွင်းများ ထားသိုရာများနှင့် ကာဗွန်နိတ်ဖြစ်နေသော အော်ဂဲနစ်ပစ္စည်းများလည်း ပါဝင်ပါသည်။ အဆိုပါပစ္စည်းများကို အပေါ်ယံမာကျောနေသော မျက်နှာပြင်အနည်းငယ်တွင် ယခုမြေပြင်အနေအထား၏အောက် ၅၀ စင်တီမီတာ အကွာ အနက် ၇၀-၈၀ စင်တီမီတာခန့်တွင် တွေ့ရခြင်းဖြစ်သည်။ သူတို့၏သက်တမ်းကို အောက်ပါဇယားဖြင့် ဖော်ပြထားပေးသည် -




သရေခေတ္တရာ ပျူမြို့ဟောင်းရှိ ရဟန္တာကုန်းမှ တူးဖော်ရရှိသော ပစ္စည်းများကို Australia နိုင်ငံ Canberra မြို့ရှိ Australia National University ၏ Radiocarbon Laboratory တွင် Accelerator Mass Spectrometry ဖြင့် သက်တမ်းတွက်ချက်ရာ စီအီး ၅ ရာစုအလယ်ခန့်မှ ၈/၉ ရာစု နောက်ပိုင်းအထိ တွေ့ရှိချက် ညှိနှိုင်းသက်တမ်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ Professor Janice Stargartd သည် သရေခေတ္တရာ ပျူမြို့ဟောင်းရှိ ရဟန္တာကုန်း တူးဖော်မှုကို မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းနှင့် ရှေးဟောင်း သုတေသနဦးစီးဌာနမှ သုတေသန အရာရှိများနှင့် ပူးပေါင်း၍ ၂၀၁၇ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ ဘာသာရေးဆိုင်ရာအရ ဆောင်ရွက်ကြသော အသုဘချသည့် လုပ်ဆောင်ချက်များ၊ ထို့နောက်လူများနေထိုင်ခဲ့ရာ အထောက်အထား အကြွင်းအကျန်များ၊ ဗုဒ္ဓဘာသာကို ပထမဆုံးတွေ့ရှိခဲ့မှုနှင့် လူအများကြား ထင်ပေါ်ကာ လက်ခံကြမှုများစသော တိကျပြတ်သားသော ယဉ်ကျေးမှုဆိုင်ရာ အဆင့်လိုက်ဖြစ်ပေါ်မှုများ ဖော်ထုတ်ရန်ဖြစ်ပါသည်။ အစောဆုံးနှင့် အောက်ဆုံးအဆင့်မှာ သင်္ချိုင်းကုန်းဖြစ်ပြီး မီးသင်္ဂြိုဟ်ထားသော လူသေများ၏ အရိုးအိုးများကို စဥ့် သို့မဟုတ် သစ်သားနှင့် ပြုလုပ်ထားသည့် အပိုင်းအစအမျိုးမျိုးတို့ကို ပူဖော်ထားမှုမျိုး မတွေ့ရဘဲ ကျစ်လျစ်သော မြေသားနှင့် ပြုလုပ်ထားသော မီးသင်္ဂြိုဟ်ရာအဆောင်များ၊ တချို့ကို အုတ်ဖြင့် မျက်နှာစာတွင် ပြုလုပ်ထားသည်ကိုတွေ့ရှိရပေသည်။ အဆိုပါ ကုန်းအပေါ်ဘက်တွင် သစ်သားကြမ်းခင်းများကို တိုင်များအထက်တွင်တည်ဆောက်ထားကြသည်။ ကြမ်းခင်းများသည် ဒေသတွင်းလုပ်ဆောင်လေ့ရှိသော အလေ့အထများစွာဖြင့် ဖုံးလွှမ်းထားသကဲ့သို့ အမှတ်အသားပါ ရှေးဦးစဥ့်အိုးများမှာ အဆက်မပြတ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပေသည်။ သို့သော်လည်း အိုးလုပ်နည်းများမှာ လှည့်လည်သည့် ဘီးသွားစိပ်သုံးကာ ဗုဒ္ဓဘာသာဆိုင်ရာ အမှတ်အသားများ ပုံဖော်ခြင်း၊ တံဆိပ်ပုံထုခြင်းများသည် အိန္ဒိယမှ ဘာသာရေးဆန်သော ယဉ်ကျေးမှုနှင့် အိန္ဒိယ စဥ့်လုပ်နည်းပညာပါသော အထောက်အထားများ တွေ့ရပါသည်။

သရေခေတ္တရာရှိ ပျူတို့၏ အစဉ်အလာအရနှင့် နေထိုင်ရာပုံစံအရ လုပ်ဆောင်ခဲ့မှုများ၏ ကြာမြင့်ချိန်သက်တမ်းကို ပထမနှင့် ဒုတိယအဆင့်အားဖြင့် ၅ ရာစုအလယ်ပိုင်းဟု ခန့်မှန်းနိုင်ရုံမက အမြင့်ဆုံးအဆင့်ရှိ မာကျောသော မျက်နှာပြင်နှင့် ဒေသအလိုက် အကြွင်းအကျန်များက ပထမထောင်စုနှစ်အလယ်ပိုင်းမှ အနောက်ပိုင်းအထိ ကြာမြင့်သောသက်တမ်းရှိကြောင်း ဖော်ထုတ်နိုင်ခဲ့ပေသည်။ ၂၀၁၅ ခုနှစ်က တူးဖော်ခဲ့သော ရဟန္တာကုန်း အရှေ့ဘက် လျှောစောက်ရှိ ရှေးဟောင်းကြမ်းခင်းအောက်တွင် မီးသင်္ဂြိုဟ်ထားမှုကို တွေ့ရှိရသည်။ တွေ့ရှိရချက်အရ သရေခေတ္တရာရှိပျူတို့သည် သူတို့နေထိုင်ရာ ရွေးချယ်ရာတွင် နဂိုအစုအဖွဲ့လိုက် မီးသင်္ဂြိုဟ်ထားသော အရိုးအိုးများ မြှုပ်နှံထားရာ အရေးပါသောနေရာများအပေါ်တွင် အိမ်များထပ်မံဆောက်လုပ်ကြောင်း တွေ့ရှိရသည်။ ရဟန္တာကုန်း ကုန်းတောင်ဘက်ရှိ ဈာပနလုပ်မြေမြှုပ်နှံရာ အဆောင်နေရာများတွင် တွေ့ရှိရသော အသုဘမီးသင်္ဂြိုဟ်ရာတွင် ထည့်သွင်းကြသည့် ဗုဒ္ဓဘာသာဆိုင်ရာ စဥ့်ထည်အမျိုးမျိုးကဲ့သို့ ပစ္စည်းများကို ရဟန္တာကုန်းရှိ ရှေးဟောင်းအိမ်များ၏ အောက်ဘက်တွင်မူ မတွေ့ရှိရပေ။ ဘူမိဗေဒဆိုင်ရာ မြေဆီမြေလွှာ ဆန်းစစ်ချက်အရ High-quality Radiocarbon Dating Services သုံး၍ Beta Analystics က အရိုးအိုးများ သုံးစွဲလာသောအဆင့် သတ်မှတ်ရာတွင် ပျမ်းမျှသက်တမ်းမှာ စီ ၂၆၀+/-၃၀ စီအီးနှင့်သစ်သားကြမ်းခင်းများအပေါ်ရှိ လူများ နေထိုင်ခဲ့ရာ အကြွင်းအကျန်များကြားက တွေ့ရှိရသော ဗုဒ္ဓဘာသာဆိုင်ရာ လက်ရာများ နှိပ်ခတ်ထားသော အိုးခြမ်းပွဲများက သက်တမ်းအားဖြင့် စီ ၃၄၀ +/_၃၀ စီအီး ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ထင်းရှူးမြို့တော်အဖြစ် ရေရှည်တည်တံ့ဖို့ ထင်းရှူးတောများ ထိန်းသိမ်းစို့

ကောင်းထက်

**ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော် တောင်တန်းများပေါ်တွင် တည်ထားသော မြို့ဖြစ်သည့်အတွက် မြို့နေအိမ်များသည် နိမ့်တုံမြင့်တုံဖြင့် ညီညာမှု မရှိ။ ထိုသို့ မြေပြင်အနေအထားကို မူတည်ကာ တည်ဆောက်ထားသော အိမ်ကလေးများဖြစ်နေခြင်းကပင် အမြင်ဆန်းသစ်မှုဖြင့် ခရီးသွားပြည်သူများကို ဆွဲဆောင်ထားသည့် မြို့လေးကား ကလောမြို့ပင်။**

ကလောမြို့ဝန်းကျင်သည် နွေရာသီ၌ အပူရှောင် အပန်းဖြေစခန်းအဖြစ်၊ မိုးရာသီ၌ စိမ်းစိုလတ်ဆတ်သော ထင်းရှူးရနံ့ထုံမွှမ်းသော မြို့ကလေးအဖြစ်၊ ဆောင်းရာသီ၌ အေးစိမ့်နေသည့် နှင်းမြို့တော်အဖြစ် သဘာဝဆန်ဆန် လှပလျက်ရှိသည်။ ပြည်တွင်းပြည်ပခရီးသွားများကို တစ်ခေါက်ရောက်ပြီးသော်လည်း နောက်ထပ်လာလည်ချင်သည့်စိတ် ဖြစ်ပေါ်လာအောင် သဘာဝအလှအပများစွာဖြင့် ဆွဲဆောင်ထားနိုင်သည့် တောင်ပေါ်မြို့လေးဖြစ်သည်။



ကလောမြို့ဝန်းကျင်ရှိ သဘာဝထင်းရှူးတောများကို တွေ့ရစဉ်။

## ထင်းရှူးတောများ လျော့နည်းလာ

ကလောမြို့ကို ဝန်းရံထားသည့် ထင်းရှူးတောများကြောင့် ထင်းရှူးမြို့တော်ဟုလည်း လူသိများလှသည်။ ထင်းရှူးတောများသည် ကလောမြို့၏ အမှတ်သင်္ကေတဖြစ်သည်။ ထင်းရှူးတောများသည် တစ်နှစ်ပတ်လုံး စိမ်းလန်းသော အပင်များဖြစ်သည်။ တောင်ပေါ်ဒေသအတွက် ထင်းရှူးတောများသည် အေးမြစိမ်းစိုသော ရာသီဥတုကို ထိန်းညှိပေးသည့် သစ်တောများဖြစ်သည်။ သို့သော်လည်း ထင်းရှူးတောများသည် လူဦးရေတိုးတက်မှု၊ စိုက်ပျိုးမြေတိုးချဲ့လာမှု၊ ဒေသဖွံ့ဖြိုးတိုးတက်လာမှု စသည့် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းလာသည်။

"ကလောက ခရီးသွားမြို့တော်အဖြစ် ထင်ရှားတယ်။ Little England လို့တောင် တင်စားကြတယ်။ ပြည်တွင်းပြည်ပ ခရီးသွားတွေ လာလည်ကြတာ အေးချမ်းတဲ့ သဘာဝတောတောင် ရာသီဥတုကြောင့်ပါ။ ကလောက ထင်းရှူးတောတွေက ရာသီဥတုအတွက် အရေးပါတာကိုတော့ ဒေသခံတိုင်း သိနားလည်ကြတယ်။ ဒါပေမယ့် ထင်းရှူးဆီ ထုတ်တာကြောင့်၊ ထင်းရှူးပင်တွေ တရားမဝင်ခုတ်တာတွေကြောင့် ထင်းရှူးတောတွေ လျော့နည်းလာတယ်။ ဒီလို လျော့နည်းလာတာကို ပြန်လည်စိုက်ပျိုးပြုစုထိန်းသိမ်းတဲ့ လုပ်ငန်းတွေနဲ့ သဘာဝတောတွေ ထိန်းသိမ်းဆောင်ရွက်တဲ့ လုပ်ငန်းတွေမှာတော့ ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါတယ်" ဟု ကလောမြို့မှ ဒေသခံ ဦးခန့်မင်းမော် က ဆိုသည်။

ရှမ်းပြည်နယ်တွင် ထင်းရှူးစိုက်ခင်းစုစုပေါင်း ၁၈၆၈၅ ဧက စိုက်ပျိုးတည်ထောင်ပြီးဖြစ်ပြီး ကလောမြို့နယ်တွင် ထင်းရှူးစိုက်ခင်း ၅၁၀၃ ဧက ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ သစ်တောအတန်းအစား ကျဆင်းခြင်း (Forest Degradation)၊ သစ်တောပြုန်းတီးခြင်း (Deforestation)များ ဖြစ်ပေါ်နေသည့် သစ်တောဧရိယာများ၊ ဓမ္မတာနည်းအရ မျိုးဆက်ရန် မဖြစ်နိုင်သောတောများနှင့် သဘာဝတော တန်ဖိုးမြင့်စိုက်ပျိုးခြင်းနည်းအရ ပြုစုဆောင်ရွက်ပေးခြင်းဖြင့် လုံလောက်မှုမရှိသော တောများကို ပဝတ္တိမျိုးဆက်ခြင်းနည်း (Artificial Regeneration) ဖြင့် သစ်တောစိုက်ခင်းများကို တည်ထောင် စိုက်ပျိုးပေးခြင်း ဖြစ်သည်။

သစ်တောဦးစီးဌာနသည် ကလောမြို့ဝန်းကျင်ရှိ ထင်းရှူးတောများအပါအဝင် သဘာဝတောများကို ထိန်းသိမ်းနိုင်ရန် ကလောကြိုးဝိုင်း၊ မကွေ့ကြိုးဝိုင်း၊ ဝက်ဖြူရေကြိုးဝိုင်း၊ အောင်ပန်းကြိုးဝိုင်း၊ ဘန်းလုံကြိုးဝိုင်း၊ တောင်လေးလုံးကြိုးဝိုင်းနှင့် သီခေါင်ကြိုးပြင် ကာကွယ်တောအဖြစ် သတ်မှတ်ထားရှိပြီး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ထင်းရှူးသစ်မျိုး အပါအဝင် သစ်မျိုး ၂၀ ကို ထိန်းသိမ်းကာကွယ်ရမည့် တားမြစ်သစ်ပင်များအဖြစ် သတ်မှတ်၍ သစ်တောဦးစီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာကွယ်ထားသည်။ ထို့ပြင် ကလောမြို့နှင့် ပတ်ဝန်းကျင်ရှိ ထင်းရှူးတောများ ထိန်းသိမ်းကာကွယ်ရေး၊ ထင်းရှူးစိုက်ခင်းများ တည်ထောင်စိုက်ပျိုးရေးလုပ်ငန်းများကို သစ်တောဦးစီးဌာနအနေဖြင့် အားစိုက်ဆောင်ရွက်လျက်ရှိသည်။

## ဘာပဲစိုက်စိုက် ရှင်အောင်စိုက်

"ထင်းရှူးတောတွေဟာ တောင်ပေါ်ဒေသရဲ့ ရာသီဥတုကို ထိန်းသိမ်းပေးနိုင်တယ်။ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းလာမှုကို ကျော်လွှန်ပြီးတော့ ထင်းရှူးမြို့တော်အဖြစ် ခရီးသွားတွေ ဆွဲဆောင်နိုင်ဖို့၊ တောင်ပေါ်ဒေသရဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ဖို့ ၂၀၂၂ ခုနှစ် မိုးရာသီကာလကနေ ၂၀၂၄ ခုနှစ် မိုးရာသီကာလအထိ သုံးနှစ်စီမံချက်အဖြစ် ထင်းရှူးပင်တွေကို စနစ်တကျ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးရာမှာလည်း ဘာပဲစိုက်စိုက်ရှင်အောင်စိုက်ဆိုသလိုစိုက်ပျိုးတဲ့အပင်တွေ ရှင်သန်ဖို့အတွက် သစ်တောစိုက်ခင်းပြုစုထိန်းသိမ်းရေး လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမှာပါ။ ပြီးတော့ ဒီတောတောင်ဝန်းကျင်တွေဟာ အင်းလေးကန် ဇီဝနယ်မြေနဲ့ ဆက်စပ်နေတဲ့အတွက် သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းတွေကို စဉ်ဆက်မပြတ် စနစ်တကျ ဆောင်ရွက်သွားဖို့ လိုပါတယ်" ဟု ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဆင့် က ပြောကြားသည်။

သစ်တောဦးစီးဌာနအနေဖြင့် ကလောမြို့အား ထင်းရှူးမြို့တော်ဖြစ်စေရေး ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို သုံးနှစ်တာကာလအတွက် ရေးဆွဲထားရှိပြီးဖြစ်ပြီး မိုးရာသီ သစ်ပင်စိုက်ပျိုးချိန်၌ ထင်းရှူးပင် ၆၅၀၀၀ ကို နှစ်စဉ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကလောမြို့အား ထင်းရှူးမြို့တော်ဖြစ်စေရေး ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို ကလောမြို့၏ အမှတ်သင်္ကေတအဖြစ် ထင်းရှူးပင်များ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကလောမြို့နယ်အား ထင်းရှူးမြို့တော် ဖြစ်စေရန်၊ ထင်းရှူးပင်များ ထိန်းသိမ်းခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်းများဖြင့် ကလောမြို့တော်အား ထင်းရှူးပင်များဖြင့် သာယာလှပစေရန်၊ ထင်းရှူးပင်များ တိုးပွားလာခြင်းဖြင့် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်လာနိုင်စေရန်၊ ထင်းရှူးပင်များ ထိန်းသိမ်းပြုစုခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်းများတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

"ကျွန်တော်တို့ ဌာနအနေနဲ့ တစ်နှစ်ကို အပင် ၆၅၀၀၀ နဲ့ စီမံချက်သုံးနှစ်မှာ ထင်းရှူးပင် ၁၉၅၀၀၀ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ဧကအနေနဲ့ဆိုရင် တစ်နှစ်ကို ၁၅၂ ဧကနဲ့ သုံးနှစ် ၄၅၆ ဧက ဖြစ်ပါတယ်။ စိုက်ပျိုးမယ့်နေရာတွေကတော့ ကလောမြို့ဝန်းကျင်နဲ့ သစ်တောနယ်မြေဖြစ်တဲ့ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောတွေမှာ ဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးရာမှာ စိုက်ပင်တိုင်း ရှင်သန်နိုင်ဖို့အတွက် တစ်နှစ်သားကျော် အမြင့် နှစ်ပေအထက်ရှိတဲ့ ထင်းရှူးပျိုးပင်တွေကို စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်" ဟု ရှမ်းပြည်နယ် တောင်ကြီးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ရှင်းပြသည်။

## စုပေါင်းစိုက်ပျိုးဆောင်ရွက်

၂၀၂၂ ခုနှစ် မိုးရာသီတွင် ထင်းရှူးပင် ၆၅၀၀၀ ကို သဘာဝတောများရှိ ကွက်လပ်ဖြစ်ပေါ်နေသော နေရာများတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ တည်ထောင်ပြီး စိုက်ခင်းများအတွင်း ပြန်လည်ပြုစုထိန်းသိမ်းစိုက်ပျိုးခြင်း၊ ပြည်ထောင်စုကားလမ်းမကြီး လမ်းဘေး ဝဲ/ယာတွင် ထင်းရှူးပင်များ တအုပ်တမ စိုက်ပျိုးခြင်းတို့ကို သစ်တောဦးစီးဌာနမှ တာဝန်ယူ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ပြီး တပ်ရင်းတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုတို့မှ စုပေါင်းစိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ထိုကဲ့သို့ ဖြန့်ဝေစိုက်ပျိုးသွားမည့် ထင်းရှူးပျိုးပင်များကို ကလောမြို့နယ် သစ်တောဦးစီးဌာန အင်းပြင်အမြဲတမ်းပျိုးဥယျာဉ်နှင့် ဟဲဟိုးအမြဲတမ်းပျိုးဥယျာဉ်တို့တွင် ကြိုတင်ပျိုးထောင်ထားရှိပြီး ဖြစ်သည်။

"ကျွန်တော်တို့ ပျိုးဥယျာဉ်နှစ်ခုမှာ ထင်းရှူးအပါအဝင် ချယ်ရီ၊ ခါတော်မီ၊ စိန်ပန်းပြာ စတဲ့ ဒေသနဲ့ ကိုက်ညီတဲ့ ပျိုးပင်တွေကို ပျိုးထောင်ထားရှိပြီး သစ်တောဦးစီးဌာနအနေဖြင့် တာဝန်ယူစိုက်ပျိုးသလို ပြည်သူလူထုထံ ဖြန့်ဝေပြီး စိုက်ပျိုးတာလည်း ရှိပါတယ်။ အခုနှစ်မှာတော့ ထင်းရှူးမြို့တော်စီမံချက်အရ ထင်းရှူးပျိုးပင်များကို လျာထားချက်ပြည့်မီအောင်၊ အရွယ်မီ ပျိုးပင်ရရှိအောင် ကြိုတင်ပျိုးထောင်ထားရှိခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ သဘာဝတောတွေမှာ ကွက်လပ်ဖြည့်စိုက်ပျိုးတာကို မေလအတွင်း မိုးရွာသွန်းမှု အခြေအနေနဲ့ချိန်ညှိကာ စိုက်ပျိုးလျက်ရှိနေပြီး လူထုဖြန့်ဝေ စိုက်ပျိုးတာနဲ့ တပ်ရင်းတပ်ဖွဲ့၊ ဌာနဆိုင်ရာတွေ စုပေါင်းစိုက်ပျိုးတာကို ဇွန်လပထမပတ်မှာ စတင်ဖြန့်ဝေစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်" ဟု ကလောမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဟိန်းက ပြောသည်။

စိုက်ပျိုးပြီးသည့် အပင်များကို ရှင်သန်အောင် သစ်တောဦးစီးဌာနအနေဖြင့် ပေါင်းရှင်း ခါးဆွခြင်း၊ မြေဩဇာကျွေးခြင်း၊ သေပင်များ တွေ့ရှိရပါက ဖာထေးစိုက်ပျိုးခြင်း၊ မီးကာကွယ်ခြင်း၊ တိရစ္ဆာန်များ စားကျက်ချဝင်ရောက်မှုမရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် တောင်ပေါ်ဒေသဂေဟစနစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ထင်းရှူးတောများ ပိုမိုဖြစ်ထွန်းလာပါက ရေ၊ မြေ၊ ရာသီဥတုသာလွန်ကောင်းမွန်လာမည်ဖြစ်သည်။ ကောင်းမွန်သော ရာသီဥတု၊ သဘာဝပတ်ဝန်းကျင် အလှအပများကြောင့် ဆွဲဆောင်မှုအားကောင်းသော ခရီးသွားလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးမှုအရှိန်တိုးမြင့်လာမည်ဖြစ်သလို ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများတိုးပွား၍ လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်သည်။ ထိုကဲ့သို့ တည်ရှိနေသည့် တောင်ပေါ်ဒေသဂေဟစနစ်၏ အစိတ်အပိုင်းဖြစ်သော ထင်းရှူးတောများကို ထိန်းသိမ်းခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ရရှိခံစားနိုင်မည်ဖြစ်သည့်အတွက် သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

**❍ ကလောမြို့၏ အမှတ်သင်္ကေတအဖြစ် ထင်းရှူးပင်များ ရေရှည်ဖွံ့ဖြိုး တိုးတက်လာစေရန်၊ ကလောမြို့နယ်အား ထင်းရှူးမြို့တော်ဖြစ်စေရန်၊ ထင်းရှူးပင်များ ထိန်းသိမ်းခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်းများဖြင့် ကလောမြို့တော်အား ထင်းရှူးပင်များဖြင့် သာယာလှပစေရန်၊ ထင်းရှူးပင်များ တိုးပွားလာခြင်းဖြင့် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်လာနိုင်စေရန်၊ ထင်းရှူးပင်များ ထိန်းသိမ်းပြုစုခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်းများတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်**

# လှိုင်ကော်မြို့၌ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ကယားပြည်နယ်မှ အားကစားသမားများနှင့် ပြိုင်ပွဲဝင်ကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**လှိုင်ကော် ဇွန် ၉**

ကယားပြည်နယ်အစိုးရအဖွဲ့မှ ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ကယားပြည်နယ်မှ အားကစားသမားများနှင့် ပြိုင်ပွဲဝင် ကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ကျင်းပမည့် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအသင်းများအား ထောက်ပံ့ငွေ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ကယားပြည်နယ်မှ နိုင်ငံ့လက်ရွေးစင် ကစားသမားများက ငွေနှင့် ကြေးတံဆိပ်များကို ဆွတ်ခူးရရှိခဲ့ပါသဖြင့် ပြည်နယ်၏ အားကစားသမိုင်းတွင် အားကစားသူရဲကောင်းများအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ခေတ်အဆက်ဆက်တွင် ပြည်နယ်မှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမား အမြောက်အမြား မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်မှ အားကစားအဆင့်အတန်း မြင့်မားလာစေရေး၊ အောင်မြင်မှုရရှိရေးနှင့် အားကစားမောင်မယ်များ စိတ်ဓာတ်မြှင့်တင်စေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ထပ်ဆင့်ဂုဏ်ပြု ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တိုက်ကွမ်ဒိုအားကစားနည်းတွင် (၅၇) ကီလိုတန်း ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသော မဒေစီဦး ဂျူးလိယက်နှင့် အလေးမပြိုင်ပွဲတွင် (၅၉) ကီလိုတန်းပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိသော မနော်တဘိုးရာတို့ အားလည်းကောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲဝင်အားကစားသမား လေးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ချီးမြှင့်သည်။ ဆက်လက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုက်ကွမ်ဒိုနှင့် ဘော်လီဘောလက်ရွေးစင်အသင်းများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**






## ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် ကမ္ဘောဒီးယား ကိုယ်စားလှယ်အဖွဲ့ကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇွန် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (ဓါတ်ပုံ)

**သတင်းစဉ်**

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းသွားနိုင်စေရန် သင်ကြားပေးလျက်ရှိ

**နေပြည်တော် ဇွန် ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းသည် ယနေ့ နံနက်ပိုင်းက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၌ ကျင်းပသည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးအောင်ဆန်းဦးနှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများ၊ မောင်မယ် သစ်လွင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ပညာထူးချွန်ပြီး ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံ့သားကောင်းများသည် နိုင်ငံတော်အတွက် အားထားရမည့်သူများ ဖြစ်ကြောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာရပ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် သင်ကြားပေးလျက် ရှိသကဲ့သို့ မြန်မာတိုင်းရင်းသားလူမျိုးများ၏ ရိုးရာအနုပညာရပ်များကိုပါ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။






(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ပါဝင်အစွမ်းပြခွင့် ရရှိတော့မည်ဖြစ်ကြောင်း၊ တက္ကသိုလ်အဆင့် အနုသုခုမပညာရပ်များကို ဆုံးခန်းတိုင်အောင် သင်ယူကြပြီး ကိုယ်ကျင့်တရားကောင်းမွန်၍ ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အနုပညာရှင်ကောင်းများ ဖြစ်ကြပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တက္ကသိုလ်မောင်မယ်များအဖြစ် ရွေးချယ်ခြင်းခံရသော ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနမှ မောင်ကျော်ဝေယံလင်းနှင့် ဂီတပညာဌာနက မဆုမြတ်သူတို့အား စလွယ်နှင့် သရဖူတို့ကို ချီးမြှင့်ပြီး အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ် ပင်မအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိရာ ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုနှင့် ကျောင်း ပရဝဏ်သာယာလှပရေး ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၆၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၅ | ၂၃၂၀ | ၂၃၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၇၀ | ၂၇၆၀ |
| 95 Ron | ၂၃၂၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၈၅ | ၂၃၇၀ | ၂၃၅၀ | ၂၄၄၅ | ၂၄၆၀ | ၂၃၅၅ | ၂၃၇၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၅ | ၂၆၂၅ | ၂၈၁၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၀ | ၂၅၈၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၅ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၀ | ၂၅၉၀ | ၂၆၂၅ | ၂၆၂၅ | ၂၆၂၅ | ၂၈၄၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၅၇၀ | ၂၆၁၅ | ၂၆၁၅ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၁၀ | ၂၆၂၀ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၈၇၅ | ၂၉၈၅ |
| HSD (10 ppm) | ၂၅၇၀ | ၂၆၁၅ | ၂၆၁၅ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၁၀ | ၂၆၂၀ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၈၇၅ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၆၁ | ၂၂၃၈ |
| 95 Ron | ၂၂၁၂ | ၂၂၉၀ |
| HSD (500 ppm) | ၂၄၂၈ | ၂၅၀၆ |
| HSD (50 ppm) | ၂၄၅၆ | ၂၅၃၄ |
| HSD (10 ppm) | ၂၄၅၆ | ၂၅၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား/အမျိုးသမီး ဘော်လီဘော၊ ဘီလိယက်နှင့် စနူကာ၊ ဘတ်စကက်ဘောပြိုင်ပွဲများ ရှမ်းပြည်နယ် တောင်ကြီးနှင့် လားရှိုးမြို့များ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

**တောင်ကြီး ဇွန် ၉**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား အမျိုးသမီး ဘော်လီဘော၊ ဘီလိယက်နှင့် စနူကာ၊ ဘတ်စကက်ဘောပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်နယ်လူမှုရေးရာဝန်ကြီး ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်က ပြည်နယ်နှင့် တိုင်းဒေသကြီးဘော်လီဘောပြိုင်ပွဲကို ရှမ်းပြည်နယ်တွင် အိမ်ရှင်အဖြစ် ၂၀၁၄ ခုနှစ်တွင် လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် လည်းကောင်း နှစ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခု ကျင်းပမည့်ပြိုင်ပွဲသည် တတိယအကြိမ်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဘီလိယက်နှင့် စနူကာပြိုင်ပွဲများကို ရှမ်းပြည်နယ်ရှိ ပြည်သူများကြည့်ရှုအားပေးနိုင်စေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိသည့် ကစားသမားအသီးသီး၏ မတွေ့ကြုံပြားသည့် ကစားပုံ၊ ကစားဟန်များကို လေ့လာနိုင်စေရန်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ ဒေသအသီးသီးမှ ပြိုင်ပွဲဝင်များအနေဖြင့် ရှမ်းပြည်နယ်၏ ယဉ်ကျေးမှုဓလေ့စရိုက်၊ ဒေသန္တရဗဟုသုတများ လေ့လာခွင့်ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သဖြင့် ပြိုင်ပွဲများအောင်မြင်စွာနှင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကော်မတီအသီးသီးမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် စသည်ဖြင့် ပြောကြားသည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးကျော်ဆန်းဦးက ထပ်ဆင့်အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁)ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီအသီးသီးမှ လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြရာ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။




အဆိုပါပြိုင်ပွဲများအနက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့တွင် ဇွန် ၁၇ ရက်မှ ၃၀ ရက်အထိ လည်းကောင်း၊ ဘတ်စကက်ဘောပြိုင်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တွင် ဩဂုတ် ၂၅ ရက်မှ ၃၀ ရက်အထိ လည်းကောင်း၊ အမျိုးသား အမျိုးသမီး ဘီလိယက်နှင့် စနူကာပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လက်ဖက်ပင်များ တိုးချဲ့စိုက်ပျိုးရေး ကွင်းဆင်းဆောင်ရွက်

**သီပေါ ဇွန် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် မြို့နယ်များ စိမ်းလန်းစိုပြည်သာယာရေး ပညာပေးဟောပြောပွဲများ ကျင်းပရေးနှင့် သစ်ပင်ပန်းမန်များ၊ စိုက်ပျိုးရေးအတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လေးနှင့် တာဝန်ရှိသူများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရေးသားပြုစုသော စာရေးဆရာဇာဏီဟိန်း(သီပေါ)တို့က ယမန်နေ့က သီပေါမြို့နယ် နမ့်လန်ဒေသခံတိုင်းရင်းသားပြည်သူများ၊ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်များ၊ ကျောင်းသုံးစာအုပ်၊ ဗလာစာအုပ်များနှင့် ဘောပင်များကို နမ့်လန်မြို့ အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းမာထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ လက်ဖက်ပင်များ အဓိကစိုက်ပျိုးထွက်ရှိရာ ဒေသဖြစ်သော နမ့်ဆန်မြို့နယ်သို့လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လက်ဖက်ပင်များ ဆက်လက်ရှင်သန်ရေးနှင့် တိုးချဲ့စိုက်ပျိုးရေးအတွက် သုတေသနလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) (မော်လမြိုင်ရုံးခွဲ)မှ ဝန်ထမ်းတစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်

**နေပြည်တော် ဇွန် ၉**

NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ နိုင်ငံရေးအစွန်းရောက် အယူဝါဒကိုအခြေခံ၍ နေရာအချို့၌ ဗုံးခွဲတိုက်ခိုက်ခြင်း၊ လက်နက်ဖြင့် ခြိမ်းခြောက်လုယက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့်အပြင် ပြည်သူလူထု၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းပီသစွာ ကုသမှုများ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ NGO၊ INGO အဖွဲ့အစည်းများကိုပါ ခြိမ်းခြောက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြသည်။

ထိုသို့ အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) (မော်လမြိုင်ရုံးခွဲ)မှ ဝန်ထမ်းဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်နေ ဦးမျိုးမင်းထွဋ် (၄၉) နှစ်(ဘ)ဦးတင်ထွန်းသည် ဇွန် ၈ ရက် ညနေပိုင်းတွင် ၎င်း၏ရုံးမှ ဆိုင်ကယ်ဖြင့် ပြန်လာစဉ် မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် သံလွင်ဥယျာဉ်အနောက်လမ်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လမ်းဆုံအနီးသို့ အရောက်၌ PDFအမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ၎င်းတွင် လည်ပင်းကျည်ဖောက်ဝင် ဒဏ်ရာသုံးချက်၊ ဝဲဘက်ညှပ်ရိုးအောက် ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးခဲ့ကြောင်းနှင့် အခင်းဖြစ်နေရာမှ ၎င်းစီးနင်းလာသည့် Pxan Ton ဆိုင်ကယ်တစ်စီး၊ Luger ကျည်ခွံ သုံးခု၊ SLB ကျည်ခွံ တစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း သိရှိရသည်။

ထိုသို့ မွန်ပြည်နယ်အတွင်း ဒေသခံပြည်သူများ၏ ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်နေသည့် WHO ဝန်ထမ်းတစ်ဦးအား အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မွန်ပြည်နယ်အတွင်း NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးသူ အစိုးရဝန်ထမ်း သုံးဦးနှင့် အရပ်သား ပြည်သူ ၈၆ ဦး၊ ဒဏ်ရာရရှိသူ အစိုးရဝန်ထမ်း ၁၂ ဦးနှင့် အရပ်သားပြည်သူ ၁၁၅ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။



ဦးမျိုးမင်းထွဋ်(သေဆုံး)

သတင်းစဉ်

# လှိုင်သာယာမြို့နယ် အောင်မေတ္တာရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် တရားခံများအား ပြစ်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၉**

၂၀၂၁ ခုနှစ် မတ် ၁၄ ရက်တွင် လှမျိုးအောင်(ခ) ကိုမျိုး(ခ) ဝက်ကြီး ခေါင်းဆောင်သည့် အင်အား ၂၀ ခန့်သည် တုတ်၊ ဓားများ ကိုင်ဆောင်၍ လှိုင်သာယာမြို့နယ် အောင်မေတ္တာရပ်ကွက်၌ အိမ်ငှားနေထိုင်သူ အမျိုးသမီးတစ်ဦး၏နေအိမ်သို့ ရောက်ရှိလာပြီး ညဘက်သံပုံးမတီးသဖြင့် သူလျှို၊ ဒလန်ဟုစွပ်စွဲကာ စစ်ဆေးမည်ဟု ပြောဆို၍ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်းနှင့် ဖမ်းဆီးခေါ်ဆောင်သွားသည့် တရားခံ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးကို ဖမ်းဆီးရမိခဲ့သည့် သတင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဖမ်းဆီးရမိတရားခံ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီး၏ ထွက်ဆိုချက်များ အရ ၂၀၂၁ ခုနှစ် မတ် ၁၄ ရက် ည ၉ နာရီခန့်တွင် လှမျိုးအောင်(ခ) ကိုမျိုး(ခ) ဝက်ကြီး ခေါင်းဆောင်ပြီး မြင့်မြင့်အေး၊ တင်ထွန်းအောင်(ခ)မိုးလျှံ၊ သန့်ဇော်ဦးနှင့် မင်းမင်း(ခ)အောင်မင်းဦးအပါအဝင် လှိုင်သာယာမြို့နယ် အောင်မေတ္တာရပ်ကွက်အတွင်းရှိ ဆူပူအကြမ်းဖက်သူ ၂၀ ခန့်သည် အဆိုပါရပ်ကွက်အတွင်း နေထိုင်သည့် အပြစ်မဲ့ပြည်သူအမျိုးသမီး တစ်ဦးနှင့် အိမ်အကူ အမျိုးသမီး တစ်ဦးတို့ကို သံပုံးမတီးခြင်းကို အကြောင်းပြကာ သူလျှို၊ ဒလန်ဟု စွပ်စွဲပြီး လက်ပြန်ကြိုး တုပ်နှောင်ကာ သုံးဘီးယာဉ်ဖြင့် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် သောင်ကြီးဘုန်းတော်ကြီးကျောင်းသို့ ခေါ်ဆောင်၍ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ သောင်ကြီးဘုန်းတော်ကြီးကျောင်းရှိသံဃာတော်များက ကျောင်းဝင်းအတွင်း နှိပ်စက်ညှဉ်းပန်းမှုများ မပြုလုပ်ရန် မေတ္တာရပ်ခံသဖြင့် အဆိုပါအမျိုးသမီး နှစ်ဦးကို အောင်မေတ္တာရပ်ကွက်ရှိ ဆွမ်းလောင်းဓမ္မာရုံသို့ ရွှေ့ပြောင်းခေါ်ဆောင်၍ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းနောက် အမျိုးသမီး၏နေအိမ်သို့ ပြန်လည်ခေါ်ဆောင်ကာ နေအိမ်အား သော့ခတ်၍ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုများ ထပ်မံပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိခဲ့ရသည်။

မတ် ၁၅ ရက် နံနက် (၁၀) နာရီခန့်တွင် လှမျိုးအောင်(ခ)ကိုမျိုး(ခ) ဝက်ကြီးနှင့် အောင်သူရဇော်(ခ)ကတုံး(ခ)သူရတို့သည် အိမ်အကူအမျိုးသမီးအား နေအိမ်တွင် ပိတ်လှောင်ထားခဲ့ပြီး အပြစ်မဲ့ပြည်သူအမျိုးသမီးအား တွံတေးမြို့နယ် ဖျောက်ရိုးကျေးရွာအနီးသို့ မော်တော်ယာဉ်ဖြင့် ခေါ်ဆောင်၍ လူသွားလူလာနည်းပါးသည့်နေရာတွင် အသင့်ယူဆောင်လာသော အရိုးအသွား ကိုးလက်မခန့်ရှိ နှစ်ဖက်သွားဓားဖြင့် ငါးချက်ထိုးခဲ့ကြောင်း၊ အပြစ်မဲ့ပြည်သူအမျိုးသမီးမှာ ဒဏ်ရာဖြင့်ရုန်းကန်နေစဉ် အောင်သူရဇော် (ခ)ကတုံး(ခ)သူရက ၎င်းအမျိုးသမီးဝတ်ဆင်ထားသည့် လော့ကတ်သီးပါ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်းတို့ကို ဖြုတ်ယူပြီး ကားအောက်သို့ဆွဲချကာ ဓားဖြင့်နှစ်ချက် ထပ်မံထိုး၍ ရက်စက်စွာ မသေမချင်းသတ်ဖြတ်ခဲ့ကြောင်း၊ ယင်းနောက် အပြစ်မဲ့ပြည်သူ အမျိုးသမီး၏ အလောင်းအား ချုံပုတ်အတွင်း၌ ပစ်ထားခဲ့ကြောင်း ဖော်ထုတ်သိရှိခဲ့ရသည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ အပြစ်မဲ့ပြည်သူအမျိုးသမီးတစ်ဦးအား သူလျှို၊ ဒလန်ဟု စွပ်စွဲ၍ အကြိမ်ကြိမ် ညှဉ်းပန်းနှိပ်စက်ကာ ရက်စက်စွာသတ်ဖြတ်ခဲ့သည့် လှမျိုးအောင်(ခ)ကိုမျိုး(ခ) ဝက်ကြီး၊ အောင်သူရဇော်(ခ) ကတုံး(ခ)သူရ၊ တင်ထွန်းအောင်(ခ)မိုးလျှံနှင့် မြင့်မြင့်အေး တို့အား စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် ၂၀၂၁ ခုနှစ် မေ ၁၂ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ သေဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။



ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသည့် အပြစ်မဲ့ပြည်သူ၏ မှတ်တမ်းဓာတ်ပုံ။



လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီး



အောင်သူရဇော်(ခ)ကတုံး(ခ)သူရ



တင်ထွန်းအောင်(ခ)မိုးလျှံ



မြင့်မြင့်အေး

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အောင်ဆန်းပြည်သာယာရပ်ကွက် ရန်အောင်မြင်လမ်းနေ နီလာကျော် (၂၇)နှစ်သည် ၎င်းအသုံးပြုသည့် “Ni Lar Kyaw” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြင်သစ်နိုင်ငံ ပါရီမြို့၌ လုပ်ခလစာတိုးမြှင့်ရေးသပိတ်မှောက်မှုကြောင့် လေကြောင်းခရီးစဉ် လေးပုံတစ်ပုံခန့် ရပ်ဆိုင်း

ပါရီ ဇွန် ၉

**လုပ်ခလစာတိုးမြှင့်ရေးနှင့်ပတ်သက်ပြီး ပြင်သစ်နိုင်ငံ ပါရီမြို့တော်၏ အဓိကလေဆိပ်၌ သပိတ်မှောက်မှုများ ဖြစ်ပွားခဲ့သောကြောင့် လေကြောင်းခရီးစဉ် လေးပုံတစ်ပုံခန့် ရပ်ဆိုင်းခဲ့ရသလို လေယာဉ်ပြေးလမ်းများကို ပိတ်ထားခဲ့ရပြီး ခရီးသည်များလည်း ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့သည်။ သပိတ်မှောက်ခြင်းများက ဥရောပလေကြောင်းလိုင်းကဏ္ဍကို ရုတ်ရုတ်သဲသဲဖြစ်စေခဲ့သည်။**

ကိုဗစ်-၁၉ ကပ်ရောဂါမှ ခရီးသွားကဏ္ဍ ပြန်လည်နိုးထသက်ဝင်လာချိန်တွင် ဝန်ထမ်း ပြတ်လပ်မှုကြောင့် ဥရောပလေဆိပ်အတော်များများ ခရီးသည် ဝင်ထွက်သွားလာမှုလုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေရန် ခက်ခက်ခဲခဲ ရုန်းကန်ကြိုးစားဆောင်ရွက်နေရသည်။

လုပ်ခလစာတိုးမြှင့်ရေးနှင့် ပတ်သက်ပြီး လေကြောင်းအလုပ်သမားများ သပိတ်မှောက်ပြီးနောက် ပါရီ-ချားလ်ဒီဂေါလ်လေဆိပ်၌ လေကြောင်းခရီးစဉ် ၁၀၀ ခန့် ဇွန် ၉ ရက် နံနက်ပိုင်းက ဖျက်သိမ်းခဲ့ရသည်။

မီးသတ်သမားများ၏ သပိတ်မှောက်မှုကလည်း လေဆိပ်နှစ်ခု၏ လေယာဉ်ပြေးလမ်းလေးခုကို နံနက် ၇ နာရီမှ မွန်းလွဲ ၂ နာရီအထိ ပိတ်ထားရမှု ဖြစ်စေခဲ့ကြောင်း လေကြောင်းအော်ပရေတာ အေဒီပီက ပြောသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်အကိုင်များ ရှားပါးပြတ်လပ်ခဲ့ပြီး ဝန်ထမ်းအင်အား ပြတ်တောက်နေချိန်တွင် သပိတ်မှောက်အလုပ်သမား ၈၀၀ ခန့် လေဆိပ်အပြင်ဘက်တွင် လုပ်ခလစာကို ယူရို ၃၀၀ (အမေရိကန်ဒေါ်လာ ၃၂၀) ခန့် တိုးမြှင့်ပေးရန် သပိတ်မှောက်ခဲ့သည်။ **အေအက်ဖ်ပီ**



သပိတ်မှောက်နေသော လေယာဉ်ဝန်ထမ်းများကို တွေ့ရစဉ်။

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ကွန်ဂိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၌ စိန်တွင်းပြိုကျမှုကြောင့် ၄၀ ကျော်သေဆုံး

ကွန်ဂိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (DRC) အလယ်ပိုင်း၌ ဇွန် ၇ ရက် နှောင်းပိုင်းက စိန်တွင်းပြိုကျမှုဖြစ်ပွားရာ လူ ၄၀ ကျော် သေဆုံးကြောင်း ဒေသတွင်းအာဏာပိုင်များက အတည်ပြုပြောကြားသည်။

သေဆုံးသူများမှာ မြေအောက်တွင်းများတွင် အလုပ်လုပ်ကိုင်နေသော စိန်တူးသမားများဖြစ်ပြီး အဆိုပါ စိန်တွင်းပြိုကျမှုမှာ ၁၅ မီတာမှ ၁၈ မီတာအနက်ရှိသည့် တွင်း ၄၀ ကျော်ကို ထိခိုက်မှုဖြစ်စေခဲ့ကြောင်း ကက်ဆိုင်းပြည်နယ်အစိုးရ၏ ပြည်ထဲရေးဝန်ကြီး အလိုင်း ရှီဆန်ဂူ အန်ခ်တမ်ဘာက ပြောသည်။

### ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ယာဉ်တိုက်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရ

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် နာရိုဝယ်ခရိုင် ကာတာပူမြို့၌ ကုန်တင်ယာဉ်တစ်စီးနှင့် ခရီးသည်တင်ယာဉ်တစ်စီးတို့ ယာဉ်တိုက်မှုဖြစ်ပွားပြီး သုံးဦးထက်မနည်းသေဆုံးကာ ၁၀ ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်မီဒီယာတစ်ခုက ဇွန် ၉ ရက်တွင် ဖော်ပြသည်။

အစီရင်ခံစာအရ ကုန်တင်ယာဉ်မှာ အရှိန်မထိန်းနိုင်ခြင်းကြောင့် ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းဖြစ်သည်ဟု သိရသည်။

### မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၄၅၁၈၉၆၅ ဦးရှိလာ

မလေးရှားနိုင်ငံ၌ ဇွန် ၈ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၅၁၈ ဦးတွေ့ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၄၅၁၈၉၆၅ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုဗစ်-၁၉ ကူးစက်ခံရသူများအနက် ပြည်ပပြန်ကူးစက်ခံရသူ တစ်ဦးရှိပြီး ၁၅၁၇ ဦးမှာ ပြည်တွင်းကူးစက်မှုများဖြစ်သည်။ လက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၁၅၈၉ ဦးရှိသည့်အနက် အထူးကြပ်မတ်ကုသဆောင်၌ ကုသမှုခံယူနေသူ ၂၆ ဦးရှိပြီး ၁၄ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာအကူအညီများ လိုအပ်နေကြောင်း သိရသည်။

## အိမ်နီးချင်းနိုင်ငံများမှ အာဖဂန်နစ္စတန်ဒုက္ခသည် ၅၀၀၀ ကျော် နေရပ်ပြန်လာ

**ကဘူးလ် ဇွန် ၉**

အိမ်နီးချင်း ပါကစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံတို့မှ အာဖဂန်နစ္စတန်ဒုက္ခသည် စုစုပေါင်း ၅၁၅၉ ဦးခန့် နေရပ်ပြန်လာခဲ့ကြောင်း နိုင်ငံ၏ ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ဇွန် ၉ ရက်က အတည်ပြုပြောကြားသည်။

နင်ရော့ဇ်ပြည်နယ် အနောက်ပိုင်းနှင့် အီရန်နိုင်ငံ ဟီရတ်ပြည်နယ် နယ်စပ်ဖြတ်ကျော်ဂိတ်များမှတစ်ဆင့် အာဖဂန်နိုင်ငံသား ၄၉၈၆ ဦးနှင့် ပါကစ္စတန်နိုင်ငံမှ အာဖဂန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်အတွင်း အထောက်အထားမဲ့ ဒုက္ခသည် ၁၇၃ ဦး ရောက်ရှိလာခြင်း ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။


၂၀၂၁ ခုနှစ်က အီရန်နိုင်ငံမှ အာဖဂန်ဒုက္ခသည်များ နေရပ်ပြန်လာသည်ကို တွေ့ရစဉ်။

နေရပ်ပြန်လာသူများအနက် ၁၈၈၀ ကို ကုလသမဂ္ဂ ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ အေဂျင်စီ၊ နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့ (IOM)သို့ အသိပေးတင်ပြထားကြောင်း၊ ၂၀၂၁ ခုနှစ် ဩဂုတ်လမှ စတင်ကာ အိမ်နီးချင်းနိုင်ငံများက အာဖဂန်ဒုက္ခသည် ၇၄၀၀၀၀ ကျော်ကို ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။

**ဆင်ဟွာ**

## တောင်ကိုရီးယားနိုင်ငံ၌ ရုံးအဆောက်အအုံမီးလောင်မှုဖြစ်ပွား၍ ခုနစ်ဦးသေဆုံးပြီး ၄၆ ဦး ဒဏ်ရာရရှိ

**ဆိုးလ် ဇွန် ၉**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ဒယ်ဂူးမြို့ရှိ ရုံးအဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၄၆ဦး ဒဏ်ရာရရှိကြောင်း မီးသတ်အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားပြီး ယွန်ဟပ်သတင်းအေဂျင်စီက ဇွန် ၉ ရက်က ပြောကြားသည်။

မြို့တော် ဆိုးလ်မြို့၏ တောင်ဘက် ၃၀၀ ကီလိုမီတာခန့်အကွာ ဒယ်ဂူးမြို့ရှိ ရုံးအဆောက်အအုံ ခုနစ်ထပ်တွင် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားကြောင်း၊ မီးခိုးငွေ့ ရှူရှိုက်မိခြင်းကြောင့် ခုနစ်ဦးသေဆုံးပြီး ၄၆ ဦး ဒဏ်ရာရရှိကြောင်း၊ အဆောက်အအုံမှ ဒါဇင်နှင့်ချီသည့် လူများထွက်ပြေးကြကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာ နေရာသို့ မီးသတ်ကား ၅၀ နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၆၀ ခန့် သွားရောက်မီးငြိမ်းသတ်ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**


မီးလောင်မှုဖြစ်ပွားနေသော ရုံးအဆောက်အအုံကို တွေ့ရစဉ်။

# ဇွန် ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၈ ရာခိုင်နှုန်းရှိ

**(၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၅၈,၆၈၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၄၁၅) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၃၉၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၆၈) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၅) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၈၄) ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၅၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၄၆၃) ခု | (၁)ဦး |
| စုစုပေါင်း | (၅,၅၁၄) ခု | (၁၀)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၉-၆-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ


| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၆၉၈၈၆၇၁ | ၈၂၈၂၅၉၉၉ | ၁၀၃၅၀၃၁ |
| ၂။ | အိန္ဒိယ | ၄၃၁၉၇၅၂၂ | ၄၂၆၄၀၃၀၁ | ၅၂၄၇၂၃ |
| ၃။ | ဘရာဇီး | ၃၁၃၁၅၇၇၇ | ၃၀၁၅၅၃၈၆ | ၆၆၇၇၀၁ |
| ၄။ | ပြင်သစ် | ၂၉၇၁၃၂၁၉ | ၂၉၁၄၂၄၇၈ | ၁၄၈၆၆၈ |
| ၅။ | ဂျာမနီ | ၂၆၆၅၂၃၈၀ | ၂၅၈၀၃၃၀၀ | ၁၃၉၉၄၈ |
| ၆။ | ဗြိတိန် | ၂၂၃၆၃၀၆၇ | ၂၂၀၀၇၀၄၄ | ၁၇၉၀၈၃ |
| ၇။ | ရုရှား | ၁၈၃၆၅၈၇၉ | ၁၇၇၈၁၉၂၂ | ၃၇၉၈၁၃ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၀၀၃၄၆ | ၁၇၉၃၃၃၉၂ | ၂၄၃၂၃ |
| ၉။ | အီတလီ | ၁၇၅၆၆၀၆၁ | ၁၆၇၆၉၈၉၇ | ၁၆၇၁၆၉ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## ၉-၆-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၂၈၇၂၀ | ၉၅၃၅၉၉၈ | ၄၃၀၈၁ |
| အင်ဒိုနီးရှား | ၆၀၅၈၇၃၆ | ၅၈၉၈၀၄၀ | ၁၅၆၆၃၅ |
| မလေးရှား | ၄၅၁၈၉၆၅ | ၄၄၆၁၆၇၁ | ၃၅၇၀၅ |
| ထိုင်း | ၄၄၇၇၀၅၂ | ၄၄၂၁၅၂၈ | ၃၀၂၆၅ |
| ဖိလစ်ပိုင် | ၃၆၉၂၃၃၆ | ၃၆၂၉၃၅၁ | ၆၀၄၅၆ |
| စင်ကာပူ | ၁၃၂၉၂၂၅ | ၁၂၄၇၂၂၅ | ၁၃၉၄ |
| မြန်မာ | ၆၁၃၄၁၅ | ၅၉၂၃၉၄ | ၁၉၄၃၄ |
| လာအို | ၂၁၀၁၂၉ | ၂၀၈၃၄၄ | ၇၅၆ |
| ဘရူနိုင်း | ၁၅၁၉၅၀ | ၁၄၈၉၂၂ | ၂၂၄ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

## မြန်မာပြခန်းများပါဝင်သည့် ASEAN Trade Fair 2022 ကုန်စည်ပြပွဲကျင်းပ



**ရန်ကုန် ဇွန် ၉**

ASEAN Trade Fair 2022 ကုန်စည်ပြပွဲကို အာဆီယံ - ကိုရီးယား ဗဟိုဌာန (ASEAN-Korea Centre-AKC) က ကြီးမှူး၍ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အနီးရှိ Ilsan မြို့ KINTEX ခန်းမ၌ ဇွန် ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံမှ ထုတ်ကုန်အချို့ ပါဝင်ပြသလျက်ရှိကြောင်း သိရသည်။

ပြပွဲတွင် အာဆီယံ ၁၀ နိုင်ငံမှ စုစုပေါင်း ကုမ္ပဏီ ၄၈ ခု ပါဝင်ပြသပြီး တောင်ကိုရီးယားနိုင်ငံသို့ Physical လာရောက်ပြသမည့် ကုမ္ပဏီ ၃၇ ခုနှင့် Virtual ပြသမည့် ကုမ္ပဏီ ၁၁ ခုတို့ ပါဝင်ပြသလျက်ရှိသည်။ ယင်းတို့အနက် မြန်မာနိုင်ငံမှ Shwe Zee Kwet Food Manufacturing and International Export Co.,Ltd ၊ Golden Myanmar Honey Co.,Ltd နှင့် Salay Shae Saung Co.,Ltd တို့က ၎င်းတို့၏ ထုတ်ကုန်များဖြစ်သော Honey Lemon Juice၊ အသင့်စားဆန်ပြုတ်၊ ပျားရည်၊ မန်ကျည်းဖျော်ရည်တို့ ပြသလျက်ရှိရာ ကုန်စည်ပြပွဲသို့ လာရောက်ကြည့်ရှုသူများက စိတ်ဝင်စားမှုရှိကြောင်း သိရှိရသည်။

အာဆီယံနိုင်ငံများမှ ထုတ်ကုန်ပစ္စည်းများ ကိုရီးယားဈေးကွက်သို့ ဝင်ရောက်နိုင်စေရန်၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်စေရန်နှင့် အာဆီယံ SMEs လုပ်ငန်းရှင်များအကြား ကုန်သွယ်မှုဆိုင်ရာ အကျိုးကျေးဇူးများ အပြန်အလှန်ရရှိစေခြင်းဖြင့် SMEs လုပ်ငန်းများ တိုးတက်စေရန်ရည်ရွယ်၍ ကျင်းပကြောင်း သိရှိရသည်။

ကုန်စည်ပြပွဲအခမ်းအနားကို ဇွန် ၇ ရက်က ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုရီး**

## တစ်ပတ်အတွင်း အခြေခံစားကုန်ဈေးနှုန်းများ

**ဆန်**

ဆန်ဈေးကွက်အတွင်း ဆန်ချောများ ပိုမိုအရောင်းသွက်လျက်ရှိပြီး ဇွန် ၉ ရက် ဈေးကွက်အတွင်း ပေါ်ဆန်းတစ်အိတ် ကျပ် ၄၇၅၀၀ မှ ကျပ် ၄၉၀၀၀၊ ကြာပျံရှယ် တစ်အိတ်လျှင် ကျပ် ၅၂၀၀၀ မှ ကျပ် ၅၄၀၀၀၊ ခွဲနီ တစ်အိတ်လျှင် ကျပ် ၃၈၀၀၀ မှ ကျပ် ၄၀၀၀၀၊ ရက် ၉၀ ရှယ် တစ်အိတ်လျှင် ကျပ် ၃၅၀၀၀ မှ ကျပ် ၃၆၀၀၀ စသည်ဖြင့် ဈေးသတ်မှတ်ရောင်းချလျက်ရှိသည်။

**ဆီ**

ဆီဈေးနှုန်းများတွင် မြေပဲဆီနှင့် နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၉၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၆၂၀၀ နှုန်းရှိသည်ကို တွေ့ရသည်။

**ပဲအမျိုးမျိုး**

မတ်ပဲတစ်တန်လျှင် ကျပ် ၁၅၁၃၀၀၀၊ ပဲစင်းငုံတစ်တန်လျှင် ကျပ် ၁၃၇၀၀၀၀၊ ပဲတီစိမ်းတစ်တန် ကျပ် ၁၃၂၈၉၀၀၊ ကုလားပဲဖြူလုံးကြီး တစ်တန်လျှင် ကျပ် ၁၄၉၁၂၀၀၊ ပြောင်းဆန် တစ်တန်လျှင်



ကျပ် ၆၈၅၉၀၀ ဖြစ်ကြောင်း သိရသည်။

**စားဖိုဆောင်သီးနှံ**

ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်း ကြက်သွန်နီ တစ်ပိဿာ ကျပ် ၁၀၅၀ မှ ကျပ် ၁၄၅၀ အထိ ဈေးမြင့်တက်လာခဲ့သည်။ ကြက်သွန်ဖြူ ကြူကုတ် တစ်ပိဿာ ကျပ် ၂၈၀၀၊ ရှမ်းစ တစ်ပိဿာ ကျပ် ၃၈၀၀၊ ချင်း တစ်ပိဿာ ကျပ် ၄၀၀၀၊ နနွင်း တစ်ပိဿာ ကျပ် ၅၀၀၀ ၊ ငရုတ်ပု(သစ်) တစ်ပိဿာ ကျပ် ၉၅၀၀၊ ငရုတ်ရှည် တစ်ပိဿာ ကျပ် ၆၀၀၀ ဖြစ်ကြောင်း ပြည်တွင်းကုန်သွယ်မှုဌာန(ရန်ကုန်) မှ သိရသည်။ **ကိုရီး**

## ဝယ်လိုအားသာရှိ၍ ရောင်းလိုအားနည်းနေသည့် မတ်ပဲဈေးကွက်အလားအလာ

**ရန်ကုန် ဇွန် ၉**

မတ်ပဲသည် ပြည်ပပို့ကုန်တစ်မယ်ဖြစ်ပြီး ဝယ်ယူသည့်နိုင်ငံများ၏ ဝယ်လိုအားနှင့် အဆိုပါနိုင်ငံတို့၏ ငွေကြေးအခြေအနေ၊ ရာသီဥတုအနေအထားအပေါ်မူတည်၍ ဈေးနှုန်းရရှိလေ့ရှိသည်။ ထို့ပြင် ပြည်တွင်းပြည်ပ ပို့ကုန်သွင်းကုန်မူဝါဒ၊ မြန်မာ့ငွေကြေးဈေးနှုန်းများတွင်လည်း မူတည်၍ ဈေးနှုန်းကွာခြားလေ့ရှိသည်။ ထို့ပြင် တောင်သူများဘက်တွင် သွင်းအားစုကုန်ကျစရိတ်များသည် ယခင်ကာလများထက် မြင့်တက်လျက်ရှိခြင်းကြောင့် အထွက်နှုန်းလျော့ခြင်း၊ အကျိုးအမြတ်နည်းပါးခြင်းများ ခံစားနေကြရသည်ကိုလည်း မြင်တွေ့ရသည်။

ဝယ်လိုအားသာရှိ၍ရောင်းလိုအားနည်းနေသည့် မတ်ပဲဈေးနှုန်းများသည် နယ်အရောင်းအဝယ်ဌာနများ၌ ယခုသီတင်းပတ်အတွင်း တစ်တင်းလျှင် ကျပ် ၄၇၀၀၀ ဝန်းကျင်ဖြစ်ခဲ့ပြီး ယခင်လဈေးနှုန်းထက် ကျပ် ၂၀၀၀ ဝန်းကျင် ဈေးနှုန်းမြင့်တက်လာခဲ့သည်။ သို့သော် မတ်ပဲဈေးမှာ အတက်အကျ မပြင်းထန်ဘဲ ဈေးနှုန်းထိန်းချုပ်နိုင်သည့် အနေအထားကို မြင်တွေ့ရသည်။

**အိန္ဒိယပဲလောက**

အိန္ဒိယနိုင်ငံ၏ ပြည်တွင်း ပဲဈေးနှုန်းအများစုသည် MSP နှုန်းအောက်တွင် အရောင်းအဝယ်ဖြစ်နေပြီး အစိုးရ အရန်ပဲ လုံလောက်စွာရှိသဖြင့် ပဲမျိုးစုံ export/import ကိစ္စများတွင် အစိုးရ၏မူဝါဒ အပြောင်းအလဲရှိလာရန်မဖြစ်နိုင်သေးကြောင်း သိရသည်။ ပဲမျိုးစုံဈေးနှုန်းကျဆင်းမှုများကြောင့် အိန္ဒိယတောင်သူများက ဆီထွက်သီးနှံ၊ ဝါနှင့် အခြားသီးနှံများပြောင်းလဲစိုက်ပျိုးလာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားကြသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားမြင့်တက်လာမှုကြောင့် ပါကစ္စတန်နိုင်ငံ၏ ပြည်တွင်းမတ်ပဲဈေး SQ နှင့် FAQ ဈေးနှုန်းများ တက်လာနေသည်။ သို့သော် အိန္ဒိယသည် ပဲလိုအပ်ချက် ဆက်လက်ရှိနိုင်သဖြင့် မြန်မာမတ်ပဲဈေးနှုန်းများ အထိုက်အလျောက် ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

အိန္ဒိယနိုင်ငံအစိုးရက ၎င်းနိုင်ငံထွက် မိုးသီးနှံများ၏ MSP နှုန်းကို ပြောင်းလဲပေးခဲ့ပြီဖြစ်သည်။ ပြောင်းလဲခဲ့သောနှုန်းထားများမှာ ပဲစင်းငုံ Rs ၆၃၀၀ မှ Rs ၆၆၀၀၊ မတ်ပဲ Rs ၆၃၀၀ မှ Rs ၆၆၀၀၊ ပဲတီစိမ်း Rs ၇၂၇၅ မှ Rs ၇၇၅၅ ၊ ပဲပုပ် Rs ၃၉၅၀ မှ Rs ၄၃၀၀၊ နှမ်း Rs ၇၃၀၇ မှ Rs ၇၈၃၀၊ နေကြာ Rs ၆၀၁၅ မှ Rs ၆၄၀၀၊ မြေပဲဆန် Rs ၅၅၅၀ မှ Rs ၅၈၅၀ တို့ ဖြစ်သည်ကို သတိပြုထားသင့်သည်။

**ပြည်တွင်းအခက်အခဲ**

တောင်သူများ၏ သွင်းအားစုကုန်ကျစရိတ်များ၊ သယ်ယူပို့ဆောင်ရေးအတွက် စက်သုံးဆီစရိတ်မြင့်တက်မှုများ၊ မူဝါဒအပြောင်းအလဲများ၊ ငွေကြေးလဲလှယ်မှုပုံစံများကြောင့် ပြည်တွင်းပဲမျိုးစုံ ဈေးနှုန်းများ မြင့်တက်နေသည်ကို မြင်တွေ့ရပြီး ပြည်တွင်းကုန်သွယ်မှုဌာနခွဲ (ရန်ကုန်တိုင်းဒေသကြီး) ၏ ဈေးနှုန်းဖြစ်ပေါ်မှု အခြေအနေများအရ ဇွန် ၆ ရက် မတ်ပဲဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် ၁၄၈၀၀၀၀၊ ဇွန် ၇ ရက်တွင် တစ်တန်လျှင် ကျပ် ၁၅၀၇၀၀၀၊ ဇွန် ၈ ရက်တွင် တစ်တန်လျှင် ကျပ် ၁၅၁၃၀၀၀ တို့ ဖြစ်လာကာ နေ့စဉ်နှင့်အမျှ ဈေးနှုန်းမြင့်တက်လျက်ရှိခြင်းကြောင့် မတ်ပဲဈေးကွက် ဆက်လက်မြင့်မားလာဦးမည်ဟု ခန့်မှန်းရသည်။ **ကိုရီး**



## တရုတ်-မြန်မာ နယ်စပ်ဂိတ်များ၌ ကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန်ရေး ဆောင်ရွက်



**နေပြည်တော် ဇွန် ၉**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်နှင့် အဖွဲ့သည် ဇွန် ၈ ရက်တွင်ကျရောက်သော မြန်မာ-တရုတ် သံတမန်ထူထောင်သည့် (၇၂) နှစ်မြောက်နေ့ အထိမ်းအမှတ်အဖြစ် တဲဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ နယ်စပ်ဂိတ်များ၌ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်ရေး ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာ-တရုတ် နယ်စပ်ဂိတ်များဖြစ်သည့် မူဆယ်-ကျယ်ဂေါင်ဂိတ်၊ ကျိန်းစန်းကျော့-ဝမ်တိန်ဂိတ်နှင့် လွယ်ဂျယ်-ကျန်းဖုန်းဂိတ်များသို့ သွားရောက်လေ့လာခဲ့ပြီး ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီကာလများအတိုင်း ကုန်စည်စီးဆင်းမှု ပြန်လည်အားကောင်းစေရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထို့ပြင် တရုတ်နိုင်ငံရောက် မြန်မာနိုင်ငံသားများအား နေထိုင်မှုသက်တမ်းတိုးမြှင့်ပေးခြင်း လုပ်ငန်းစဉ်များကိုလည်း သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။ **သီရိ**

## မန္တလေးတိုင်းဒေသကြီး ကုန်သည်/စက်မှုအသင်းချုပ်က မိုးဦးရာသီဈေးပွဲတော် ကျင်းပမည်

**ရန်ကုန် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ SME လုပ်ငန်းကော်မတီက မိုးဦးရာသီဈေးပွဲတော်ကို မန္တလေးမြို့ The Capital Mall Mandalay လေးလွှာ၌ ဇွန် ၁၈ ရက်မှ ၂၇ ရက်အထိ ၁၀ ရက်ခန့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးဦးရာသီဈေးပွဲတော်၌ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကလေး၊ လူကြီးဝတ်အဝတ်အထည်များ၊ ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများနှင့် ဘဏ်များက လာရောက်ရောင်းချခြင်း၊ အထူးဈေးနှုန်းများဖြင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိနှစ်သက်ရာဆိုင်ခန်းနေရာများ လာရောက်ရွေးချယ်ဝယ်ယူနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်/စက်မှုအသင်းချုပ်မှ သိရသည်။ **သီရိ**

# မြန်မာနိုင်ငံထွက်သီဟိုဠ်စေ့များဝယ်ယူရန် ဂျာမနီနှင့် မြန်မာကုမ္ပဏီတို့ အွန်လိုင်းမှ ဆွေးနွေး

**ဘာလင် ဇွန် ၉**

ဂျာမနီနိုင်ငံ Global Foods Trading GmbH နှင့် မြန်မာကုမ္ပဏီ ကောင်းရန့်တို့ အွန်လိုင်းမှ တွေ့ဆုံဆွေးနွေးခြင်းကို မေလလယ်အတွင်းက ဆောင်ရွက်ခဲ့သည်။ ဂျာမနီနိုင်ငံအခြေစိုက် ကုမ္ပဏီမှာ အာရှဒေသများမှ စားသောက်ကုန်နှင့် လူသုံးကုန်များကို ဥရောပဈေးကွက်သို့ တင်သွင်းဖြန့်ဖြူးသူဖြစ်ပြီး မြန်မာနိုင်ငံထွက် သီဟိုဠ်စေ့များ ဝယ်ယူရရှိနိုင်ရေးအတွက် စိတ်ဝင်စား၍ စုံစမ်းလာခြင်းဖြစ်သည်။ ယင်းအပြင် လယ်ယာထွက်ကုန်များကို မိတ်ဆက်နိုင်ရန်အတွက် အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးခြင်းဖြစ်ကြောင်း ကုန်သွယ်မှုသတင်း အချက်အလက်နှင့် သုတေသနဌာနခွဲ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရှိရသည်။

ဆွေးနွေးပွဲအတွင်း ဂျာမနီနိုင်ငံရောက် မြန်မာစီးပွားရေးသံမှူးက ကုမ္ပဏီနှစ်ခုအကြား ဈေးကွက်လိုအပ်ချက်များ သိရှိရေး နှစ်ဖက်ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ဆွေးနွေးပေးခဲ့သည်။ GFT က ၎င်းတို့ထုတ်ကုန်များအကြောင်း၊ သီဟိုဠ်စေ့နှင့်ပတ်သက်၍ အမျိုးအမည်၊ အရွယ်အစား၊ ခတ်ပုံများနှင့် FOB ဈေးနှုန်းများအပါအဝင် အချက်အလက်များ ပေးပို့စေလိုကြောင်း ဆွေးနွေးခဲ့သည်။

ကောင်းရန့်ကုမ္ပဏီ၏ တာဝန်ရှိသူများကလည်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ နမူနာထုတ်ကုန်များ ပေးပို့နိုင်သည့် လိုအပ်သော အထောက်အထားများ၊ အနာဂတ်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း ဂျာမနီနိုင်ငံရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရှိရသည်။



# ယူနန်ပြည်နယ်မှ သဘာဝမှိုတင်ပို့မှု တန်ဖိုးယွမ်သန်း ၁၂၀ ရှိလာ

**ကူမင်း ဇွန် ၉**

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ သဘာဝမှိုများဖြစ်သော Boletus၊ Morel နှင့် Matsutake တန်ချိန် ၂၃၉၁ တန်တင်ပို့ခဲ့ပြီး စုစုပေါင်း ပို့ကုန်တန်ဖိုး ယွမ်သန်း ၁၂၀ ရှိကြောင်း ကူမင်းအကောက်ခွန်မှ သိရသည်။

စားသုံးနိုင်သောတောရိုင်းမှိုများကို ဂျာမနီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ နယ်သာလန် ဂျပန်နှင့် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချကြောင်း၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်တောင်ပိုင်း စစ်ဆောင်ပနားစီရင်စုမှ ထွက်ရှိသော Boletus မှိုကီလိုဂရမ် ၆၀ ကို အမေရိကန်ဒေါ်လာ ၉၆၀ ဖြင့် ဂျပန်နိုင်ငံသို့ လေယာဉ်ဖြင့်တင်ပို့ရန် အကောက်ခွန်ရှင်းလင်းရေးများ ဆောင်ရွက်ပြီးဖြစ်ကြောင်း ယူနန်အကောက်ခွန်မှ သိရှိရသည်။



# ဗြိတိန်ငွေကြေး တန်ဖိုးကျဆင်းလာသဖြင့် ဟောင်ကောင်ဒေသခံများက ဗြိတိန်အိမ်ခြံမြေကဏ္ဍကို ပိုမိုစိတ်ဝင်စားလာ

**လန်ဒန် ဇွန် ၉**

ဗြိတိန်ငွေကြေး စတာလင်ပေါင်တန်ဖိုး လျော့နည်းကျဆင်းလာသဖြင့် လာမည့်လများအတွင်း ဟောင်ကောင်ဒေသခံများသည် ဗြိတိန်နိုင်ငံရှိ လန်ဒန်နှင့် အခြားသော မြို့ကြီးများတွင် အိမ်ခြံမြေများ ပိုမိုဝယ်ယူရင်းနှီးမြှုပ်နှံလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

စတာလင်ပေါင် ငွေကြေးတန်ဖိုးကျဆင်းမှုသည် နှစ်နှစ်နီးပါးရှိလာပြီး ယင်းသည် ဗြိတိန်၏ စီးပွားရေးကို နှေးကွေးစေလျက်ရှိသည်။ အတိုးနှုန်းမြင့်မားသော်လည်း ဟောင်ကောင်ဒေသခံများသည် အိမ်ခြံမြေဝယ်ယူရန် စိတ်အားထက်သန်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှစတင်၍ စတာလင်ပေါင်ငွေကြေးတန်ဖိုး အနိမ့်ဆုံးဖြစ်လာခဲ့ပြီး ငွေကြေးတန်ဖိုး ၅ ရာခိုင်နှုန်းအထက် လျော့နည်းကျဆင်းနေသည့် လန်ဒန်၌ အိမ်ခြံမြေဝယ်ယူခြင်းနှင့်ပတ်သက်၍ ဟောင်ကောင်မှ ဝယ်ယူသူများ၏ စုံစမ်းမေးမြန်းမှုနှုန်း ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့သည်။

ဗြိတိန်၌ စတာလင်ပေါင်ငွေကြေး ကျဆင်းလာသည်နှင့်အမျှ အတိုးနှုန်းမြင့်မားလျက်ရှိကြောင်း၊ အာဏာပိုင်များအနေဖြင့် ကုန်ဈေးနှုန်းမြင့်တက်မှုနှင့် စီးပွားရေးဖိအားများအကြား ချိန်ညှိဆောင်ရွက်နေပြီး လာမည့်လအတွင်း အတိုးနှုန်း ဆက်လက်မြင့်တက်နိုင်မည်မဟုတ်သေးကြောင်း စီးပွားရေးပညာရှင်များက ခန့်မှန်းကြသည်။



# အင်ဒိုနီးရှား၌ သားငါးနှင့် ဟင်းသီးဟင်းရွက် ထိန်းချုပ်ကာကွယ်ရေးဥပဒေသစ် စတင်

**ဂျကာတာ ဇွန် ၉**

အင်ဒိုနီးရှားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန အင်ဒိုနီးရှားစိုက်ပျိုးထွက်ကုန်များ ထိန်းချုပ်ကာကွယ်ရေး အေဂျင်စီ (Indonesian Agricultural Quarantine Agency–IAQA) သည် Fresh Food of Plant Origin (FFPO) များအတွက် ခြေရာခံမှုစနစ် ပိုမိုတိုးတက်စေရန် အသားငါးနှင့် ဟင်းသီးဟင်းရွက် ထွက်ကုန်များ ထိန်းချုပ် ကာကွယ်ရေးဆိုင်ရာ ဥပဒေအသစ် ပြဋ္ဌာန်းထားရှိပြီး စတင်ဆောင်ရွက်နေပြီဖြစ်သည်။



IAQA အနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့သည့် Fresh Food of Plant Origin (FFPO) များအတွက် ကြိုတင်အသိပေးခြင်းစနစ်(Prior Notice System)ကို ပြင်ဆင် မွမ်းမံသွားမည်ဖြစ်ကြောင်း၊ မြန်မာပို့ကုန်တင်သွင်းသူများအတွက် အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့သည့် ကုန်ပစ္စည်း မရောက်မီ ကြိုတင်အသိပေးခြင်းကို http://karantina.pertanian.go.id (သို့မဟုတ်)http:// notice.karantina. pertanian. go.id ဝက်ဘ်ဆိုက်တွင် အွန်လိုင်းစနစ်ဖြင့် ထုတ်ပေးသွားမည်ဖြစ်ပြီး ၎င်းစနစ်သည် မေလအတွင်းက စတင်အသက်ဝင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

# ဂျာမနီရှိ ဘီယာပုလင်းခွံထုတ်လုပ်မှုများ အခက်အခဲဖြစ်ပေါ်နိုင်

**ဘာလင် ဇွန် ၉**

ဂျာမနီနိုင်ငံတွင် ထုတ်လုပ်မှုစရိတ်များ မြင့်မားမှုနှင့် သယ်ယူပို့ဆောင်မှု အခက်အခဲများကြောင့် ဘီယာပုလင်းခွံထုတ်လုပ်မှုများ ပြတ်လပ်မှုကြုံတွေ့ရနိုင်ကြောင်း ဘီယာချက်စက်ရုံ လုပ်ငန်းပိုင်ရှင်များက ဆိုကြသည်။ German Brewers' Federation ၏ အကြီးတန်းအမှုဆောင်အရာရှိ Mr. Holger Eichele က လာမည့်နွေရာသီအတွက် ဘီယာပုလင်းခွံများ လုံလောက်မှုမရှိတော့ဘဲ အသေးစားအလတ်စား ဘီယာချက်လုပ်ငန်းလုပ်ကိုင်သူများကို အများဆုံး ထိခိုက်မှုရှိနိုင်မည်ဟု ပြောသည်။

အခြားအကြောင်းတစ်ချက်မှာ ထရပ်ကားမောင်းသူများရရှိရန် ခက်ခဲလာခြင်းဖြစ်ပြီး supply chains ကို တည့်မတ်စေရန် အခက်အခဲများရှိလာကြောင်း၊ ရေရှည်စာချုပ်ချုပ်ဆိုလုပ်ကိုင်ခြင်း မရှိထားသည့် လုပ်ငန်းများသည် လွန်ခဲ့သည့် တစ်နှစ်ကထက် ဘီယာပုလင်းခွံအသစ်များကို ၈၀ ရာခိုင်နှုန်း ပိုမိုပေး၍ ဝယ်ယူကြရမည့် အနေအထားတွင် ရှိနေကြောင်း၊ စားသုံးသူများအနေဖြင့် ဘီယာပုလင်းခွံ အလွတ်များကို ပြန်လည်အပ်နှံခြင်းဖြင့် ကူညီပေးကြစေလိုကြောင်း ၎င်းကဆိုသည်။

Bitburger Brewery လုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူကလည်း ဘီယာပုလင်းခွံများ ဝယ်လိုအားသည် ရောင်းလိုအားထက် ပိုမိုများပြားနေကြောင်းနှင့် လက်ရှိတွင် လောင်စာစွမ်းအင် ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာမှုက ဘီယာပုလင်းခွံများ ထုတ်လုပ်မှုကို နှေးကွေးစေလျက်ရှိသည်။

ဂျာမနီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထိန်းချုပ်ကန့်သတ်မှုများ ဖြေလျှော့ပေးထားပြီဖြစ်၍ ယခုနှစ်နွေရာသီတွင် ဆိုင်များ၌ ဘီယာသောက်သုံးမှုကို ကပ်ရောဂါကာလမတိုင်မီ အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။

ခင်ရတနာ စုစည်းဖော်ပြသည်။

## ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့

ပုသိမ် ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၈ ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး ဒေါ်ကြည်ကြည်ထွန်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး နောက် တက္ကသိုလ်အသီးသီးတွင် တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအား ဝန်ကြီးချုပ်က ပညာသင်ထောက်ပံ့ကြေးနှင့် သင်ကြားရေး အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့်တွင် တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့်ဆင့်တွင် တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ကြေးနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများကလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ တိုင်းဒေသကြီး(ပြန်/ဆက်)




## မြန်မာအမျိုးသားလေကြောင်း၏ ရန်ကုန်-ဘန်ကောက် ခရီးစဉ်ကို တိုးချဲ့ပျံသန်းမည်

ရန်ကုန် ဇွန် ၉

မြန်မာအမျိုးသားလေကြောင်းသည် ရန်ကုန်-ဘန်ကောက်-ရန်ကုန် ခရီးစဉ်များကို နေ့စဉ် ပျံသန်းပြေးဆွဲလျက်ရှိရာမှ ဇွန် ၁၅ ရက်မှ စတင်ကာ တနင်္လာနှင့် ဗုဒ္ဓဟူးနေ့များတွင် ခရီးစဉ်နှစ်ကြိမ်နှုန်းဖြင့် တိုးချဲ့ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းမှ သိရသည်။

တိုးချဲ့ပျံသန်းပြေးဆွဲမည့် ရန်ကုန်- ဘန်ကောက်- ရန်ကုန် ခရီးစဉ်သည် ရန်ကုန်မြို့မှ နံနက် ၆ နာရီ ၃၅ မိနစ်တွင် ထွက်ခွာပြီး ဘန်ကောက်သို့ နံနက် ၈ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ထို့အတူ ဘန်ကောက်မှ နံနက် ၉ နာရီခွဲတွင် ပြန်လည်ထွက်ခွာပြီး နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေနှင့် တနင်္ဂနွေနေ့များ၌ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့မှထွက်ခွာပြီး ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဘန်ကောက်မြို့သို့ရောက်ရှိကာ ဘန်ကောက်မှ ညနေ ၆ နာရီ ၂၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြီး ည ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံက ကိုဗစ်ကို တဖြည်းဖြည်း control ရနေပြီ။ တစ်ကမ္ဘာလုံးမှာလည်း control ရပြီး လေကြောင်းလိုင်းတွေလည်း ပြန်လည်ဖွင့်လာတဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ အခုတိုးချဲ့ပြီး ပျံသန်းနေတာက စင်ကာပူ၊ ဘန်ကောက်၊ ပြီးရင် ကွာလာလမ်ပူကို ပျံသန်းနေပါပြီ။ နောက် တရုတ် ကူမင်းကိုလည်း ပျံသန်းပါ့မယ်။ နောက်တစ်ခုက အင်ချွန်းပေါ့။ ကိုရီးယား အင်ချွန်းကိုလည်း အခုအချိန်မှာ တစ်ပတ်တစ်ခေါက် ကျွန်တော်တို့ ပျံသန်းနေပါတယ်၊ နောက်ပိုင်း တစ်ပတ်ကိုနှစ်ခေါက် အင်္ဂါနဲ့ သောကြာ ပျံသန်းဖို့အတွက် လျာထားပါတယ်။ ဗုဒ္ဓဂယာကိုလည်း ကျွန်တော်တို့ ဘုရားဖူးရာသီမှာ ပျံသန်းပြေးဆွဲဖို့အတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါအပြင် ဟောင်ကောင်နဲ့ ဒူဘိုင်းကိုလည်း ပြေးဆွဲဖို့ လျာထားပါတယ်"ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ် ဦးခင်ခန့်မိုက ပြောသည်။

မြန်မာအမျိုးသားလေကြောင်းသည် ကမ္ဘာ့တစ်ဝန်းဖြစ်ပွားခဲ့သည့် ကိုဗစ်မတိုင်မီတွင် ပြည်ပခရီးစဉ်များဖြစ်သည့် စင်ကာပူသို့ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့လျှင် နှစ်ခေါက်၊ ဘန်ကောက်သို့ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့လျှင် နှစ်ခေါက်၊ ဟောင်ကောင်သို့ တစ်ပတ်လျှင် သုံးခေါက်၊ လေးခေါက် ပျံသန်းပြေးဆွဲပေးခဲ့ကြောင်း သိရသည်။ အာကာလင်း

## နွေစပါးအတွက် သွင်းအားစုကုန်ကျစရိတ်မြင့်သော်လည်း စပါးဈေးတက်ခြင်းမရှိ

နေပြည်တော် ဇွန် ၉

ပြီးခဲ့သည့် နွေစပါးစိုက်ရာသီတွင် စပါးစိုက်သူတောင်သူများအနေဖြင့် စပါးစိုက်ရာ၌ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်စကများ မြင့်တက်ခဲ့သော်လည်း စပါးပေါ်ချိန်တွင် စပါးဈေးတက်ခြင်းမရှိကြောင်း စပါးစိုက်တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ နွေစပါးစိုက်ရာသီမှာ သွင်းအားစုဖြစ်တဲ့ ဓာတ်မြေဩဇာတစ်အိတ်ကို ကျပ်တစ်သိန်းနီးပါး ပေးဝယ်ခဲ့ရတယ်။ အရင်နှစ်တွေက တစ်အိတ် သုံးသောင်းခွဲ၊ လေးသောင်းပဲ ရှိတယ်။ အခုတစ်အိတ် ၉၇၀၀၀ ဆိုတော့ တစ်သိန်းပဲဆိုပါတော့။ သွင်းအားစုအရင်းအနှီးက များပါတယ်။ ရိတ်သိမ်းခဆိုရင်လည်း အရင်တုန်းက တစ်ဧက ကျပ် ၄၀၀၀၀ ပဲရှိတယ်။ အခု ရိတ်သိမ်းခက ကျပ်၇၀၀၀၀ ပေးရတယ်။ စပါးဈေးက မနှစ်ကဆိုရင် ဆင်းသုခ စပါးတင်း ၁၀၀ ကို ကျပ် ၇၅၀၀၀၀ ပါ။ အခုနှစ်မှာလည်း ဒီဈေးပါပဲ။ သွင်းအားစုတွေသာ ဈေးမြင့်သွားပေမယ့် စပါးဈေးကတော့ဒီအတိုင်းပါပဲ "ဟု နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာအုပ်စုမှ တောင်သူ ဦးစိုးအောင်က ပြောသည်။

စပါးဈေးတက်ခြင်းမရှိသော်လည်း ဆန်ဈေးမှာ အနည်းငယ် တက်လာသည်။ စက်သုံးဆီဈေးမြင့်တက်မှုကို အကြောင်းပြုကာ သယ်ယူပို့ဆောင်စရိတ်စကကြောင့် ဆန်ဈေးအနည်းငယ်တက်လာခြင်း ဖြစ်ပြီး ဆန်ကြမ်းတစ်ပြည် ကျပ် ၁၂၀၀ မှ ၁၄၀၀ ခန့်နှင့် ဆန်ချော တစ်ပြည် ကျပ် ၂၅၀၀ မှ ၂၇၀၀ ခန့်ဖြစ်လာသည်။

စပါးအထွက်နှုန်းအနေဖြင့် အတန်းလိုက် စိုက်ပျိုးခြင်းနှင့် ပက်ကြဲစိုက်ပျိုးခြင်းမှာ တစ်ဧကအထွက်နှုန်း တင်း ၃၀ ခန့် ကွာခြားမှု ရှိကြောင်း၊ အတန်းလိုက် ကောက်ကွက်အတိုင်းစိုက်ပျိုးလျှင် ဆင်းသုခ စပါးမျိုး တစ်ဧက ၁၀၂ တင်းထွက်ကြောင်း၊ ပက်ကြဲသောစပါးခင်းမှာ တစ်ဧက တင်း ၇၀ ခန့်သာ ထွက်ရှိကြောင်း၊ ပက်ကြဲစိုက်ပျိုးမှုမှာ သွင်းအားစုကို ချွေတာသည့်အနေဖြင့် ကောက်စိုက်ခနှင့် ပျိုးနုတ်ခ သက်သာစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုထင် (မြန်မာ့အလင်း)

❖ *ကျောဖုံးမှ*

ကျင်းပမည်ဖြစ်သည်။ ကျင်းပပြီးစီးထားသည့် ၁၇ ကြိမ်တွင် ထိုင်းနှင့် ဩစတြေးလျအသင်းတို့က ငါးကြိမ်စီဖြင့် အအောင်မြင်ဆုံး ဖြစ်နေပြီး မြန်မာအသင်းက နှစ်ကြိမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အီရန်နှင့် ဂျပန်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အချို့နှစ်များတွင် အာရှအင်အားကြီးအသင်းများကို ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့သဖြင့် ချန်ပီယံဆုရသည့်အသင်းများတွင် ဂျပန်နှင့် အီရန်အသင်း ပါဝင်နေခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၁၉ ခုနှစ်က နောက်ဆုံးကျင်းပခဲ့ပြီး ဩစတြေးလျအသင်း ဗိုလ်စွဲခဲ့သော်လည်း ယခုအကြိမ်တွင် ပါဝင်ယှဉ်ပြိုင်ခြင်းမရှိပေ။

မြန်မာအသင်းသည် လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် စခန်းဝင် လေ့ကျင့်နေသည့်ကာလအတွင်း ပြည်တွင်းခြေစမ်းပွဲ သုံးပွဲကစားထားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲ ရှုံးနိမ့်ထားသည်။ ရဲရင့်လွင်

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့် တူညီဝတ်စုံ ထောက်ပံ့

သန်လျင် ဇွန် ၉

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)တွင် သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပထမနှစ် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့် တူညီဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဘက်စုံသုံးခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်သည့် ပထမနှစ် ကျောင်းသား ကျောင်းသူ ၂၅၀ အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့် Tutorial စာအုပ်တစ်စုံလျှင် ကျပ် ၄၇၆၀၀ ဖြင့် တန်ဖိုးငွေကျပ် ၁၁၉ သိန်းနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ အတွက် တူညီဝတ်စုံ ၂၅၀ ကို ပြည်ထောင်စုဝန်ကြီးကိုယ်စား ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်(သင်ကြား)နှင့် သင်ကြား/စီမံဌာနမှူးများမှ ပါမောက္ခ/ဌာနမှူးများက ပေးအပ်ခဲ့ရာ ပထမနှစ် သင်တန်းမှ ကျောင်းသားကိုယ်စားလှယ်များက လက်ခံယူခဲ့ကြောင်း သိရသည်။ သတင်းစဉ်



## ဂွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အီးအမ်ဘိုကာရှီမြေဆွေးပုံများအား စံနမူနာလက်တွေ့ သရုပ်ပြ



ဂွ ဇွန် ၉

ရခိုင်ပြည်နယ် ဂွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ ဓာတ်မြေဩဇာဈေးကြီးမြင့်မှုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် အီးအမ်ဘိုကာရှီ မြေဆွေးပုံများ စံနမူနာလက်တွေ့ သရုပ်ပြ ပြုလုပ်ဆောင်ရွက်မှုကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြမှုကို ဂွမြို့နယ်အတွင်းရှိ တောင်သူများ စွန့်ပစ်အမှိုက်၊ စွန့်ပစ်တိရစ္ဆာန် အညစ်အကြေးများကို အကျိုးရှိရှိအသုံးပြုပြီး သီးနှံအထွက်နှုန်းတိုးတက်ရေး အတွက် ကုန်ကျစရိတ်သက်သာစွာ ရရှိနိုင်စေရန်ရည်ရွယ်၍ ပြုလုပ်ပြသရခြင်းဖြစ်ကြောင်းနှင့် မြေဆွေးပုံတစ်ပုံလျှင် အလွှာ ခြောက်လွှာပြုလုပ်ကာ တစ်လွှာတွင် စွန့်ပစ်အမှိုက် (ကောက်ရိုး၊ မြေပဲရိုး၊ မြေပဲခွံ/မြက်ခြောက်/အစို၊ နှမ်းရိုး၊ စပါးခွံ) ၆ လက်မထည့်ပြီး တင်လဲရည် လီတာဝက်နှင့် အီးအမ် လီတာဝက်ကို ရေဖျော်ဖျန်းပြီးလျှင် ဖွဲနု လေးဘူး ဖြူးရကြောင်း၊ နွားချေး/ကသယ်ချေး ရစ်ပြည်ထည့်လျှင် တစ်လွှာရရှိပြီး အဆိုပါအတိုင်း ခြောက်လွှာပြုလုပ်လျှင် အီးအမ်ဘိုကာရှီမြေဆွေး တစ်ပုံရရှိမည်ဖြစ်ကြောင်း၊ အီးအမ်ဘိုကာရှီမြေဆွေးများကို အပေါ်မှ ပလတ်စတစ် အမည်းစနှင့် လေလုံအောင် ဖုံးအုပ်ပေးရမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ထွန်းလင်းက တောင်သူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ရွှေရည်ဝင်းကျော်(ပြန်/ဆက်)

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အသင်းခေါင်းဆောင် ခင်မာလာထွန်း ထိုင်းအမျိုးသမီးကလပ်အသင်းတွင် သုံးလစာချုပ်ဖြင့် သွားရောက်ကစား

**ရန်ကုန် ဇွန် ၉**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ အသင်းခေါင်းဆောင်ဖြစ်သူ ခင်မာလာထွန်းသည် ထိုင်းအမျိုးသမီးကလပ်အသင်းတွင် သုံးလစာချုပ်ဖြင့် သွားရောက်ကစားလျက်ရှိသည်။

ခင်မာလာထွန်းသည် ထိုင်းအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ကစားနေသည့် College of Asian Scholar အသင်းတွင် သုံးလစာချုပ်ဖြင့် သွားရောက်ကစားခြင်းဖြစ်သည်။ ခင်မာလာထွန်းသည် ဩဂုတ်လကုန်အထိ စာချုပ်ချုပ်ဆိုထားပြီး ကစားသမားဘဝတစ်လျှောက် ပထမဆုံးအကြိမ် ပြည်ပထွက်ကစားခြင်းလည်းဖြစ်သည်။ ခင်မာလာထွန်းသည် ဇွန် ၇ ရက်တွင် College of Asian Scholar အသင်းနှင့် စတင်ပူးပေါင်းခဲ့ပြီး ဇွန် ၈ ရက်က ယှဉ်ပြိုင်ကစားသည့် MH Nakhonsi အသင်းနှင့်ပွဲတွင် College of Asian Scholar အသင်းအတွက် ပထမဆုံးပွဲထွက်ကစားခဲ့ကာ ခြေစွမ်းပြပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထိုင်းအမျိုးသမီးလိဂ်ပြိုင်ပွဲမှာ စတင်နေပြီဖြစ်ပြီး ခင်မာလာထွန်းအနေဖြင့် ထိုင်းလိဂ်တွင် ကစားခွင့်ရသည့် ပထမဆုံး မြန်မာအမျိုးသမီးဘောလုံးသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ခင်မာလာထွန်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် ကာလရှည်ရွေးချယ်ခံထားရသူဖြစ်ပြီး အောင်မြင်မှုများလည်း ရယူနိုင်ခဲ့သည်။

မြန်မာအမျိုးသမီး ဘောလုံးသမားများအနေဖြင့် အမျိုးသားဘောလုံးသမားများကဲ့သို့ ပြည်ပထွက်ကစားနိုင်မှုအရေအတွက် တဖြည်းဖြည်းတိုးတက်လာပြီး အရေအတွက်များပြားလာပါက မြန်မာအမျိုးသမီးဘောလုံး တိုးတက်အောင်မြင်ရေးကို အထောက်အကူဖြစ်လာနိုင်သည်။ ခင်မာလာထွန်းသည် မြန်မာအမျိုးသမီးဘောလုံးသမားများတွင် ဒုတိယမြောက် ပြည်ပထွက်ကစားသူဖြစ်လာပြီး တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် ၂၀၂၁ ခုနှစ် အောက်တိုဘာကတည်းက အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင် သွားရောက်ကစားခဲ့ခြင်းဖြစ်သည်။



သတင်း – ရဲရင့်လွင်၊ ဓာတ်ပုံ – AFC

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉-၆-၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၉၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၉၅ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၂၀ ကျပ် | ၂၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၀ ကျပ် | ၂၂၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၇၅ ကျပ် | ၂၃၂၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၈၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၅ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၆၄၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၈၄ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၀၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၇ . ၃၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၈၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၇၀၀ | ၂၆၅၀ | ၃၀၂၇ | ၈၁၀၉၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၄ | ၇၂၀၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၈၈ | ၂၂၄၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၄ | ၂၀၀၀၀ |

ညီညီ – စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၆-၂၀၂၂ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တာသုတ်၊ရတနသုတ်၊မောရွှဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
- ၀၉:၁၀ မျက်မှောက်ရေးရာအပြာပြာ
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ **'ကျွန်တော်ချစ်သောပိန်းပများ'** (အပိုင်း–၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း–၅၂)
- ၁၆:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သုတဝေဖြာ သီရိဂေဟာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'ကျွန်တော်ချစ်သောပိန်းပများ'** (အပိုင်း–၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ "Music Gallery-3" တေးဂီတ ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း **'အရွယ်သုံးပါး'**

**mitv**

- 07:02 Myitta (Kyawt Kay Khaing)
- 07:08 The Lapidarist
- 07:23 Atuladhipati Mahamunisacca Koe Htat Kyee Pagoda
- 07:40 Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
- 07:56 Inn-Waing Waterfall
- 08:01 Myanmar Puppeteers (Zawgyi Dance)
- 08:09 Myanmar Betels
- 08:26 School For the Blind (Kyee Myin Dine)
- 08:51 Sweet Delicacy of Pathein
- 09:01 News
- 09:27 Global Partnership for Brighter Future: Iran Pavilion at Expo 2020 Dubai
- 09:39 The Art of Making Glaze Ware
- 09:57 Dances of Myanmar: Gaybar Kayin Traditional Dance

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** မိတ္ထီလာကန်သို့အလည်တစ်ခေါက်
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** အိမ်နောက်ဖေးဈေးဆိုင်တည်ခြင်း
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** နေပြည်တော်အထိမ်းအမှတ်ဥ ယျာဉ်ထဲက ချစ်စရာချင်းရိုးရာအိမ်
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** မွန်ရိုးရာခရုသုပ်
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** စာပေစကားပြောကြရအောင် (အပိုင်း–၁)
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ခရူးရိုးရာခေါင်းပေါင်းပေါင်းနည်း
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** လုပ်ခွဲ့ပါလေကယန်းပန်ပက်ဒေသဆီ
- **ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** သံတောင်မြို့အလှနှင့်ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့သဘာဝ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'တစ်လင်နဲ့တစ်မယား'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၆)
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း–၆)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ အလေအလွင့်နည်းလို့စရိတ်သက်သာ ရိတ်သိမ်းခြွေလှေ့စက်အစွမ်းပါ
- ၀၇:၅၀ ရောဝတီမြစ်ကမ်းပါးပေါ်ကရှမ်းကလေးကျွန်းအလှ
- ၀၈:၀၀ ကျေးလက်ကွန်ရက် (၅)
- ၀၈:၅၀ နှစ်ရှည်ဝင်ငွေတိုးစေဖို့စပျစ်စိုက်ကြစို့
- ၀၉:၂၀ ပြည်ထောင်စုနယ်မြေမှနေချင်စဖွယ်ကျေးရွာများ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS



နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချီရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၁-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

**(ယမန်နေ့မှ အဆက်)**

ဆက်လက်၍ **တဲ့ပြောသတင်းဌာနမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က အဆိုပါယာဉ်များ မြေစိုက်ဘဝရောက်နေသည်မှာ သုံးနှစ်၊ လေးနှစ်ရှိပြီဖြစ်ကြောင်း၊ အမှုမှာ တစ်လတစ်ကြိမ်အမှုပြီးပြတ်ကြောင်း၊ တရားရုံးမှ အမှုပြီးပြတ်သွားပြီး မော်တော်ယာဉ်စီးရေမည်မျှ၊ ဆိုင်ကယ်အစီးအရေမည်မျှစသည်တို့ကို လေလံပစ်နိုင်လျှင်ပစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် အသုံးပြုနိုင်ကြောင်း၊ လက်ရှိကရင်ပြည်နယ်တွင် လုပ်ထားသည်များရှိကြောင်း၊ ဦးစီးအရာရှိများကို မပေးနိုင်သေးသော်လည်း ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးများကို ထုတ်ပေးထားကြောင်း၊ ထိုသို့လုပ်ခြင်းအားဖြင့် မော်တော်ယာဉ်များဆွေမြည့်ပြီး မြေစိုက်ဘဝရောက်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိပြောသည့် အစီအစဉ်မျိုးဆောင်ရွက်ပေးရန် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သက်ဆိုင်ရာဝန်ကြီးဌာနများကို သတင်းပေးပို့ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

**လူထုရင်ဖွင့်သံ သတင်းဌာနမှ အယ်ဒီတာ ဒေါ်ခိုင်စပယ်ဦး**က လျှပ်စစ်မီးကိစ္စနှင့် ပတ်သက်ပြီး ပြည်သူများ၏ အသံကိုလာပြီးတင်ပြခြင်း ဖြစ်ကြောင်း၊ တာဝန်ရှိသူများဖြေကြားသည်ကို ပြည်သူများကြားနိုင်ရန်အတွက် ရည်ရွယ်၍ မေးခြင်းဖြစ်ကြောင်း၊ လျှပ်စစ်မီးပေးဝေခြင်းနှင့် ပတ်သက်ပြီး ၃ နာရီလာ ၃ နာရီပျက် ၅၀ ရာခိုင်နှုန်း မီးရရှိသည့်စနစ်ကို မည်သည့်အတွက်ကြောင့် ပြုလုပ်ခဲ့ရသနည်း၊ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် နိုင်ငံတော်အတွက် စွမ်းအင်မည်မျှသက်သာပြီး ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ် မည်မျှလျော့ကျသွားသည်ကို အများပြည်သူ သိရှိနားလည်အောင် ဖြေကြားပေးစေလိုကြောင်း၊ နောက်တစ်ချက်က ပေးဝေမှုအပိုင်းတွင် လေးနာရီလာလျှင် လေးနာရီပျက်စနစ်တွင် လေးနာရီကို အောက်ခြေဓာတ်အားခွဲရုံက ပျက်ချိန်ဆိုပြီး ပိတ်လိုက်ကြောင်း၊ နောက်ထပ် လေးနာရီလာရမည့်အချိန်၌ အထက်ကပိတ်ထားကြောင်း၊ ဓာတ်အားခွဲရုံမှာ မီးမရှိဟုဆိုပြီး ထပ်ပိတ်သွားကြောင်း၊ နောက်ထပ်လေးနာရီကို ဓာတ်အားခွဲရုံက ပျက်ချိန်ဖြစ်သည့်အတွက် ပြန်ပိတ်လိုက်ကြောင်း၊ ထိုသို့ဖြစ်ခြင်းကို ပြည်သူများက လာချိန်လည်း ပျက်/ပျက် ချိန်လည်း ပျက်သည်ဟူ၍ ပြောနေကြကြောင်း၊ ထိုအခြေအနေများကိုမည်သို့ ပြေလည်အောင် ဖြေရှင်းပေးနိုင်၊ မပေးနိုင်သိလိုကြောင်း၊ ယခုကဲ့သို့ အချိန်ပိုင်းပေးမည့်စနစ်က မည်မျှကြာမြင့်မည်ကို သိလိုကြောင်း မေးမြန်းသည်။




### လျှပ်စစ်ဓာတ်အား လိုင်းသုံးစွဲမှု

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လျှပ်စစ်ဓာတ်အားလိုင်း သုံးစွဲမှုနှင့်ပတ်သက်ပြီး မဂ္ဂါဝပ် ၃၈၀၀ ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုက မဂ္ဂါဝပ် ၂၉၀၀ သာရှိသည့်အတွက် ၉၀၀ မဂ္ဂါဝပ် လျော့နည်းနေကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး လျှပ်စစ်ဓာတ်အားလိုင်း ဖောက်ခွဲခံခဲ့ရသည့်အတွက် အခက်အခဲများရှိခဲ့ကြောင်း၊ LPG ဓာတ်ငွေ့ မြင့်တက်မှုကြောင့် အခက်အခဲရှိခဲ့ခြင်း၊ ယခင်သတင်းစာရှင်းလင်းပွဲတွင်လည်း ရှင်းပြပြီးဖြစ်ကြောင်း၊ အကြမ်းအားဖြင့် ၃၈၀၀ မဂ္ဂါဝပ်ရှိသော်လည်း ၂၉၀၀ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်သောကြောင့် ထိုအခက်အခဲများရှိကြောင်း၊ ထိုနေရာမျိုးတွင် ရေအားလျှပ်စစ် ထုတ်လုပ်မှုကလည်း လျော့နည်းသွားသည့်အတွက် ယခုပိုပြီး လျော့နည်းပြီး ဆောင်ရွက်သွားနိုင်သည့် အခြေအနေမျိုးတွင်ရှိကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီးဆောင်ရွက်နေသည့် လုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားပေးရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ ဓာတ်အားလိုအပ်ချက်ကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပထမဦးဆုံး ပြောလိုကြောင်း၊ ယခုနှစ်ဆိုလျှင် ဗိုလ်ချုပ်ပြောသွားသကဲ့သို့ မီးသုံးစွဲသူပမာဏက ၃၈၀၀ မဂ္ဂါဝပ်ရှိပြီး အမှန်တကယ် စွမ်းအင်ထုတ်လုပ်နိုင်သည်မှာ မဂ္ဂါဝပ် ၂၉၀၀ ခန့်သာရှိပြီး ၉၀၀ခန့်လျော့နည်းနေကြောင်း၊ လိုအပ်ချက်ကိုတစ်ပြိုင်တည်း ထုတ်လုပ်မည်ဆိုလျှင်လည်း လာမည့်နှစ်များတွင် စွမ်းအင်အရင်းအမြစ်ဖြစ်သည့်ရေအား၊ သက်ဆိုင်သည့် အခြားစွမ်းအင်ကဏ္ဍများကို တစ်နှစ်ပတ်လုံးသုံးစွဲ၍ရရန် ချိန်ညှိပြီး ထုတ်လုပ်ရသည့် အနေအထားများရှိကြောင်း၊ နောက်တစ်ချက်သည် ဓာတ်အားထုတ်လုပ်မှု ဈေးနှုန်းများ မမြင့်မားစေရန် နိုင်ငံပိုင်စက်ရုံများနှင့် IBP စက်ရုံများကို ဈေးကြီးသည့် ဓာတ်အားပမာဏနှင့် ဈေးနည်းသည့် ဓာတ်အားပမာဏချိန်ညှိ၍ ထုတ်လုပ်ရသည့် အနေအထားရှိကြောင်း၊ သို့သော်လည်း ယခုလ ၂၃ ရက်နေ့နောက်ပိုင်းမှစပြီး အရေးကြီးသည့်နေရာများကို ညနေ ၅ နာရီမှ နံနက် ၈ နာရီအထိ မီးမဖြတ်ဘဲ ဓာတ်အားပေးထားကြောင်း၊ အများပြည်သူကိုလည်း တိုးတက်ပြီး ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လျော့နည်းနေသည့် မဂ္ဂါဝပ် ၉၀၀ ကိုလည်း ဖြည့်ဆည်းနိုင်ရန် နေရောင်ခြည်အရင်းအမြစ်၊ ရေအားအရင်းအမြစ်များမှ တိုးတက်ထုတ်လုပ်နိုင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပျက်စီးသွားသည့် တာဝါတိုင်များသည် စက်ရုံများမှထုတ်သည့် ဓာတ်အားကွန်ရက်ကြီးများကို ထည့်သည့်လိုင်းများဖြစ်သည့်အတွက် လျော့နည်းမှုများအား Recover ဖြစ်ရန် အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

**လူထုရင်ဖွင့်သံသတင်းဌာနမှ အယ်ဒီတာ ဒေါ်ခိုင်စပယ်ဦး**က လာချိန်လည်းပျက်၊ ပျက်ချိန်လည်းပျက်ဆိုပြီး အောက်ကပိတ်လိုက်၊ အပေါ်ကပိတ်လိုက်ဖြစ်နေသည့် ကိစ္စကို မည်ကဲ့သို့ညှိနှိုင်းပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး**က လာချင်လည်းလာ၊ ပျက်ချင်လည်းပျက်ဆိုသည့်မှာ လက်ရှိစီမံကွပ်ကဲ နေရသည့်အနေအထားတွင်မရှိကြောင်း၊ အောက်ခြေကို သေချာစုံစမ်းကြည့်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုကို ဓာတ်အားတိုးတက်ရရှိစေရန် တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်နေကြောင်း ပြန်လည်ဖြေကြားသည်။

**ရွှေတြိဂံသတင်းလွှာဂျာနယ်မှ CEO ဦးထွန်းထွန်းဝင်း**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ပထမဦးဆုံး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် EAOs များ တက်ရောက်လက်မှတ် ထိုးခြင်းများကိုတွေ့ရကြောင်း၊ နယ်ပယ်အသီးသီးကလည်း ယေဘုယျအားဖြင့် အထိုက်အလျောက်အောင်မြင်သည်ဟု ဝေဖန်သုံးသပ်ခြင်းများကို တွေ့ရကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ငြိမ်းချမ်းရေးရရှိရန် ကျန်ရှိနေသေးသည့် EAOs များကိုလည်း ထပ်မံဖိတ်ခေါ်၍ ဆွေးနွေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း၊ ဗိုလ်ချုပ် ရှင်းလင်းပြောကြားသွားသည့် အထဲတွင် "ဖိတ်ကြားသည့်အတိုင်း လာမည်ဆိုပါက Welcome ပါ" ဟူ၍ လေးကြိမ်ထက်မနည်း ပြောကြားခဲ့ကြောင်း၊ ၂၁ ရာစု ပင်လုံညီလာခံ အတွေ့အကြုံကို ပြောရလျှင် အစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏ အကူအညီကိုယူကြကြောင်း၊ ဥပမာ – မြောက်ပိုင်း မဟာမိတ်အဖွဲ့များ ပင်လုံညီလာခံတက်ရန် တရုတ်မှ အထူးလေယာဉ်ဖြင့် လာရောက်ခဲ့ကြကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ အကူအညီကိုရယူပြီး ချဉ်းကပ်၍ ဒုတိယ၊ တတိယအကြိမ် ထပ်မံဖိတ်ခေါ်ရန် စီစဉ်ထားခြင်း ရှိ/မရှိ ကို သိလိုကြောင်း၊ နောက်မေးခွန်းတစ်ခုအနေဖြင့် အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရန်ရှိကြောင်း၊ ယခင်ကိုယ်စားလှယ်များလာစဉ် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ရန် ကြိုးစားခဲ့ရာ အမှုများမပြီးပြတ်သေး၍ တွေ့ရန်ခွင့်မပြုကြောင်း၊ မကြာမီလာမည့် အာဆီယံအထူးကိုယ်စားလှယ်ကိုလည်း အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ပေးမည့် အစီအစဉ် ရှိ/မရှိ မေးမြန်းသည်။

### ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က EAOs များနှင့် ပတ်သက်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို မိမိတို့အနေဖြင့် ၂၀၂၂ ခုနှစ်အကုန်အထိ တစ်နှစ်တာကာလ သတ်မှတ်ထားကြောင်း၊ ကြေညာချက်ထဲတွင်လည်းပါပြီးဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာဟွန်ဆန်၏ ခရီးစဉ်အပြီးတွင် ထုတ်ပြန်ပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ထိုထုတ်ပေးလိုက်သည့်အထဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲသည်နှင့် ဆွေးနွေးညှိနှိုင်းမှုများကို လုပ်ဆောင်သွားရန် ဆိုသည့် တိုက်တွန်းချက်ပါပြီးဖြစ်ကြောင်း၊ ယခုမှ ထူးပြီး ဖိတ်ခေါ်ခြင်းမဟုတ်ကြောင်း၊ နှစ်ပတ်လည်ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း၊ ထိုသို့ဖိတ်ခေါ်ထားသည့်အတိုင်းလာလျှင် မိမိတို့က ကြိုဆိုပါကြောင်း၊ နောက်ထပ်တစ်ခုမှာ အိမ်နီးချင်းအကူအညီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အခက်အခဲ မှာ နှစ်မျိုးရှိကြောင်း၊ Internal Factor မှာ မသိချင်ယောင်ဆောင်ခြင်းနှင့် မကြားချင်ယောင်ဆောင်ခြင်းဖြစ်ကြောင်း၊ External Factor တွင် သတင်းထောက်ကြီးပြောနေသည့် ပြည်ပနိုင်ငံများဆိုသည့် အသုံးအနှုန်းပါကြောင်း၊ အဖွဲ့အစည်းများဆိုသည့် အသုံးအနှုန်းပါကြောင်း၊ External Factor မှာ မည်သည့်အခက်အခဲရှိလည်းဆိုလျှင် တချို့သောပြင်ပအဖွဲ့အစည်းများသည် ရိုးရိုးတန်းတန်းပြောရလျှင် အသိအမှတ်မပြုခြင်းဆိုသည့် ပုံစံမျိုးဖြစ်ကြောင်း၊ အသိအမှတ်မပြုခြင်းဆိုသည်မှာ ငြိမ်းချမ်းရေးလုပ်ငန်းကို လက်ရှိအစိုးရအနေဖြင့် ဆောင်ရွက်နေသည့်အချိန်တွင် ၎င်းတို့အနေနှင့် လာရောက်ကူညီလိုက်မည်ဆိုလျှင်အလိုအလျောက် ထောက်ခံပြီးသားဖြစ်မည်လားဆိုသည့် အကြောင်းအရာမျိုး External Factor မှာ မိမိတို့ကြုံတွေ့ရပါကြောင်း၊ ထိုအကြောင်းအရာသည် ရိုးရိုးတန်းတန်းကြုံတွေ့ခဲ့ရခြင်းသာ ဖြစ်ကြောင်း။

### တမင်သက်သက် ဆွနေ

အချို့ကြုံတွေ့ရသည်မှာ အကြမ်းဖက်ဆူပူမှုများဖြစ်ရန် *စာမျက်နှာ ၂၁ သို့*

**"မြန်မာပြည်သူလူထုအတွက်ဟူ၍ နာမည်ခံပြီး ပြည်ပမှာရှိနေသည့် ကိစ္စများကနေ အလှူငွေများကောက်ခံပေးပို့ခြင်း၊ ဒေါ်လာမည်မျှ ထောက်ပံ့မည်ဆိုပြီး ပေးပို့ခြင်း၊ မည်မျှကူညီမည်ဆိုပြီး ပေးပို့ခြင်း ဆိုပြီး ထောက်ပံ့မှုများမှာ ကျောင်းများကို မိုင်းခွဲသူများ၊ ဆရာ ဆရာမများကို သတ်သည့်သူများ၊ ကျောင်းသားများကို ကျောင်းမနေနိုင်အောင်လုပ်သည့်သူများ၊ ပြဋ္ဌာန်းစာအုပ်ကို မီးရှို့လုယက်နေသည့်သူများ ထံသို့ ရောက်နေ"**

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်ထပ်မံတိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့် လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့် လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာခံသော နာသုံးနာကိုရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့ လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ ၇-၆-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က ထပ်မံသတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ဆရာ ဆရာမ (၂၉၆၀) ဦး ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော အခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၁၄-၆-၂၀၂၂)ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

*စာမျက်နှာ ၂၀ မှ*

တမင်သက်သက် ဆွနေခြင်းဖြစ်ကြောင်း၊ ဥပမာ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့လုပ်ဆောင်နေသည်ကို သတင်းထောက်ကြီးတို့ တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်နေချိန်တွင် မြန်မာပြည်သူလူထုအတွက်ဟု ပြည်သူလူထုဆိုသည့်နာမည်ခံပြီး ထိုအကြမ်းဖက် PDF များကို ထောက်ပံ့ပေးကြောင်း၊ မြန်မာပြည်သူလူထုအတွက်ဟူ၍ နာမည်ခံပြီး ပြည်ပမှာရှိနေသည့်ကိစ္စများကနေ အလှူငွေများ ကောက်ခံပေးပို့ခြင်း၊ ဒေါ်လာမည်မျှ ထောက်ပံ့မည်ဆိုပြီးပေးပို့ခြင်း၊ မည်မျှကူညီမည်ဆိုပြီး ပေးပို့ခြင်းဆိုပြီး ထောက်ပံ့မှုများမှာ ကျောင်းများကို မိုင်းခွဲသူများ၊ ဆရာ ဆရာမများကို သတ်သည့်သူများ၊ ကျောင်းသားများကို ကျောင်းမနေနိုင်အောင်လုပ်သည့်သူများ၊ ပြဋ္ဌာန်းစာအုပ်ကို မီးရှို့လုယက်နေသည့်သူများထံသို့ ရောက်နေကြောင်း၊ ထိုကဲ့သို့ငင်းတို့က ထောက်ပံ့ပေးနေသည့်အတွက်ကြောင့် တချို့သော EAO ခေါင်းဆောင်များအထိ မဟုတ်ဘဲ EAO တပ်ရင်း၊ တပ်ဖွဲ့အဆင့်လောက်အထိ ကိုသာငွေပေး၍ လုပ်နေသည်များရှိကြောင်း၊ ထိုကိစ္စများသည်လည်း External Factor ပင်ဖြစ်ကြောင်း၊ သို့သော် ယခုဝင်လာသည့်အဖွဲ့ ၁၀ ဖွဲ့နှင့် မိမိတို့ဆွေးနွေးမည်ဖြစ်ကြောင်း၊ ထို ၁၀ ဖွဲ့သည် နိုင်ငံတော်နှင့် ၎င်းတို့၏ တိုင်းရင်းသားပြည်သူ့အကျိုး၊ ပြည်ထောင်စုအကျိုးကို ကြည့်သည့်သူများဖြစ်၍ ဆွေးနွေးကြခြင်းဖြစ်ကြောင်း၊ ထိုအဖွဲ့အစည်းများ၊ ထိုလူများသည်လည်း မိမိပြောခဲ့သည့် External Factor၊ Internal Factor များက ဆွဲဆောင်စည်းရုံးမှုမျိုးစုံ ပြုလုပ်ခြင်းများ ခံခဲ့ရပါကြောင်း၊ သို့သော် ၎င်းတို့အနေနှင့် တကယ့်ကို ပြည်ထောင်စုအကျိုးနှင့် ၎င်းတို့၏ တိုင်းရင်းသားလူမျိုး၏အကျိုးကို ကြည့်သောကြောင့် လာရောက်ခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ပတ်သက်၍ ဆက်ဆံရေးကို မိမိတို့အထူးအလေးထားပါကြောင်း၊ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကျိုးကို လိုလားသည့် မည်သည့်နိုင်ငံ၏ စစ်မှန်သည့် လုပ်ဆောင်ချက်ကို မဆို မိမိတို့ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ အာဆီယံအထူး ကိုယ်စားလှယ်ကိစ္စနှင့် ပတ်သက်၍ မိမိတို့အနေနှင့် ယခင်ရပ်တည်ချက်အတိုင်းသာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတစ်နိုင်ငံတည်း ထူးဆန်းပြီးလုပ်နေခြင်း မဟုတ်ကြောင်း၊ မည်သည့်နိုင်ငံကမှ အမှုရင်ဆိုင်နေဆဲသူများနှင့် တွေ့ဆုံခွင့်ပေးခဲ့သည်ကို မိမိလည်းမမြင်ဖူးပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ပြောနေသည့် အာဆီယံနိုင်ငံများမှ တချို့နိုင်ငံများကို မိမိထောက်ပြရမည်ဆိုလျှင် ထိုနိုင်ငံများတွင်လည်း နိုင်ငံရေးအမှု၊ အဂတိအမှုများနှင့် တရားစွဲဆိုခံရသည့်၊ ထောင်ချခံရသည့်၊ အမှုအရ အရေးယူခံရသည့် နိုင်ငံခေါင်းဆောင်များရှိကြောင်း၊ နိုင်ငံထဲမှ ထွက်ပြေးသွားသည့် ခေါင်းဆောင်များရှိ ကြောင်း၊




ထိုနိုင်ငံများမှာ ၎င်းတို့ကို အရေးယူသည့် အခါတွင် မည်သူ့ကို တွေ့ခွင့်ပေးခဲ့သလဲဟု မိမိမေးလိုကြောင်း၊ တွေ့ခွင့်ပေးခဲ့သည့် အထောက်အထားရှိခဲ့လျှင် မိမိကိုပြောပါ၊ ပြေပါဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး ရွှေတြိဂံသတင်းလွှာဂျာနယ်မှ CEO ဦးထွန်းထွန်းဝင်း က ယခုအစိုးရလက်ထက် တစ်နှစ်ကျော်ကာလအတွင်း ယခင် NLD အစိုးရ၏ အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုများကို အဂတိလိုက်စားမှုကော်မရှင်က တရားစွဲဆိုနေသည်ကိုတွေ့ရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ကြိုဆိုသည့်အဖွဲ့များရှိသကဲ့သို့ အတိုက်အခံအဖွဲ့များကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို နိုင်ငံရေးအရ ခုတုံးလုပ်၍ တရားစွဲနေသည်ဆိုသည့်ပုံစံမျိုးများ ပြောနေသည်များကိုလည်း မိမိတို့တွေ့ရကြောင်း၊ အဂတိလိုက်စားမှုဆိုသည်မှာ အစိုးရအဆက်ဆက် မည်သည့်နေရာတွင် မဆိုရှိနေမည်ဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင်လည်း အဂတိလိုက်စားမှုများရှိနေကြောင်း၊ ဥပမာ ဆောက်လုပ်ရေးတင်ဒါလောကတွင် ဝန်ထမ်းအကြီးအကဲများကိုယ်တိုင် အဂတိလိုက်စားနေသည်များ မိမိတို့တွေ့နေရကြောင်း၊ ထို့ကြောင့် နစ်နာသည့် ပြည်သူများက တိုင်ကြားလျှင်သော်လည်းကောင်း၊ မိမိတို့သတင်းမီဒီယာများက စုံစမ်းဖော်ထုတ်ရေးသား၍သော်လည်းကောင်း ထိုအခြေအနေမျိုးတွင် အဂတိတိုက်ဖျက်မှုကော်မရှင်က သော်လည်းကောင်း၊ အစိုးရကသော်လည်းကောင်း တရားစွဲဆိုအရေးယူရန် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး

ဗိုလ်ချုပ်ဇော်မင်းထွန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် မည်သည့်အစိုးရတက်တက် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများရှိပြီးဖြစ်ပါကြောင်း၊ ကော်မတီများ၊ ကော်မရှင်များတွင် ၎င်းတို့လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများရှိပြီးဖြစ်ကြောင်း၊ မချိုးဖောက်ခဲ့ဘူးဆိုလျှင် မည်သည့်အစိုးရအဖွဲ့အစည်းဖြစ်စေ၊ ပုဂ္ဂလိကအဖွဲ့အစည်းဖြစ်စေ အရေးယူစရာအကြောင်းမရှိပါကြောင်း၊ ထို့ကြောင့် NLD လက်ထက်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ကြီးများ၊ ဒုဝန်ကြီးများ အများကြီးရှိကြောင်း၊ အရေးယူခံရသည့် ဝန်ကြီးအရေအတွက်၊ ဒုဝန်ကြီးအရေအတွက်နှင့် မည်သည့်အသံမျှမကြားရသည့် ဝန်ကြီးအရေအတွက်၊ ဒုဝန်ကြီးအရေအတွက် သတင်းထောက်ကြီးကိုယ်တိုင်မည်မျှရှိသည်ကို နှိုင်းယှဉ်ကြည့်စေလိုကြောင်း၊ သေချာသည်မှာ မည်သည့်အရာမျှ လုပ်ခဲ့သည့်သူကို မည်သည့်အရာကမှ အရေးယူ၍မရပါကြောင်း၊ လူတစ်ယောက်သည် အပြစ်မရှိဘဲ အရေးယူခံသည်ဆိုသည်မှာ တော်တော်လေးကို ခဲယဉ်းပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း မည်သည့်အစိုးရ၊ မည်သည့်အဖွဲ့အစည်းကိုမျှ ၎င်းကလုပ်မည် မဟုတ်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည်လည်း ၎င်းကို တိုင်ကြားလာသည့် လုပ်ငန်းမှန်သမျှ၊ စစ်ဆေးလာသည့် လုပ်ငန်းမှန်သမျှကို အရေးယူဆောင်ရွက်နေသည်များရှိကြောင်း၊ ယခုအချိန်တွင်လည်း တိုင်ကြားနေသည်များလည်း ရှိကြောင်း၊ မိမိတို့ အရေးယူဆောင်ရွက်နေပါကြောင်း။

အချို့ကိစ္စများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုယ်တိုင်က လုပ်နေသည်များရှိပါကြောင်း၊ ဥပမာ ရန်ကုန်၌ဖြစ်ခဲ့သည့်ကိစ္စမျိုးဆိုလျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ယခုအချိန်အထိ စစ်ဆေးနေဆဲဖြစ်ပါကြောင်း၊ အရေးယူရန်အတွက်လည်း စတင်ဆောင်ရွက်နေပြီးဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ မီဒီယာများကရေးမည်ဆိုလျှင်လည်း ကျော်စောမှုသတင်းအနေနှင့်သာ ယူဆမည်ဖြစ်ပါကြောင်း၊ အထောက်အထားနှင့်တိုင်လာမည်ဆိုလျှင် မိမိတို့အရေးယူရမည်ဖြစ်ပါကြောင်း၊ သတင်းရေးရုံနှင့် ကျော်စောမှုသတင်းသာ ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ကျော်စောမှုရှိတိုင်းလည်း မိမိတို့က လက်တွေ့တရားဥပဒေအရ အရေးယူ၍ မရပါကြောင်း၊ ကျော်စောမှုရှိရုံနှင့် စုံစမ်းခံရသည့် အခြေအနေလောက်သာ ဖြစ်မည်ဖြစ်ကြောင်း၊ မီဒီယာများက ထုတ်ဖော်ရေးသားတိုင်းလည်း တရားဥပဒေအရ သက်သေခံမှာ အကျုံးမဝင်ပါကြောင်း၊ သို့သော် ကျော်စောမှုတော့ရှိမည်ကြောင်း ပြန်လည်ဖြေကြားသည်။

နောက်တစ်ခုမှာ ယခုနောက်ဆုံးရောက်ရှိလာသည့် သတင်းဖြစ်ကြောင်း၊ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၅) ကားလမ်းမှတ်တိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပြီး တစ်ဦးသေဆုံးကာ ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ တော်တော်လေးဆိုးကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ယနေ့တွင် ဗုံးဖောက်ခွဲသူကို ဖော်ထုတ်ရရှိပြီးဖြစ်ကြောင်း၊ ဖြစ်စဉ်တွင် သေဆုံးသူနှင့်ပတ်သက်ပြီး အမည်မသိ အသက် ၃၂ နှစ်ခန့် သေဆုံးသည်ဟူ၍ ထုတ်ပြန်ခဲ့ကြောင်း၊ ထိုသူ ကားမှတ်တိုင်သို့ ဝင်လာသည့် မှတ်တမ်းဓာတ်ပုံများ ပေးလိုက်မည်ဖြစ်ပါကြောင်း၊ ၎င်းထံတွင် အိတ်တစ်လုံးပါလာပြီး ထိုအိတ်ထဲတွင် ဗုံးထည့်လာခြင်းဖြစ်ကြောင်း၊ ၎င်းသည် အင်္ကျီအနက်ဝတ်ထားပြီး ပုဆိုးဝတ်လာသည့် ပုံစံမျိုးဖြစ်ကာ လက်ကိုင်အိတ်ကိုင်လာကြောင်း၊ ထိုအထဲမှ ဗုံးဖောက်ခွဲခဲ့သည့် သဘောရှိကြောင်း၊ ၎င်းကျန်ခဲ့သည့်ဖုန်းကို မိမိတို့ စစ်ဆေးပါကြောင်း၊ စစ်ဆေးသည့်အခါ ၎င်းကိုယ်တိုင်လည်း PDF အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သည့် PDF ဖြစ်ပြီး ၎င်းကို ခိုင်းထားသည့် အကြောင်းအရာများလည်းတွေ့ရကြောင်း၊ အမည်မှာ အောင်ကြီး (ခ) ထိန်လင်းထွန်း၊ (၂၆)နှစ်၊ (အဘ) ဦးတင်ထွန်း၊ ကျောက်တံတားမြို့နယ် ကွန်ပျူတာဆိုင် (စိစစ်ဆဲ)၊ အလုပ်သမားဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး နီးစပ်ရာကိုလည်း မိမိတို့အတည်ပြုပြီးဖြစ်ကြောင်း၊ ထိုသတင်းထွက်လာပြီး နောက်ပိုင်းတွင် ပြည်ဖျက်မီဒီယာတစ်ခုက လူစည်ကားသည့် နေရာ၌ ဗုံးပေါက်ကွဲခြင်းဖြစ်သောကြောင့် စစ်တပ်က လုပ်သည်ဟုရေးသားထားကြောင်း၊ ပြီးလျှင် မီဒီယာများကို CCTV မှတ်တမ်းပြမည်ဖြစ်ကြောင်း၊ ၎င်း၏ ဖုန်းအဆက်အသွယ်ထဲရှိ ၎င်းချိတ်ဆက်ထားသည်များကို မိမိတို့ ပြောလိုက်မည်ဖြစ်ကြောင်း၊ ပေါက်ကွဲသည့် အထဲတွင် ဖုန်းမပါသွားသော်လည်း ဖုန်းမှန်မှာ အတော်ပင်အက်ကွဲနေပြီဖြစ်ကြောင်း၊ တော်တော်လေးဖော်ထုတ်ယူရကြောင်း၊ သို့မဟုတ်လျှင် မိမိတို့ကသေသွားသည့်သူကို စွပ်စွဲသည်ဆိုသည်မျိုးဖြစ်နေဦးမည်ဖြစ်ကြောင်း ပြောကြား၍ CCTV ကို ပြသသည်။

ယင်းမှာ CCTV မြင်ကွင်းတစ်ခုကသာ ပြထားခြင်းဖြစ်ကြောင်း၊ အခြားမြင်ကွင်းများကို မိမိတို့အနေဖြင့် လုံခြုံရေးအရ မပြသနိုင်သော်လည်း ပုံများကိုဖြန့်ဝေပေးလိုက်မည်ဖြစ်ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်သူလူထု၊ လူစည်ကားရာနေရာ၊ ဘာသာရေးအဆောက်အဦဟူ၍ ရှောင်နေမည်မဟုတ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ မိမိဒေသ၊ ရပ်ရွာလုံခြုံရေးအတွက် ပြည်သူလူထုကလည်း လုံခြုံရေးအဖွဲ့များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက် နံနက် ၆ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရွာငံ-ဟံမြင့်မိုရ် သွားလမ်း သံရွာစစ်ဆေးရေးဂိတ်တွင် ရွာငံမှ ကျောက်ဆည်ဘက်သို့ တင့်လွင် မောင်းနှင်လာသည့် Hino ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ပြောင်းဖူးအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



❑ *ကျောဖုံးမှ*

မောင်းနှင်သွားသဖြင့် အဆိုပါကျောင်းအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက လက်နက်ငယ်များဖြင့် လိုက်လံပစ်ချခဲ့ရာ DJI-1313 အမျိုးအစား Drone တစ်စင်းကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက် သမားများ၏ Drone ဖြင့် ဗုံးခွဲမှုကြောင့် ကျောင်းဝင်းအတွင်းရှိ စာသင်ကျောင်းဆောင်များပေါ်သို့ ဗုံးသီးသုံးလုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်းနှင့် အဆိုပါပေါက်ကွဲမှုကြောင့် ကျောင်းဆောင်အမိုးများ ပေါက်ပြဲပျက်စီးခဲ့ကြောင်းနှင့် ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော စာသင်ကျောင်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

ထို့အပြင် ဇွန် ၈ ရက် နံနက် ၈ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ပုလဲကူ ကျေးရွာနေ အဆိုပါကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၏ နေအိမ်တံခါးပေါက်အနီးသို့ PDF အမည်ခံအကြမ်းဖက်သမားများက "ကလေးသူငယ်များအား ပညာသင်ကြားမှု မပြုရန်နှင့် သင်ကြားမည်ဆိုပါက ဆရာမကြီးရဲ့အသက်ကို အာမခံမပေးနိုင်ပါ" ဟူသောစာသားပါခြိမ်းခြောက်စာတစ်စောင်ကို 9MM LUGER ကျည်တစ်တောင့်နှင့်အတူ ပေးပို့ခြိမ်းခြောက်ခဲ့ကြောင်း သိရှိရသည်။

NUG အမည်ခံအကြမ်းဖက် အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြု၍ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက် ဖျက်ဆီးလျက်ရှိရာ ပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် စက်ဆုပ်ရွံရှာလျက်ရှိပြီး အဖွဲ့အသီးသီးကလည်း ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ယခုကဲ့သို့ အနာဂတ်လူငယ်၊ လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန် ရည်ရွယ်၍ ကျောင်းအဆောက်အဦများအား Drone ယာဉ်များဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သူများ၊ ကျောင်းအုပ်ဆရာမကြီး၏ နေအိမ်သို့ ခြိမ်းခြောက်စာပေးပို့ခဲ့သူများအား အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရွှေဘိုမြို့နယ် တည်သီးတောရွာ စာသင်ကျောင်းသို့ အကြမ်းဖက်များ Drone ဖြင့် ဗုံးချသော နေရာပြပုံ။

## ကျွဲကျောင်းနေသည့် ကလေးငယ်ကို အသားချောင်းကျွေးမည်ဟု လိမ်လည်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၉**

ကျွဲကျောင်းနေသည့် ကလေးငယ်ကို အသားချောင်းကျွေးမည်ဟု လိမ်လည်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ် ပင်းကွေ့ကျေးရွာနေ ရှော်လမွန်၊ ကျ၀၊ ဒေါ်နားလယ်၊ ဒေါ်နာဒီးနှင့် မိုင်းခတ်မြို့နယ် ယမ်းမိုင်းရွာနေ အားသာတို့က ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ်နေ မောင် ---၊ (၇ နှစ်) ကျွဲကျောင်းနေစဉ် ဆိုက်ကော်(အသားချောင်း)ကျွေး၍ တရုတ်နိုင်ငံသို့ ရောင်းစားရန် လိမ်လည်ခေါ်ဆောင်သွားစဉ် ဖမ်းဆီးရမိသဖြင့် မိုင်းခတ်မြို့မရဲစခန်း(ပ) ၂၇/၂၀၂၁၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ (က)/ ၃၂ ဖြင့် အမှုရေးဖွင့်၍ ကျိုင်းတုံခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ ရှော်လမွန်နှင့် ကျ၀ တို့ကို ဇွန် ၈ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် ကလေးတရားခံ အားသာ ကို အမိန့်ချမှတ်နိုင်ရေး ဆက်လက်စစ်ဆေးလျက်ရှိပြီး တိမ်းရှောင်တရားခံများဖြစ်သည့် ဒေါ်နားလယ်နှင့် ဒေါ်နာဒီး တို့ကို တရားခံပြေး ကြေညာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

မိုးညှင်းမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်နှင့် ရွာငံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် နံနက် ၁၁ နာရီခွဲတွင် မိုးညှင်းမြို့နယ် မြို့သစ်ကလေးကျေးရွာအုပ်စု မြို့သစ်ကလေးကျေးရွာအနီး မိုးညှင်း-ဟိုပင်သွားကားလမ်းတွင် ဆန်းဝင်းကြည်(ခ)အပု မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၈၉၁ ကီလိုကိုလည်းကောင်း၊ အလားတူ ဇွန် ၇ ရက် ည ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက် ကုန်သည်လမ်း တိုက်အမှတ်(C-2 A) (၈)လွှာ၊ အခန်းအမှတ်(၀၈၀၃)သို့ ဝင်ရောက်ရှာဖွေရာ မြတ်မင်းထိုက်၊ ကျော်မင်းသိန်း၊ ထက်ကိုဦး ၊ ဇော်ဇော်၊ ထက်နိုင်မင်းနှင့် ထင်အောင်လင်း(ခ)ဝါဆို တို့ ခြောက်ဦးကို တွေ့ရှိရပြီး ဆေးခြောက် ၂၀ ဒသမ ၇ ကီလိုနှင့် မြန်မာငွေကျပ် ၃ ဒသမ ၅ သိန်းကိုလည်းကောင်း၊ ထို့အတူ ဇွန် ၇ ရက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာငံမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စု တောင်ခေါင်းပွားကျေးရွာ ရွာငံ – ဟံမြင့်မိုရ်သွားကားလမ်း ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်တွင် မြင့်လှိုင်(ခ) ပေါက်စ မောင်းနှင်ပြီး ဟိန်းထက်ငြိမ်း လိုက်ပါလာသည့် Nissan Diesel အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၆ ဒသမ ၇၁ ကီလိုနှင့် ဘိန်းစိမ်း ၇ ဒသမ ၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၇ နာရီတွင် အဆိုပါနေရာ၌ မူးယစ်ဆေးဝါးများ သယ်ဆောင်သူ ဝေလွင်ဦးကို Toyota Hilux အမျိုးအစားမော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောက်စိမ်းအရိုင်းတုံးများနှင့် စက်သုံးဆီများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော စတီးရေပိုက်ခေါင်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး **(အောက်ပုံ)**အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၉ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လယ်ပြင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လုံးခင်းကျေးရွာဘက်မှ မြစ်ကြီးနားမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ ကျောက်စိမ်းအရိုင်းတုံး ဆိုဒ်စုံ ၂၉၁ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၈၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်း တရားမဝင် သယ်ဆောင်လာသော လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၇၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ရွှေဘိုမြို့နယ်အတွင်း တရားမဝင် စက်သုံးဆီ ဂါလန် ၉၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၄၇၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၇၅၅၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ ရွှေကုံကော်(၄)လမ်း၊ မြေကွက်အမှတ် (၅၇၃)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးညွန့်ဆွေ (KSE-၀၆၇၀၇၃)အမည်ပေါက် ပါမစ်မြေကွက် အနက်မှတရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၅၇၄)နှင့်ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြနှင်းအိမ် (၁၂/လမန (နိုင်) ၁၄၈၁၈၅)နှင့် ဦးဝေလင်းအေး (၁၂/အစန (နိုင်) ၂၀၂၀၂၁)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
Hein Htet San Law Firm

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ အောင်ရတနာ(၁၄)လမ်း၊ မြေကွက်အမှတ် (၁၉၀)၊ အကျယ်အဝန်း (၅၀ပေ× ၅၀ပေ)ရှိ ဦးထွန်းကြိုင် (SRM-၀၅၈၂၁၃)(၁၂/လကန (နိုင်) ၀၇၀၉၄၅)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖခင် ဦးထွန်းကြိုင်နှင့် မိခင် ဒေါ်ရှင်နတို့ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူသားသမီးများဖြစ်သော ဒေါ်သန်းကြည် (၁၂/လကန (နိုင်) ၀၆၉၉၉၀)နှင့် ဦးမြင့်အောင် (၁၂/လကန (နိုင်) ၀၇၃၄၅၀)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
Hein Htet San Law Firm

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/8368 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## မွေးသက္ကရာဇ်အမှန်

ဦးအုန်းမြိုင်၏သမီး ရမည်းသင်းမြို့နယ် ၊ အထက(ကျီစု)မှ တာဝန်ထမ်းဆောင်နေသော ဒုအလယ်တန်းပြဆရာမ ဒေါ်နီ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အမှုထမ်းစာအုပ်အရ (၇-၅-၇၅)ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးပြေအေး၏သမီး ရမည်းသင်းမြို့နယ်၊ အထက(ကျီစု)မှ တာဝန်ထမ်းဆောင်နေ သောဒုအလယ်တန်းပြ ဆရာမ ဒေါ်သီတာအေး၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ (၁၅-၈- ၈၂) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ရဲဘော်ကြီး ကျေးရွာနေ ဦးအေးပို ၉/ကဆန(နိုင်)၁၆၇၄၄၉ ပိုင်ဆိုင်သော ဦးပိုင်(၉၃)၊ ဧရိယာ (၀ ဒသမ ၀၅၇)မြေဂရန်(မူရင်း)မှာ ၃-၆-၂၀၂၂ရက်တွင် ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးအေးပို
(ဖုန်း–၀၉–၇၈၇၈၁၅၈၅၁)

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြောင်းမြမြို့၊ အမှတ် (၈)ရပ်ကွက်၊ (၇)လမ်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းနေ ဦးလှဟန် (မြို့နယ်လျှပ်စစ်အင်ဂျင် နီယာ)မှ မြောင်းမြမြို့၊ အမှတ် (၈)ရပ်ကွက်ရှိ ကွင်းအမှတ် (၁၂/မြူနီစပါယ်)၊ ဦးပိုင်အမှတ် (၂-ဋ္ဌ)၊ ဧရိယာ ၁ဒသမ၀၈၇ကေအား ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအမည်ဖြင့် အခမဲ့မြေလွှဲမိန့် လျှောက်ထားနိုင်ရန်အတွက် မြေပေးမိန့် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြောင်းမြမြို့

## ဖခင်အမည်မှန်

၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော မိတ္ထီလာမြို့နယ်၊ ပန်းတင်ကျေးရွာနေ မစန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၉/မထလ(နိုင်) ၁၉၁၀၈၇ ဖြစ်ပါကြောင်း။

ဦးကျော်နိုင်

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/9096, Suzuki Carry DA21T, P/U(4x2)L.H.Dယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ ဒေါ်ဝင်းမင်းသန်း၁၁/စတန(နိုင်) ၀၄၇၅၈၆ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ ကညန၊ပြည်နယ်ရုံး(စစ်တွေ)

## အမှားပြင်ဆင်ချက်ကြော်ငြာ

(၂၅-၅-၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ (၃၀)ကော်လံ (၄)တွင် ဒေါ်လှလှခိုင် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ၌ ယသဿဝတီ (၁၁)လမ်းဟု မှားယွင်းဖော်ပြခဲ့သဖြင့် အမှန်မှာ ယသဿဝတီ(၁၂)လမ်းဖြစ်ကြောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/4092, Toyota Hilux LN155R P/U(4x2)R ယာဉ်လက် ဝယ်ရှိသူ ဦးအေးဖန် ၁၀/မဒန(နိုင်)၀၆၉၆၉၂ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

တောင်ငူမြို့၊ (၁၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အကွက်အမှတ်နှင့်အမည်–၆–က လမ်းမကျယ်၊ ဦးပိုင်အမှတ်–၁၈၇၊ ဧရိယာ ၀ဒသမ၀၈၁ကေရှိ အရှေ့–တပင်ရွှေထီးလမ်း၊ အနောက်–ဦးပိုင်အမှတ်–၁၇၀၊ ဦးပိုင်အမှတ်–၁၈၅/က၊ တောင်–ဦးပိုင်အမှတ်– ၁၈၆/က၊ မြောက်–ဦးပိုင်အမှတ်–၁၆၇၊ အလားလေးရပ်အတွင်းရှိ ဒေါ်သန်းပါ–၃ ဦး အမည်ပေါက်သော ဘိုးဘပိုင်ခြံမြေကွက်အား MOHAMED RAHIS KHAN နှင့် THARAMON တို့နှစ်ဦးအမည်သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ် ဇွန် ၂၃ရက်မတိုင်မီ တောင်ငူမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တောင်ငူမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

တောင်ငူမြို့၊ (၂၂)ရပ်ကွက်၊ ရန်ကုန်–မန္တလေးကားလမ်းဘေး၊ အကွက်အမှတ်နှင့်အမည် (၁/ရေခဲစက်)၊ ဦးပိုင်အမှတ်(၃၁၇) ၊ ဧရိယာ(၀ဒသမ၁၃၉)ကေရှိ အရှေ့–ရန်ကုန်–မန္တလေးကားလမ်း၊ အနောက်–ဦးပိုင်အမှတ် –၃၁၅၊ တောင်–ဦးပိုင်အမှတ်–၃၁၈၊ မြောက်–ဦးပိုင်အမှတ်–၃၃၃၊ အလားလေးရပ်အတွင်းရှိဦးခင်မောင်မြင့်–ဒေါ်အေးအေးကြည် အမည်ပေါက်သော ဘိုးဘပိုင်ခြံမြေကွက်အား ဒေါ်အေးအေးအောင်အမည်သို့ ပြောင်းလဲမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ်၊ ဇွန်လ ၂၅ ရက်မတိုင်မီ တောင်ငူမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တောင်ငူမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

## အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့နယ်၊ ကန်သာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၂–င/စက်မှုဇုန်)၊ ဦးပိုင်အမှတ် (ဘီ–၁၀/၃)၊ မြေဧရိယာ ၀ဒသမ၂၂၉ကေရှိ မြေကွက်သည် ဦးထွန်းထွန်းဦး ၉/မထလ(နိုင်)၀၀၁၇၉၈ အမည်ဖြင့် ခရိုင်ရုံးအမှုတွဲအမှတ် ၄၈/၂၀၀၂–၂၀၀၃အရ (၈–၇–၂၀၀၂)ရက်မှ ၇–၇–၂၀၃၂ရက်အထိ နှစ် ၃၀ မြေငှားဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေငှားဂရန် စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန် ထုတ်ပေးပါရန် ဦးထွန်းထွန်းဦး ၉/မထလ(နိုင်)၀၀၁၇၉၈မှ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိတ္ထီလာခရိုင်

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုအောင် ၁၂/ရကန(နိုင်)၀၁၉၁၉၈သည် ဒေါ်ချိုချိုမာ ၁၂/သဃက(နိုင်)၁၂၁၃၈၂ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ (၁၄)ရပ်ကွက်၊ အမှတ် (၂၈/ဘီ)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ကွန်ဒိုတိုက်၏အခန်းအမှတ် (၄/ဘီ)၊ (စတုတ္ထထပ်–ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၃၄၅)စတုရန်းပေတိုက်ခန်း နှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောပိုင်ဆိုင်မှု စာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မေဘ်မော်ခင်၊ တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၃၆)
တိုက် (၁၂၇)၊ အခန်း (၆)၊ ရန်နိုင်လမ်းသွယ် (၅)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ဖုန်း–၀၉–၅၀၂၉၉၅၈၊ ၀၉–၄၃၀၉၅၄၈၆

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုးရေးရှင်း လက်အောက်ရှိ ခရိုင်/မြို့နယ်များတွင် ထိန်းသိမ်းပြုပြင်ရေးလုပ် ငန်းများအတွက် အသုံးပြုရန်လိုအပ်သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံပစ္စည်းများဝယ်ယူခြင်းတင်ဒါ (၇)ခုအတွက် ဈေးနှုန်းအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ပစ္စည်းဝယ်ယူလိုပါသည်–

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – | ၁၃–၆–၂၀၂၂ရက် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | – | ၂၇–၆–၂၀၂၂ရက်၊ ၁၄:၀၀နာရီ |
| တင်ဒါပုံစံရောင်းချတင်သွင်းရမည့်နေရာ | – | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ၂၇ လမ်း၊ ၇၇x၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |

၂။ တင်ဒါပုံစံနှင့် စာရွက်စာတမ်းများကို အထက်ပါလိပ်စာတွင် သတ်မှတ်နှုန်းထားအတိုင်း ရုံးချိန်အတွင်း လာရောက်ဝယ် ယူနိုင်ပါသည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း–၀၂–၄၀၇၃၈၀၁၊ ၀၂–၄၀၆၉၁၂၁ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး အတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့်ဓာတ်မှန်ခန်းသုံးဆေးနှင့်ဆေးပစ္စည်းများ Consumableများအား ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန် | – | ၁–၆–၂၀၂၂ရက် နံနက် ၉နာရီ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | – | ၃၀–၆–၂၀၂၂ရက်ညနေ ၄နာရီ |
| တင်ဒါပုံစံရောင်းချမည့်နေရာ | – | ဆေးရုံအုပ်ကြီးရုံး၊ ခုတင် (၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်ဆေးပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံး ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့ ဖုန်း–၀၆၄–၂၃၀၀၄ သို့ လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒက္ခိဏခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၅

ဦးဇော်လင်းအောင် နှင့် ၁။ ဦးကျော်ထူး
၂။ ဦးဝင်းမောင်

တရားလို တရားပြိုင်များ

အမှတ်(SK–109)၊ သံလွင်လမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်နေ (၂)တရားပြိုင် ဦးဝင်းမောင် (ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဆောက်လုပ်ရေးသုံးပစ္စည်းများ၏ ကြွေးကျန်ငွေ (၇၇၉၃၁၁၉)ကျပ်နှင့် နောက်ကျကြေးငွေ (၃၂၉၆၂၉၈)ကျပ်၊ စုစုပေါင်းငွေ (၁၁၀၈၉၄၁၇) ကျပ်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဇူလိုင်လ ၈ ရက်(၁၃၈၄ခုနှစ် ဝါဆိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်း ရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာ တမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန်လ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မောင်မောင်သက်လွင်)
ဒုတိယခရိုင်တရားသူကြီး(၂)
ဒက္ခိဏခရိုင်တရားရုံး

## မွေးသက္ကရာဇ်အမှန်

ဦးစမ်းမောင်၏သား အမ်းမြို့နယ်၊ အမ်းတောင်အုပ်စု ပျဉ်းတောကျေးရွာနေ ဦးခင်မောင်ထွေး ၁၁/အမန(နိုင်) ၀၃၂၀၉၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄–၁–၁၉၇၇ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးမြထွန်းအောင်၏သမီး အမ်းမြို့နယ်၊ တပ်တောင်မြို့၊ အမှတ်(၃)ရပ်ကွက်နေ မအောင်သန်း ၁၁/ကဖန(နိုင်) ၀၁၁၃၃၈၏ မွေးသက္ကရာဇ်အမှန်မှာ ၇–၄–၁၉၇၀ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

သဲတော(အထက) မှ မောင်မျိုးမင်းသူ(ကျောင်းဝင်အမှတ်–၉၈၃၅)၏ မိဘအမည်မှန်မှာ ဦးတင်ထွန်း–ဒေါ်သန်းမြင့် (ခ) ဒေါ်မြင့် ဖြစ်ပါကြောင်း။

ဦးတင်ထွန်း–ဒေါ်သန်းမြင့်(ခ)ဒေါ်မြင့်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်4D/3769 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၈၁၂၁၃, Honda Wave–100 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မိုး ၉/တကန(နိုင်)၁၇၂၇၄၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(နေပြည်တော်ရုံး)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် DD/7337, Hyundai Starex, Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းထွန်း ၁၂/ဒဂတ(နိုင်) ၀၁၃၂၃၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်( ၁/၂၀၂၂ )
## ၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
## ၂၀၂၂ ခုနှစ် ၊ ဇွန်လ ၁၀ ရက်

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁)/ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) ရာထူးနေရာများတွင် ဖြည့်စွက်ခန့်ထားနိုင်ရန် အောက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ (ပြည်တွင်း/ပြည်ပ သာသနာ့တက္ကသိုလ်များမှ ဘွဲ့များလျှောက်ထားခွင့်မပြုပါ။)
- (ဂ) ကျန်းမာသန်စွမ်း၍နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ဖြစ်ရမည်။
- (ဃ) ၃၀–၆–၂၀၂၂ ရက်နေ့တွင် ရိုးရိုးဘွဲ့ရရှိပြီးသူများ အနေဖြင့် အသက်(၂၇)နှစ်ထက် မကျော်လွန်သူ၊ မဟာဘွဲ့ရရှိသူများ အနေဖြင့် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

၂။ လျှောက်ထားသူသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေ စာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကျင်းပမည့်ရက်ကို သတင်းစာများ၌ ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဝင်ကြေး(၅၀၀၀)ကျပ်ကို လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်းခေါင်းစဉ်အမှတ် (MD–010237) သို့ ငွေသွင်းချလံဖြင့် လည်းကောင်း၊ ငွေလွှဲလျှောက်လွှာဖြင့်လည်းကောင်း ပေးသွင်းရမည်ဖြစ်သည်။ သတ်မှတ်ထားသော လျှောက်လွှာများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် ဝင်ကြေးငွေ(၅၀၀၀)ကျပ်ပေးသွင်းသည့် ချလန်/ငွေလွှဲလျှောက်လွှာ မူရင်းပြသ၍ ထုတ်ယူနိုင်သည်။ လျှောက်လွှာထုတ်ယူသည့်နေရာ၌ ၂၇–၆–၂၀၂၂ ရက်နေ့ ၁၆၀၀ နာရီ နောက်ဆုံးထား၍ လျှောက်လွှာများကိုတင်သွင်းရမည်။ လျှောက် လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်–

- (က) ဝင်ကြေးငွေပေးသွင်းသည့် ချလန်/ငွေလွှဲလျှောက်လွှာမူရင်း၊
- (ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူမှန်၊ (ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုသည့်အခါ မူရင်း ပြသနိုင်ရမည်။)
- (ဂ) ပညာအရည်အချင်းအတွက် ဘွဲ့/မဟာဘွဲ့လက်မှတ် မိတ္တူမှန်၊ (ရေးဖြေစာမေးပွဲလာရောက် ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်။)
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်/အမျိုးသားမှတ်ပုံတင်ကတ်(မိတ္တူ)(ရေးဖြေ စာမေးပွဲလာရောက်ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်။)
- (င) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စပို့စ်အရွယ် ဓါတ်ပုံ(၅)ပုံ၊
- (စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ (၂)လအတွင်း ထောက်ခံချက်၊
- (ဆ) ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း အမှန်တကယ် နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၂)လအတွင်း ထောက်ခံချက်၊
- (ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူမှန်။(ရေးဖြေစာမေးပွဲလာရောက် ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်။)
- (ဈ) ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး (၂)ကြိမ် အပြည့်ထိုးနှံပြီးဖြစ်ကြောင်း အထောက်အထားမိတ္တူမှန်။ (ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်။)

၄။ ဝန်ထမ်းဖြစ်ပါက မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၀)၊ နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို လျှောက်လွှာထုတ်ယူသည့်နေရာ၌ တင်သွင်းရမည်။

၅။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းကို နေပြည်တော်၊ မန္တလေး၊ ရန်ကုန် စာဖြေဌာနများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၀)၊ ဖုန်း ၀၆၇–၃၄၁၂၇၉၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 16U/5166, BaJAI 200 (199CC), T/W ယာဉ်လက်ဝယ်ရှိသူ မြောက်ဦးမြို့၊ ဆင်ချဆိပ်ရပ်ကွက်နေ Smart Alliance Trading Co.,Ltd. က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 15W/96846, HONDA DREAM ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၉/မတရ(နိုင်)၀၅၄၁၄၁ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တာချီလိတ်)

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ညောင်ဝိုင်း အထက Grade–10မှ မောင်အောင်ဇင်ကို၏ ဖခင်အမည်မှန်မှာ ဦးထူး ၈/မလန(နိုင်)၀၆၂၁၁၁ ဖြစ်ပါကြောင်း။

ဦးထူး

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ညောင်ဝိုင်း အထက Grade–10မှ မောင်နိုင်ဝင်းထွေး၏ဖခင်အမည်မှန်မှာ ဦးလှရှိန် ၈/မလန(နိုင်)၀၄၃၇၂၁ ဖြစ်ပါကြောင်း။

ဦးလှရှိန်

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ညောင်ဝိုင်း အထက Grade–1 မှ မောင်ညဏ်လင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးဦး ၈/မလန(နိုင်)၁၁၃၅၃၃ ဖြစ်ပါကြောင်း။

ဦးကျော်မျိုးဦး

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ရွာပုလဲကြီးကျေးရွာနေ ဦးတင်မျိုးထွေး(ခ)ဦးမျိုးဇော်ထွေး ၉/သစန(နိုင်) ၁၁၇၇၀၄မှာ တစ်ဦးတည်းဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅–၅–၁၉၈၂) ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မျိုးမင်းထွန်း ၁၁/သတန(နိုင်)၀၇၇၁၃၆၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၆၄၆၀၈၂၄၄

## ပတ်စ်ပို့ပျောက်

ကျွန်မ မသန်းသန်းဌေး ၁၁/သတန (နိုင်)၀၇၁၆၄၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၆၄၆၀၈၂၄၄

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

### အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**"VENT D'EST (MYANMAR) Co.,Ltd"**

၂၀၂၂ခုနှစ် ဧပြီ ၄ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင် အစည်းအဝေး ဆုံးဖြတ်ချက်အရ "VENT D'EST (MYANMAR) Co., Ltd အား ၂၀၂၂ ခုနှစ် ဧပြီ ၃၀ရက်မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဒေါ်စိုးစိုးထွန်း (B.COM, CP.A, Auditor & Financial Consultant Certified Public Accountant) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၃ခုနှစ် အောက်တိုဘာလ ၂၉ ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံတောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| | |
|---|---|
| **MR.TAO, SEN** | **Daw Soe Soe Htun (B.Com, CP.A)** |
| **Director** | **Auditor & Financial Consultant** |
| **VENT D'EST (MYANMAR) Co.,Ltd** | **Certified Public Accountant** |
| | **VENT D'EST (MYANMAR) Co.,Ltd** |

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိဌာနများတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါယာဉ်ယန္တရားနှင့် လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေ အတွက် | စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|---|---|
| က။ | 30 Tons Truck Crane | ၁ စီး | ဃ။ | Amphibious Excavator(7.5 Tons) | ၂ စီး |
| ခ။ | Dump Truck(Tipper)(2Tons) | ၃၀ စီး | င။ | Flat Bed (15 Tons) | ၁ စီး |
| ဂ။ | Dump Truck(Tipper)(3Tons) | ၁၀ စီး | စ။ | 50 KVA Generator | ၂ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၀ - ၆- ၂၀၂၂ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၂- ၆- ၂၀၂၂ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်းဆက်သွယ် မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ခေါ်ယူဆောင်ရွက်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ခေါ်ယူအပ်ပါသည်-

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၈-၆-၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့)

**တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၁-၆-၂၀၂၂ ရက်(အင်္ဂါနေ့)၊ ညနေ ၄ နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၃၅၈၃ သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးတည်ဆောက်ရေးတင်ဒါခေါ်ယူရေးကော်မတီ**

**တနင်္သာရီတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၊ မြေကွက်အမှတ်-၇၃၁၊ မြေကွက်တည်နေရာ-အမှတ်(၇၃၁)၊ ဗန္ဓုလလမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးသန်းအောင်) WAW-092758 အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေအား အမည်ပေါက်ဦးသန်းအောင်ထံမှ General Power အမှတ် ၁၀၅/၂၀၀၅ (၆-၁-၂၀၀၅) ရသူ ဒေါ်လှကြွယ် ၁၂/မရက(နိုင်)၀၅၅၂၀၁ မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ GP မူရင်း၊ ဦးသန်းအောင်သက်ရှိထင်ရှားရှိပြီး GP မရုပ်သိမ်းသေးကြောင်း ဒေါ်လှကြွယ်၏ ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၂၀၁၄)ခုနှစ် ဦးသန်းအောင်၏ GP ဒေါ်လှကြွယ်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ မြေကွက်အမှတ်-၇၃၁၊ (၄၅'x၆၀')အနက်မှ မခွဲစိတ်ရသေးသော (ခြေရင်းဘက်ခြမ်း) (၂၀'x၆၀')အား အရောင်းအဝယ်စာချုပ်အမှတ်-၈၆၄၅/ ၂၀၁၄ (၅-၁၂-၂၀၁၄) ဖြင့် ဦးသန်းအောင် (ကိုယ်စားGP ဒေါ်လှကြွယ်)ထံမှ ဦးအောင်သူကိုမှ ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အရောင်း စာချုပ်မိတ္တူပူးတွဲ၍လည်းကောင်း၊ (၂၀၁၆)ခုနှစ်တွင် ဦးအောင်သူကို လျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ထုတ်ယူခဲ့ခြင်းမရှိကြောင်း၊ ကျန်ရေိယာကို ရောင်းချနိုင်ရေးအတွက် မြေပုံခွင့်ပြုပေးပါရန် ဒေါ်လှကြွယ်မှ (၁၈-၁-၂၀၂၁) ရက်စွဲပါ ကျမ်းကျိန်လွှာနှင့်အတူ (၁၅-၁-၂၀၂၁) ရက်စွဲပါစာဖြင့် ရှင်းလင်းတင်ပြလာပါသည်။ အရောင်းစာချုပ်မူရင်းတင်ပြရန်နှင့် ဦးအောင်သူကိုနှင့်ပူးတွဲလျှောက်ထားရန် အကြောင်းကြားခဲ့ရာ ဦးအောင်သူကိုနှင့်ပူးတွဲလျှောက်ထားရန် အခက်အခဲရှိပါသဖြင့် တစ်ဖက်သတ်ဆောင်ရွက်ပေးပါရန် (၅-၄-၂၀၂၂)ရက်စွဲပါစာဖြင့် အရောင်းအဝယ်စာချုပ်အမှတ်-၈၆၄၅/ ၂၀၁၄ (၅-၁၂-၂၀၁၄) တာဝန်ခံမိတ္တူမှန် ပူးတွဲတင်ပြလာပါသဖြင့် ဦးသန်းအောင်ထံမှ GP ရသူ ဒေါ်လှကြွယ်၏အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး(Portion) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့် ခွဲရေးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

### အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**"United Ascent Travel Ware Co., Ltd"**

၂၀၂၂ခုနှစ် မတ် ၁၀ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင် အစည်းအဝေး ဆုံးဖြတ်ချက်အရ "United Ascent Travel Ware Co., Ltd." အား ၂၀၂၂ ခုနှစ် မတ် ၃၀ရက်မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စိုးစိုးထွန်း (B.COM, CP.A, Auditor & Financial Consultant Certified Public Accountant) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၃ခုနှစ် စက်တင်ဘာ ၂၉ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| | |
|---|---|
| **MS.Song Yunxia** | **Daw Soe Soe Htun (B. Com, CP.A)** |
| **Director** | **Auditor & Financial Consultant** |
| **United Ascent Travel Ware Co.,Ltd** | **Certified Public Accountant** |
| | **United Ascent Travel Ware Co.,Ltd** |

## ဖခင်အမည်မှန်

မြိတ်မြို့၊ အ-ထ-က (ခွဲ)အလက(၁၀)၊ Grade-10 မှ မောင်သူရအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစိုးလွင် ၆/မမန(နိုင်)၂၇၅၃၈၁ ဖြစ်ပါကြောင်း။ **ဦးစိုးလွင်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/ 8079 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

မြိတ်မြို့၊ မြို့မ(၂)ရပ်ကွက်နေ (ဦးစိုးမြင့်)နှင့် ဒေါ်သန်းဝေတို့၏သား မောင်နေလင်းအောင် ၆/မမန(နိုင်)၁၅၄၅၀၁ သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းဝေ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၆) အိုးလုပ်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၁၄၄၀)မြေရိယာ ၄ ဒသမ ၅၀ ဧကရှိမြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ်(၃၉၂/၂၀၀၀-၂၀၀၁)အရ ဒေါ်ကျောက်တင်ရင် အမည်ဖြင့် ရရှိခဲ့ပြီး မူလအမည်ပေါက် ဒေါ်ကျောက်တင်ရင်၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးလင်းထင်ဦးထံမှ ဂရန်မြေအား အပြီးအပိုင်ရောင်းချခြင်းစာချုပ်အမှတ်(၉/၂၀၂၀) ဖြင့် ဦးကျော်ကျော် ၁၂/လမတ(နိုင်)၀၂၅၇၄၅မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား စက်မှု/စီးပွားမြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်ကျော် ၁၂/လမတ(နိုင်)၀၂၅၇၄၅မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၆)အိုးလုပ်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၁၄၄၁)မြေရိယာ ၄ ဒသမ ၅၀ ဧကရှိမြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ်(၃၉၁/၂၀၀၀-၂၀၀၁)အရ ဒေါ်ကျောက်တင်ရင် အမည်ဖြင့် ရရှိခဲ့ပြီး မူလအမည်ပေါက် ဒေါ်ကျောက်တင်ရင်၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးလင်းထင်ဦးထံမှ ဂရန်မြေအား အပြီးအပိုင်ရောင်းချခြင်းစာချုပ်အမှတ်(၉/၂၀၂၀)ဖြင့် ဦးကျော်ကျော် ၁၂/လမတ(နိုင်)၀၂၅၇၄၅မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား စက်မှု/စီးပွားမြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေးဦးကျော်ကျော် ၁၂/လမတ(နိုင်)၀၂၅၇၄၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့တွင် လစ်လပ်လျက်ရှိသော ဒုတိယစာရင်းအင်းမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာ (၅၁) နေရာအတွက် သတ်မှတ်အရည်အချင်း ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူများသည် ၆-၇-၂၀၂၂ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်စေရ။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၆-၇-၂၀၂၂ ရက်နေ့တွင် အသက် (၃၅) နှစ်ထက် မကျော်လွန်စေရ။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်)

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ပညာအရည်အချင်းသတ်မှတ်ချက်မှာ-

(၁) စီးပွားရေးတက္ကသိုလ်များမှ ပညာရပ်ဆိုင်ရာ ဘွဲ့ရရှိသူများ M.P.A, M.B.A, M.Dev.S, B.Econ(Stats), B.Econ(Eco), B.Com, B.B.A, B.B.M, B.Act, B.Dev.S, B.A(Eco), B.A(B.M)

(၂) B.Sc(Stats)

(၃) B.C.Sc (သို့မဟုတ်) B.C.Tech

(၄) B.A (English)

(အထက်ပါဘွဲ့အားလုံးအတွက်မဟာဘွဲ့ရရှိသူများလည်းလျှောက်ထားနိုင်ပါသည်။)

(စ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

(ဆ) အလုပ်သမားမှတ်ပုံတင်ထားသူ ဖြစ်ရမည်။ (ဝန်ထမ်းမဟုတ်သူများ)

(ဇ) အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဈ) တိုင်းဒေသကြီး/ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများတွင် လျှောက်ထားသူများအား လျှောက်ထားသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဦးစားပေးခန့်ထားမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာပုံစံများကို ဗဟိုစာရင်းအင်းအဖွဲ့ နေပြည်တော်ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများတွင်လည်းကောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့၏ Website ဖြစ်သော https://www.csostat.gov.mm တွင်လည်းကောင်း Download ၍ ထုတ်ယူနိုင်သည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပူးတွဲပါရှိရပါမည်-

(က) ဝင်ကြေးပေးသွင်းသည့် ချလန်မူရင်း။

(ခ) ဘွဲ့လက်မှတ်မိတ္တူ။ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူ။ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) ရက်သတ္တပတ်(၂)ပတ် အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ။ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်)

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လွန်ခဲ့သော (၁) လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်း။

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း။

၅။ စာမေးပွဲဝင်ကြေး ကျပ် (၁၀၀၀/-) ကို (မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်း အမှတ် MD-010550) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့သို့ ပေးသွင်းရမည်။

၆။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးအမှတ်-၃၂)၊ နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများတွင် လည်းကောင်း ၇-၇-၂၀၂၂ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားရပါမည်။

၇။ ဝန်ထမ်းဖြစ်ပါက အပိုဒ် (၄) ပါ အထောက်အထားများပါရှိသော လျှောက်လွှာကို သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် ဗဟိုစာရင်းအင်းအဖွဲ့ရုံးသို့ ၈-၇-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ဗဟိုစာရင်းအင်းအဖွဲ့ရုံးသို့ ၇-၇-၂၀၂၂ ရက်နေ့တွင် တိုက်ရိုက်ကြိုတင် ပေးပို့ရန်ဖြစ်ပါသည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကို နေပြည်တော် (ရုံးချုပ်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဗဟိုစာရင်းအင်း အဖွဲ့ရုံးများတွင် ၂၃-၇-၂၀၂၂ ရက်နေ့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို လျှောက်လွှာတင်သွင်းခဲ့သော ဗဟိုစာရင်းအင်းအဖွဲ့ရုံးများတွင် ၁၈-၇-၂၀၂၂ ရက်နေ့မှစ၍ ထုတ်ပေးပါမည်။ ဖြေဆိုခွင့်ကတ်ပြားများ လာရောက်ထုတ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်ပါတည်း ယူဆောင်လာရပါမည်။

၁၀။ ဖြေဆိုရမည့် ရေးဖြေစာမေးပွဲ ဘာသာရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာစာနှင့် အင်္ဂလိပ်စာ (၂) နာရီမေးခွန်း

(ခ) ဘာသာရပ်ဆိုင်ရာဗဟုသုတနှင့် အထွေထွေဗဟုသုတ (၂) နာရီမေးခွန်း

ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ နှုတ်ဖြေစာမေးပွဲနှင့် ကွန်ပျူတာ စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးအမှတ်-၃၂)၊ စီမံခန့်ခွဲရေးဌာနစိတ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၆၇-၄၀၆၃၂၉၊ ၄၀၆၃၇၂ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးမောင်မောင် ၁၂/စခန(နိုင်)၀၁၂၈၅၃ နှင့် ကျွန်မ ဒေါ်ဝင်းဝင်းသန်း ၁၂/စခန(နိုင်)၀၁၃၄၉၉ တို့၏သမီး မနှင်းဦးရည် ၁၂/ကမတ(နိုင်)၀၆၅၈၀၁ သည် မိဘတို့ကို အသိပေးတိုင်ပင်ခြင်းမရှိဘဲ မိမိဆန္ဒသဘောထားအတိုင်း မိဘတို့၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ကိစ္စရပ်များကိုပြုလုပ်သွားခဲ့သည့်အတွက် ယနေ့မှစ၍ အမွေခံသမီးအဖြစ်မှအပြီးတိုင် စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမောင်မောင်**
**ဒေါ်ဝင်းဝင်းသန်း**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၆-၂၀၂၂ရက် (တနင်္လာနေ့)၊ နံနက်(၀၉:၀၀)နာရီ

**တင်ဒါပိတ်မည့်ရက်** - ၁၁-၇-၂၀၂၂ရက် (တနင်္လာနေ့)၊ ညနေ (၁၆:၀၀)နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်-

**သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်**
**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၅၀၀၇၂၈၊ ၀၉-၄၃၀၃၃၀၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၃၀၄၃၅) နှင့်(ဒ-၃၀၄၃၆) ဟုခေါ်တွင်သော အကျယ်အဝန်း (၈၀ x ၈၀)ပေရှိ မြေကွက်နှစ်ကွက်တို့အား နှစ်(၃၀)ဂရန်အမည်ပေါက် ပိုင်ဆိုင်သော Original Group Co.,Ltd. မှ ထိုဂရန်မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်နှစ်ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချလိုကြောင်း စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကအပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် Original Group Co.,Ltd ၏ ၁-၆-၂၀၂၂ ရက်တွင် ကျင်းပသော ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်အရ ယင်းမြေကွက်အမှတ်(ဒ-၃၀၄၃၅) နှင့် (ဒ-၃၀၄၃၆) တို့အား ရောင်းချရန် သဘောတူပြီး ယင်းမြေကွက်နှစ်ကွက်၏ အရောင်းအဝယ်ကိစ္စအတွက် စာချုပ်ချုပ်ဆိုခြင်း၊ အထူးကိုယ်စားလှယ်လွှဲစာ လွှဲပြောင်းခြင်း၊ စရန်ငွေလက်ခံခြင်းတို့အား Original Group Co.,Ltd. ၏ကိုယ်စား ဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းခင်မွေး ၅/ရဘန(နိုင်)၁၅၀၆၄၆ (Chief Accountant) ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ငွေအကျေပေးချေမှုနှင့် ဂရန်အမည်ပေါက် လွှဲပြောင်းခြင်းတို့ကို တည်ဆဲဥပဒေနှင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မင်းဝေ( LL.B)** **ဒေါ်နန်းသဇင်ခမ်းအောင်(LL.B,D.I.PL)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၇၂)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၉၃)**
**AGREE LAW FIRM CO.,LTD**
**အမှတ် (၆၇၇)၊ သရဖီလမ်း၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၂၅၆၉၆၉၆၈၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၅ နည်းဥပဒေ ၂၀)
## ဇမ္ဗူသီရိမြို့နယ်တရားရုံးတော်၌
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၆

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ဇမ္ဗူသီရိဘဏ်ခွဲ)(၎င်း၏ကိုယ်စား မန်နေဂျာ ဒေါ်အေးအေးစိုး) နှင့် ၁။ ဒေါ်စိုးစိုးအေး
၂။ ဆန္ဒဘုန်းပြည့်မိသားစုကုမ္ပဏီလီမိတက်(ခ) ဆန္ဒဘုန်းပြည့်မြန်မာဂရုအောဖ့်ကုမ္ပဏီလီမိတက်
၃။ ဦးပြည့်လင်းအောင်

**တရားလို** **တရားပြိုင်များ**

မိတ္ထီလာမြို့၊ ကန်သာအေးကျေးရွာအုပ်စု၊ စက်မှုဇုန်(၃)လမ်း၊ မြအထွေထွေ ဆေးကုခန်းအနီး၊ နိုင်လွင်ကုလားပဲခွဲစက်နေ ဒေါ်စိုးစိုးအေး (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သည့် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ဇမ္ဗူသီရိဘဏ်ခွဲ) ၎င်း၏ကိုယ်စား မန်နေဂျာ ဒေါ်အေးအေးစိုးက အငှားဝယ်စနစ်ဖြင့် ဝယ်ယူရာတွင် ပေးသွင်းရန်ကျန်ရှိငွေ၊ ရက်လွန်ကြေးနှင့် အတိုးငွေစုစုပေါင်း (၇၆၀၅၉၀၄ ကျပ်)ရလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၇ရက် (၁၃၈၄ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မျိုးသူဇာလင်း )**
**တွဲဖက်မြို့နယ်တရားသူကြီး( ၄ )**
**ဇမ္ဗူသီရိမြို့နယ်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၆-၂၀၂၂ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈) ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာတွင် ပျဉ်းမနားမြို့၊ ဥယျာဉ်စု ကျေးရွာအုပ်စု၊ အိုးဘိုရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ် (၃/၂၃၈)၊ ကွင်းအမှတ်နှင့် အမည် (၁၆၈၇-ဥယျာဉ်စု)၊ ဦးပိုင်အမှတ်နှင့် မြေကွက် အမှတ်(၁၁၃၃/၁၄၉၀)၊ အရှေ့အနောက်(၆၀)၊ တောင်မြောက် (၆)ပေဟု ဖော်ပြထားရာ တောင်မြောက်(၆၀)ပေဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၇၁၁)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဒေါ်သန်းသန်းလှိုင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါက်တာမိုးမိုး (ဘ) ဦးဘစိန် ၉/မနမ(နိုင်)၀၁၅၆၂၁မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကျိုင်းလပ်ကုန်သွယ်ရေးစခန်း
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ (မဲခေါင်-လန်ချန်းပူးပေါင်းမှု အထူးရန်ပုံငွေ)ဖြင့် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းတွင် တည်ဆောက်ရေးလုပ်ငန်း (၇)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား၊ တိုင်းရင်းသားဆောက်လုပ်ရေး လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | **တည်နေရာ** | | **လုပ်ငန်း** |
|---|---|---|---|
| ၂။ | ကျိုင်းလပ်မြို့ | - | ပင်မရုံး (၈၀'x၄၀'x၁၄') RC (၁) ထပ် (ရေ၊ မီး၊ မိလ္လာ Drain And Apron အပါအဝင်)<br>ကုန်စစ်စင်(၅၈'x၄၀'x၂၈') Steel Structure (၁) ထပ် (မီး၊ Drain And Apron အပါအဝင်)<br>အဝင်/အထွက်ကွန်ကရစ်လမ်း(၁၁၉၀' x ၂၄' x၂၀"ထု)<br>လုံခြုံရေးဂိတ် RC (၁)ထပ် (၁၀'x၁၀'x၁၂')<br>(မီး၊ Drain And Apron အပါအဝင်) (၂) လုံး<br>Weight Bridge (100 Ton Complete Set) Control Room (၁၀'x၂၄x၁၀') RC (၁) ထပ် အပါအဝင်<br>၆ ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၆၀'x၃၀'x၁၄') RC (၁) ထပ် (ရေ၊ မီး၊ မိလ္လာ၊ Drain And Apron အပါအဝင်)<br>စားရိပ်သာ (၄၅'x၂၀'x၁၂') သွပ်မိုး၊ သံဆန်ခါနံရံ ကွန်ကရစ်အခင်းနှင့် ဒူးပိတ်ပါအဆောက်အဦ (ရေ၊ မီး၊ မိလ္လာ၊ Drain And Apron အပါအဝင်) |
| ၃။ | **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** | - | ၉-၆-၂၀၂၂ ရက်မှ ၂၂-၆-၂၀၂၂ ရက်ထိ |
| ၄။ | **တင်ဒါပုံစံရောင်းချမည့် နေရာ** | - | တာချီလိတ်ကုန်သွယ်ရေးစခန်း(မယ်ယန်း)<br>ကျိုင်းလပ်ကုန်သွယ်ရေးစခန်း |
| ၅။ | **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် အချိန်/နေရာ** | - | ၂၂- ၆-၂၀၂၂ရက်<br>(၁၆:၀၀) နာရီထိ<br>တာချီလိတ်ကုန်သွယ်ရေးစခန်း |
| ၆။ | **တင်ဒါဖွင့်လှစ်မည့်ရက်** | - | ၂၇-၆-၂၀၂၂ရက်၊ (တနင်္လာနေ့)၊(၁၃:၀၀)နာရီ |
| ၇။ | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - | ရှမ်းပြည်နယ်အစိုးရအဖွဲ့ (တောင်ကြီးမြို့) |

၈။ သတ်မှတ်ရက်အချိန်ထက်နောက်ကျတင်သွင်းသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

၉။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကုန်သွယ်ရေးဦးစီးဌာန၊ တာချီလိတ်ကုန်သွယ်ရေးစခန်း၊ ညွှန်ကြားရေးမှူးရုံး(မယ်ယန်း)နှင့် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းတွင် နေ့စဉ်ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်-

**ကုန်သွယ်ရေးဦးစီးဌာန၊တာချီလိတ်ကုန်သွယ်ရေးစခန်း(မယ်ယန်း)**- ဖုန်း-၀၉-၅၃၂၁၃၄၂၊ ဖုန်း- ၀၉-၄၅၀၅၄၁၀၆၆
**ကျိုင်းလပ်ကုန်သွယ်ရေးစခန်း** - ဖုန်း-၀၉-၂၆၁၁၅၃၁၆၅

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း/အထက် ရပ်ကွက်၊ စကြာလမ်း၊ အမှတ်(၁၇) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၈)ထပ်တိုက်၏ (၅လွှာ) (ခေါင်းရင်းခန်း)အကျယ်အဝန်း ၁၂ ဒသမ ၅ x ၅၅ပေရှိ တိုက်ခန်းနှင့် အဆိုပါ တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ဆက်စပ်ပစ္စည်းများအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ လက်ဝယ်ထားရှိ ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်သန်း(ဘ)ဦးမောင်စံထွန်း ၁၁/အမန(နိုင်)၀၄၃၃၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးစုလှိုင်(ဘ)ဦးချစ်လှိုင် ၁၄/မမက(နိုင်)၁၁၄၅၃၅ က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးထွဋ် အထက်တန်းရှေ့နေ (စဉ်-၂၉၉၄၃)**
**(LL.B,Diploma in Business Law)**
**အမှတ်(၄၀၁/၅)၊ ၁၅၄-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၇၉၆၂၈၂၀၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၄၊ ခေမာသီရိရပ်)၊ ဦးပိုင်အမှတ် (၉၉)၊ မြေဧရိယာ ၀ ဒသမ၀၉၅ ဧကရှိ မြေကွက်သည် ဦးဗစ်တရာဗဟာဒူး အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဦးဗစ်တရာဗဟာဒူးမှာ(၂၁-၃-၂၀၁၀) ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်ချာလာမာယာမှာ (၁၀.၁၁.၂၀၁၇)ရက်နေ့တွင် လည်းကောင်း အသီးသီး ကွယ်လွန်သွားကြပြီး ၎င်းတို့၏သားများဖြစ်ကြသော ဦးယမ်းဗဟာဒူးနှင့် ဦးပီသူရာချ်တို့ နှစ်ဦးထွန်းကားခဲ့ပြီး ဦးယမ်းဗဟာဒူးနှင့် ဦးပီသူရာချ်တို့မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဖြစ်ကြောင်းနှင့် (၂၉-၁၂-၂၀၂၁)ရက်စွဲပါ အိမ်ခြံမြေကွက် အပြီးအပိုင်စွန့်လွှတ်စာချုပ် မှတ်ပုံတင်အမှတ် (၂၅၉/၂၀၂၁)အရ ဦးယမ်းဗဟာဒူးမှ ဦးပီသူရာချ်ထံသို့ အပြီးအပိုင်စွန့်လွှတ်ထားပါသဖြင့် (၁၁-၁-၂၀၂၂)ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ်(၉/၂၀၂၂)ဖြင့် ဦးပီသူရာချ်ထံမှ ဦးပိုင်(၉၉ခ)၊ မြေဧရိယာ(၀ ဒသမ ၀၅၆) ဧကအပိုင်းကို ဦးအာကာစိုး အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးအာကာစိုးအမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်းရရှိရေးအတွက် တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/2315 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၂၃၁၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ဃ/၂၄၇၁၂ Dream 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၈/တတက(နိုင်)၁၉၁၆၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ နေပြည်တော်ရုံး**

## မိဘအမည်မှန် တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ ရွာသစ်ကေရပ်ကွက်၊ မရိုစ်နီ ၁၁/မတန(ပြု)၀၀၂၄၇၇ ၏ မိဘအမည်မှန်မှာ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်တွင် (ဖခင်) ဦးရှောင်ရှုအာလောမ်(မိခင်) ဒေါ်ယာစ်မိန်ဘေဂေါမ်ဖြစ်ပြီး နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်ပြားတွင် (ဖခင်) ဦးရှောင်ရှုအာလာမ်- (မိခင်)ဒေါ်ယာစ်မိန်ဘေဂေါင် အမည်နှစ်မျိုး ဖြစ်သော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာလုပ်ကြီး ကျုံဝါး (၂)မူ/လွန်ကျောင်းမှ (ဘ) ဦးသန့်ဇော်ခိုင်၏ သား ဒုတိယတန်းအောင် မောင်လင်းသန့်အောင်အား မောင်ဟန်လင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟန်လင်းအောင်**

## အမည်ပြောင်း

ရန်ကုန်မြို့နေ ဦးတင်မောင်သန်း၏သား ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-4 နေ မောင်ဟိန်းထက်နိုင်အား မောင်သုတဆွေဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သုတဆွေ**

## အမည်ပြောင်း

ဦးနွယ်ဝင်း ၇/ပတတ(နိုင်) ၀၇၄၈၆၈ ၏ သမီး အ-ထ-က ကပစ(၁) တပ်ကုန်းမြို့ ဆဋ္ဌမတန်း Grade-6 မှ မသီတာချမ်းမြေ့စံအား မထက်မှူးရှင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မထက်မှူးရှင်**

## ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ် ပွဲကိုင်ရှင် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်နှင်းမရနိုင်၏ ဖခင် ဦးညီနိုင်၏ အမည်မှန်မှာ ဦးဆန်းညီနိုင် ၉/တတဥ(နိုင်)၀၈၅၁၂၄ ဖြစ်ပါကြောင်း။

**ဦးဆန်းညီနိုင်**

## အမည်ပြောင်း

ဦးစိုင်းစိုးတင့် ၇/ကတခ(နိုင်) ၀၁၀၉၆၆၏ သမီး ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ အ.လ.က(ခွဲ)၊ (မြို့မ) Grade-9 မှ မချမ်းမြေ့ရှင်အား ယနေ့မှစ၍ မရွှေဝတ်မှုံဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မရွှေဝတ်မှုံဦး**

## အမည်ပြောင်း

ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ အ.မ.က ရေတခွန်တောင်ပိုင်း Grade-5 တန်းမှ (ဘ) ဦးဆန်းထွန်းအောင်၏ သား မောင်ဘုန်းအာကာဦးအား မောင်ဘုန်းအာကာဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဘုန်းအာကာ**

## ဖခင်အမည်မှန်

အ.မ.က(၂၈)၊ အင်းစိန်အောင်ဆန်း၊ ဒုတိယတန်း(က)ခန်းမှ မောင်အောင်မြင့်မြတ်၏ဖခင် ဦးရာဇာထွန်း၏ အမည်မှန်မှာ ဦးဇော်ဦး ၁၂/အစန(နိုင်) ၁၈၆၄၁၈ ဖြစ်ပါကြောင်း။

## အမည်မှန်

လားရှိုးမြို့၊ အမှတ်(၉)အခြေခံပညာ အလယ်တန်းကျောင်း ပထမတန်းမှ (ဘ)ဦးမျိုးဝင်းထွန်း၏သမီး မယွန်းနဒီလှိုင်၏ အမည်မှန်မှာ မယွန်းနဒီလှိုင်(ခ) မဆုမြတ်နိုးအေး ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊အ-ထ-က(၂)၊ GRADE-6 မှ နန်းခင်ထားနွယ်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမြင့်မောင်(ခ)ဦးမြင့်အောင် ၁၃/ကမန(နိုင်)၀၈၅၄၅၈ ဖြစ်ပါကြောင်း။

**ဒေါ်နန်းဦး**

## အမည်ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၉) အခြေခံပညာ အလယ်တန်းကျောင်း ဒုတိယတန်းမှ (ဘ) ဦးဇော်ထက် ၁၃/ကလတ(နိုင်) ၀၃၃၃၅၀ နှင့် ဒေါ်သူသူဝင်း ၁၂/ဒဂမ(နိုင်) ၀၀၆၅၁၂ တို့၏ သား မောင်သူရဘုန်းထက်အား ယနေ့မှစ၍ မောင်သူရဘုန်းထက်အစား မောင်လင်းသုတအောင်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိက တာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီးဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း (တည်သီးတော)၌ စာသင်ကြားလျက်ရှိသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် Drone ယာဉ်များ အသုံးပြုကာ လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်

နေပြည်တော် ဇွန် ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း (တည်သီးတော) အား PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် Drone ယာဉ်များ အသုံးပြုကာ ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း (တည်သီးတော)၌ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စာသင်ကြားပေးနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် Drone ယာဉ်များ အသုံးပြု၍ လက်လုပ်ဗုံးသီးများဖြင့် လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်ခဲ့ပြီး အဆိုပါ Drone များသည် ကျောင်း၏အနောက်တောင်ဘက်သို့

*စာမျက်နှာ ၂၂ ကော်လံ ၁* ❑



ဗုံးသီးနှစ်လုံးကျရောက်သည့် ကျောင်းအဆောက်အဦနှင့် ကျောင်းခေါင်မိုးပေါက်ကွဲပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



သိမ်းဆည်းရရှိသည့် DJI-1313 အမျိုးအစား Drone ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

**ယနေ့** သတင်းအညွှန်း

**လှိုင်သာယာမြို့နယ် အောင်မေတ္တာရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် တရားခံများအား ပြစ်ဒဏ်ချမှတ်**

ပြည်တွင်းသတင်း စာမျက်နှာ - ၁၃

**မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀ ဖမ်းဆီးရမိ**

မှုခင်းသတင်း စာမျက်နှာ - ၂၂

## အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု (က) တွင် ပါဝင်

ရန်ကုန် ဇွန် ၉

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဇွန် ၉ ရက်က ပြုလုပ်ရာ မြန်မာအသင်းသည် အုပ်စု (က) တွင် ပါဝင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်လျက်ရှိသည်။ ပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၁၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အိမ်ရှင် အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် မလေးရှား၊ လာအို၊ တီမော၊ ကမ္ဘောဒီးယားနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၀၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နှစ်စဉ် ပြုလုပ်သည့် ပြိုင်ပွဲဖြစ်သော်လည်း အချို့နှစ်များတွင် ကျင်းပနိုင်ခြင်းမရှိသဖြင့် ယခုနှစ်တွင် (၁၈) ကြိမ်မြောက်

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖